ဓမ္မဘောရီ

# ဓမ္မဘောရီအရှင်ဝီရိယ (တောင်စွန်း)

# ဖောင်ဖျက်တိုက်ပွဲ နှင့်

# မထေရ်မြတ်တို့စကားဝိုင်း(၄)





ဖောင်ဖျက်ပြီး တိုက်ပွဲဝင်တယ်ဆိုတာ
စိတ်ဓာတ်ကလည်း သမာဓိခံတပ်နဲ့
အခိုင်အမာ တည်ဆောက်ထားပြီး ဖြစ်မှ၊
ရည်မှန်းချက် ပန်းတိုင်ကို အသေအချာ သတ်မှတ်ပြီး၊
လိုအပ်တဲ့အရည်အချင်း ပြည့်စုံအောင်လည်း
တည်ဆောက်ပြီး ဖြစ်မှ…။
မိုက်ရူးရဲစိတ်ဓာတ်မျိုးနဲ့ ဖောင်ဖျက် တိုက်ပွဲဆင်ရင်တော့
အောင်ပွဲမဆင်နိုင်ဘဲ သောင်ပြင်လွှတ်တဲ့ ခွေးလို
နိဂုံးချုပ်ရ လိမ့်မယ်။

# ဖောင်ဖျက်တိုက်ပွဲနှင့် မထေရ်မြတ်တို့စကားဝိုင်း (၆)

## ဓမ္မဘောရီ အရှင်ဝီရိယ (တောင်စွန်း)

ဖြန့်ချိရေး
ရာပြည့်စာအုပ်ဆိုင်
အမှတ် ၄၁၆၊ မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထောင့်၊
ရန်ကုန်မြို့။ ဖုန်း၊ ၀၁-၇၁၀၁၀၃

## မာတိကာ


| | | |
|---|---|---|
| ၁။ | လိုမတ ရ | ၁ |
| ၂။ | သောကချေရာ သာသနာ | ၁၂ |
| ၃။ | ဖောင်ဖျက်တိုက်ပွဲ | ၂၄ |
| ၄။ | သားသမီးကောင်းမိဘဖြစ်ကြဖို့ | ၃၄ |
| ၅။ | အိုလေကောင်းလေ ဟောင်းလေသစ်လေ | ၅၁ |
| ၆။ | ဒုက္ခကို ဒဏ်ခတ်ကြစို့ | ၆၉ |
| ၇။ | မှန်၊ ကောင်း၊ သက်သာ | ၇၉ |
| ၈။ | ကျော်ကြားမှု၊ ကုသိုလ်နှင့်ပါရမီ | ၈၉ |
| ၉။ | ပြည့်စုံမှု သံသရာ | ၉၉ |
| ၁၀။ | ဖြတ်စားနဲ့ စွန့်စား | ၁၀၉ |
| ၁၁။ | အတွေးဟောင်းနဲ့ အတွေးသစ် | ၁၁၉ |
| ၁၂။ | အိုးစိုက်ပန်းနဲ့ သစ်ပင် | ၁၃၀ |
| ၁၃။ | ဂုဏ်နဲ့သိက္ခာ | ၁၄၁ |
| ၁၄။ | ဆီးဖြူသီးနဲ့ပဲ ငါးမျှားပါရစေ | ၁၅၃ |
| ၁၅။ | လိုက်ရှာတဲ့တာဝန်နဲ့ ရောက်လာတဲ့တာဝန် | ၁၆၃ |
| ၁၆။ | ဘုရားရှင်အာဏာစက် တည်စေသော် | ၁၇၁ |
| ၁၇။ | ကံဆိုးလို့ ဆင်းရဲသူ ရှိနိုင်ပါသလား | ၁၈၂ |

# လိုမတ ရ

**"မောဓိဉာဏ်ရဲ့ အဆောက်အအုံဖြစ်တဲ့ ပါရမီဖြစ်စဉ် ကာလတစ်လျှောက်လုံး မနှိုင်းယှဉ်တဲ့ ကုသိုလ် ဟူသမျှ ကိုယ့်အတွက် လုံးဝ ငဲ့ကွက်ခြင်း မရှိဘဲ ပြုလုပ်ခဲ့တာ ဖြစ်လို့ 'လိုတာမရတဲ့ ဒုက္ခ' ဘယ်တော့မှ မရှိဘူး။"**

**[ဥဒါန်း– ဥပေါနသုတ်–ပါ–ဠ]**

ဒုက္ခသစ္စာမှာ မြတ်စွာဘုရားရှင် ဟောထားတဲ့ ဒုက္ခတွေ တစ်လှောချင်းစီထဲက ဒီနေ့ လူများစု 'ခံစားသိ'အဖြစ်ဆုံး ဒုက္ခကတော့ လိုတာမရခြင်းဆိုတဲ့ ဣစ္ဆာအလာဘ ဒုက္ခ ပဲလို့ ထင်ပါတယ်။ ဒုက္ခအားလုံးက လွတ်မြောက်လိုပါ တယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကို 'လောလောဆယ် ဘယ်ဒုက္ခ က အလွတ်ချင်ဆုံးလဲ'လို့ မေးကြည့်ရင်လည်း မလိမ် မညာတမ်း ဝန်ခံကြမယ်ဆိုရင် 'လိုတာမရတဲ့ ဒုက္ခက အလွတ်ချင်ဆုံးပါ'လို့ပဲ ဖြေမယ် ထင်ပါတယ်။

အဲ– တရားပွဲလို ပရိသတ်စုံတဲ့ နေရာမျိုးမှာ

ဆိုရင်တော့ 'ဒုက္ခအာလုံးက လွတ်မြောက်ရာ နိဗ္ဗာန်ကိုသာ အလိုချင်ဆုံးပါဘုရား'လို့ ဟန်ဆောင်ပန်ဆောင်ဖြေကြတာမျိုးတော့ ရှိမှာပေါ့။ မိမိ မေးကြည့်ဖူးသမျှပရိသတ်တွေလည်း ဒီလိုဖြေကြတာ များပါတယ်။ ဒီအဖြေကို ကြားရတိုင်းလည်း အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူတဲ့ စကားကို အမြဲတမ်းပြေးပြီး သတိရမိလေ့ ရှိပါတယ်။

တစ်ခါက မစိုးရိမ်ဆရာတော်ဘုရားကြီး မန္တလေးက ရန်ကုန်ကို ရထားနဲ့ကြွလာတဲ့အခါ သာစည်ဘူတာရောက်တော့ မြင်းခြံတို့ မိတ္ထီလာတို့ဘက်က စာရင်းစစ်ပြီး ပြန်လာတဲ့ စာရင်းစစ် ဒကာကြီးတစ်ဦး ဆရာတော်စီးတဲ့တွဲပေါ် တက်လာပါသတဲ့။ ဆရာတော်ကြီးကို တွေ့တဲ့အခါ ရဟန်းတော်များနဲ့ တစ်တန်းတည်းမနေရဲဘူးဆိုပြီး ထိုင်ခုံမှာ မနေဘဲ အောက်မှာပဲ နေရာခင်းပြီး နေပါတယ်။ ပြီးတော့မှ ဆရာတော်ကြီးကို 'အရှင်ဘုရားတို့လို သံဃာတော်များနဲ့ တွေ့ကြုံရခဲပါတယ်ဘုရား၊ တွေ့တုန်း ကြုံတုန်း တပည့်တော်ကို တရားလေး နည်းနည်းဖြစ်ဖြစ် ဟောတော်မူပါ'လို့ လျှောက်ထားပါတယ်။ 'ဘာကြောင့် တရားနာချင်တာလဲ' လို့ မေးတော့ 'နိဗ္ဗာန်ရောက်ချင်လို့ပေါ့ ဘုရား'တဲ့။ 'ဒီလိုဆိုရင် ဒကာကြီးကို ဘုန်းကြီးမေးမယ်၊ မှန်မှန်ဖြေမလား'ဆိုတော့ 'တပည့်တော် မလိမ်တတ်ပါဘူးဘုရား'တဲ့။

'ဒကာကြီး နိဗ္ဗာန်နဲ့ငွေ ဘယ်ဟာကို ပိုကြိုက်သလဲ'

'နိဗ္ဗာန်ကိုသာ ရမယ်ဆိုရင် ငွေဘာလုပ်ဖို့လဲဘုရား'

'မဟုတ်သေးပါဘူး၊ ဒကာကြီးက စာရင်းစစ်ဆိုတော့ ဂဏန်း(သင်္ချာ)ကို ပိုပြီး နားလည်ပါတယ်။ သင်္ချာသမားဆိုတာ သဘောဉာဏ်လည်း ပိုပြီးကြီးပါတယ်။ သေသေချာချာ တွက်ချက်ပြီးမှ ဖြေပါနော်။ ကိုယ့်စိတ်ကိုယ် မေးကြည့်ပါ။ နိဗ္ဗာန်ကို တကယ်လိုချင်ရဲ့လားဆိုတာ'

'တကယ်လိုချင်ပါတယ် ဘုရား'

'ဒကာကြီး ဘုန်းကြီးကို မလိမ်ကောင်းဘူးနော်၊ လိမ်တယ်ဆိုတာ ဘာမှ အကျိုးမရှိဘူး။ မှန်မှန်ဖြေပါ။ နိဗ္ဗာန်ကို တကယ်လိုချင်ရဲ့လား'

'အို–အရှင်ဘုရားတို့လို ဆရာတော်ကြီးများကို တပည့်တော် ဘယ်လိမ်ဝံ့ပါ့မလဲ။ မှန်တဲ့အတိုင်းလျှောက်ထားတာပါ။ ငွေက ဘာအသုံးကျလို့လဲ၊ တပည့်တော် နိဗ္ဗာန်ကို တကယ်လိုချင်ပါတယ်ဘုရား'

'ကဲ... ဒီလိုဆိုရင် ဒကာကြီး အခုနိဗ္ဗာန်ရဖို့ လည်ပြီး ရှာနေတာလား။ ငွေရဖို့ လည်ပြီး ရှာနေတာလား'ဆိုတော့ စာရင်းစစ်ဒကာကြီးက ပြုံးစိစိနဲ့ 'တပည့်တော် လိမ်လိုတဲ့စိတ်မျိုးလည်း မရှိပါဘူး။ လိမ်တာလည်း မဟုတ်ပါဘူး။ အမှတ်တမဲ့ ပြောမိတာပါ။

သည်းခံ ခွင့်လွှတ်တော်မူပါ။ တပည့်တော် ငွေနဲ့ နိဗ္ဗာန် နှစ်မျိုးတည်းဆိုရင်တော့ နိဗ္ဗာန်ကို မလိုချင်ပါဘူး။ ငွေကို လိုချင်ပါတယ်ဘုရား"

'အဲ... အဲ... ဒါမှ မှန်တယ်၊ နောက်ဆိုရင် ဘယ်ဘုန်းကြီးနဲ့တွေ့တွေ့ တပည့်တော် နိဗ္ဗာန်ကို မလိုချင်သေးလို့ "နိဗ္ဗာန်လိုချင်အောင် တရားဟောပေးတော်မူပါဘုရား"လို့ အရင်လျှောက်ထားရမယ် ဒကာကြီး။ ခက်တာက တကယ်မလိုချင်သေးဘဲနဲ့ လိုချင်တယ်လို့ ထင်နေကြတယ်'လို့ မိန့်ကြားလိုက်ပါသတဲ့။

**(ထေရုပ္ပတ္တိကထာ-၁၉၅)**

လောကရေးလည်း မဖျင်း၊ ဓမ္မရေးလည်း မကင်းလိုကြတဲ့ ဗုဒ္ဓဘာသာဝင်တို့အတွက် ကိုယ်လည်း ဝမ်းသာ၊ အများလည်း သာဓုခေါ်စရာဖြစ်အောင် လိုချင်တာလည်းရ၊ နိဗ္ဗာန်ကိုလည်း အထောက်အကူဖြစ်တယ်ဆိုရင်တော့ ပိုပြီး သဘောကျကြမယ် ထင်ပါတယ်။ အဲဒီအတွက် အတုယူ အားကျချင်စရာ ကလေးတစ်ခုကို နောက်ခံအဖြစ်အပျက်ကလေးပါ ပြောပြချင်ပါတယ်။

မြတ်စွာဘုရားရှင်နဲ့ နောက်ပါရဟန်းတော်တွေ အများကြီးနဲ့အတူ မဇ္ဈိမဒေသရဲ့ အရှေ့တောင်ထောင့် အစွန်ဆုံးအပိုင်းအခြားဖြစ်တဲ့ မလ္လတိုင်း 'ထူဏ'ပုဏ္ဏားရွာကို ဒေသစာရီကြွတော်မူတဲ့အခါ သတင်းစကားကို ကြိုတင်ကြားသိကြတဲ့ ထူဏရွာသား ပုဏ္ဏားတို့က

'တကယ်လို့ ရဟန်းဂေါတမနဲ့(ဒါဟာ ဘုရားရှင်ကို မကြည်ညိုကြသေးတဲ့ ပုဏ္ဏားတို့သုံးလေ့ရှိတဲ့ ဝေါဟာရ ပါ) တပည့်သာဝကတွေ ဒီရွာမှာ နှစ်ရက်သုံးရက် လောက် နေသွားကြမယ်ဆိုရင် ဒီရွာသူ ရွာသားတွေ ရဟန်းဂေါတမရဲ့ တရားစကားကို လက်ခံသွားကြ လိမ့်မယ်။ ဒီလိုဖြစ်သွားရင် တို့ရဲ့ ဗြာဟ္မဏဓမ္မက ထောက်တည်ရာမရ ဖြစ်သွားနိုင်တယ်။ ဒီတော့ ရဟန်း ဂေါတမနဲ့ သူ့တပည့်တွေ ဒီရွာမှာ မနေနိုင်အောင် လုပ်ရမယ်။ ဒီရွာမှာ ရေတွင်း တစ်တွင်းက လွဲလို့ တခြားမှာ ရေမရှိဘူး။ ဒီရေတွင်းကို သုံးမရအောင် လုပ်ထားလိုက်ရင် ရဟန်းဂေါတမနဲ့ တပည့်တွေ ဒီရွာကို ဝင်လာကြတော့မှာ မဟုတ်ဘူး'လို့ တိုင်ပင်ပြီး ရွာသူရွာသားတွေကို ခုနစ်ရက်စာရေကို သယ်ယူလှောင် ထားစေပြီး ရေတွင်းကို မြက်တွေ ကောက်ရိုးတွေနဲ့ ဖို့ပစ်လိုက်ကြတယ်။

မြတ်စွာဘုရားရှင်က ထူဏရွာအနီးရေတွင်း နဲ့ မလှမ်းမကမ်းလောက်ရောက်တဲ့အခါ လမ်းဘေးမှာ ရှိတဲ့ သစ်ပင်ရင်းမှာခဏနားပြီး အရှင်အာနန္ဒာ ခင်းပေး တဲ့ နေရာမှာ ထိုင်လိုက်တယ်။ ပြီးတော့ အရှင်အာနန္ဒာ ကို 'ဟောဟိုရေတွင်းက ရေကိုသွားယူခဲ့'လို့ မိန့်ကြား လိုက်ပါတယ်။

ထူဏရွာဟာ ပုဏ္ဏားလူမျိုးအများစုနေတာဖြစ် လို့ ပုဏ္ဏားရွာလို့ ခေါ်ပေမယ့် တခြားလူမျိုးတွေလည်း

ရှိပါတယ်။ တစ်ရွာလုံး ဘုရားရှင်ကို မကြည်ညိုကြတာ လည်း ဟုတ်ပုံမရပါဘူး။ ကြည်ညိုသူ အနည်းအပါး ရှိမှာပါ။ ဒါကြောင့် ပုဏ္ဏားတွေက ဘုရားရှင်နဲ့တပည့် ရဟန်းတွေ ရေသောက်စရာမရနိုင်အောင် ရေတွင်းကို မြက် ကောက်ရိုးတွေနဲ့ဖို့ပြီး ပိတ်လိုက်တဲ့အကြောင်း အရှင်အာနန္ဒာဆီ သတင်းစကား လျှောက်ထားပြီးလို့ အရှင်အာနန္ဒာက အကြောင်းစုံသိပြီးပါပြီ။

ဒါကြောင့် မြတ်စွာဘုရားရှင်က ရေအခပ်ခိုင်း တဲ့အခါ ဖြစ်ကြောင်းစုံလင်ကို ပြန်ကြားလျှောက်ထား ပါတယ်။ မြတ်စွာဘုရားရှင်က သုံးကြိမ်မြောက် တိုက် တွန်းပြီဆိုရင်တော့ ဆက်ပြီး ငြင်းပယ်ခြင်း မပြုဘူး 'ရှေ့ရေးအထိ သိမြင်နိုင်စွမ်းရှိတဲ့ ဘုရားအနေနဲ့ အကြောင်းတစ်ခုခုကို သိမြင်ပြီး ဖြစ်လိမ့်မယ်'လို့ သဘောပေါက်ပြီး ခိုင်းတဲ့အတိုင်း ဆောင်ရွက်ရမြဲ ဖြစ်ပါတယ်။

ထင်တဲ့အတိုင်းပါပဲ၊ အရှင်အာနန္ဒာ ရောက်သွား တဲ့အချိန်မှာတော့ ရေတွင်းထဲမှာ သန့်ရှင်းကြည်လင် တဲ့ရေတွေ တွင်းနှုတ်ခမ်းနဲ့ အညီလောက် ပြည့်နေပြီ။ မြက်မှိုက်တွေ၊ ကောက်ရိုးမှိုက်တွေလည်း ရေအလျှံက တွန်းထုတ်ဖယ်ရှားပစ်လိုက်လို့ ဘေးကို ရောက်ကုန် ပါပြီ။ ရေနည်းချိန်ဖြစ်တဲ့အတွက် အရင်က ရေပုံးကို ကြိုးရှည်ရှည်တပ်ပြီး ငင်ကြရပေမယ့် ခုတော့ သပိတ်နဲ့ အသာခပ်ယူလို့ ရနေပြီ။ အရှင်အာနန္ဒာ မထေရ်က

တော့ 'ဒါဟာ ဘုရားရှင်ရဲ့ ဘုန်းတန်ခိုးအာနုဘော်ကြောင့် ခုလိုဖြစ်ရတာပဲ'လို့ တွေးတောရေရွတ်ရင်း အံ့ဩဝမ်းသာနဲ့ ရေကိုခပ်ယူပြီး ဘုရားရှင်ကို ဆက်ကပ်ပါတယ်။

ဒီနေရာမှာ အရှင်အာနန္ဒာကို ရေအခပ်ခိုင်းတာဟာ ရေကို သောက်လိုတဲ့အတွက် မဟုတ်ပါဘူး။ ထူဏ ရွာသားတို့ရဲ့ မလျော်ကန်တဲ့ အပြုအမူကို သိတော်မူတဲ့အတွက် မိမိရဲ့ အာနုဘော်ကို ထင်ရှားပြပြီး အပြစ်ကင်းအောင် ဆုံးမလိုတဲ့ ရည်ရွယ်ချက်နဲ့ အခပ်ခိုင်းတာပါ။ ဒါကြောင့်လည်း အရှင်အာနန္ဒာကို တိုက်တွန်းတဲ့အခါမှာ မဟာပရိနိဗ္ဗာနသုတ်မှာလို 'ပိပါ တော့သို့ = ငါရေဆာနေပြီ'ဆိုတဲ့ စကားကိုမဆိုတာပါ။

အရှင်အာနန္ဒာမထေရ် ရေခပ်ယူပြီးတဲ့ အခါမှာတော့ ရေတွေက အလျှဉ်အဟုန် ပိုကြီးလာပြီးတော့ တွင်းနှုတ်ခမ်းကို ကျော်လွန် စီးထွက်လာတဲ့အတွက် ထူဏရွာ ဝန်းကျင်က ခြောက်ခန်းနေတဲ့ အင်းအိုင် ရေကန်တွေရော အနိမ့်ပိုင်းတွေပါ ရေတွေနဲ့ ပြည့်ကုန်ပါတော့တယ်။ ဒီလို အံ့ဖွယ်သရဲ ထူးကဲတဲ့အဖြစ်ကို တွေ့မြင်ရတဲ့အခါမှာတော့ ထူဏရွာသား ပုဏ္ဏားများလည်း အံ့ဩထိတ်လန့်ဖြစ်ပြီး သူတို့ရဲ့အပြစ်ကိုသိမြင်လာကြလို့ ရွာက အစုလိုက်အပြုံလိုက် ထွက်လာကြကာ မြတ်စွာဘုရားထံမှာ သူတို့လုပ်ခဲ့သမျှကို ဖွင့်ဟဝန်ခံကြတယ်။ "အသက်မရှိတဲ့ ရေတွင်းကတောင် အရှင်ရဲ့

ဂုဏ်ကို သိတဲ့အလား မြက်အမှိုက်များကို အလိုလို ဖယ်ရှားပြီး အလျှင်းသန့်ရှင်းတဲ့ ရေကို ဖြစ်ပေါ်ပေး တယ်။ ကျွန်ုပ်တို့က လူဖြစ်ပါလျက် အရှင့်ဂုဏ်ကို မသိတတ်ကြလို့ မှားရှိသမျှ ခွင့်လွှတ်တော်မူပါ'လို့ လည်း တောင်းပန်ကြတယ်။

မြတ်စွာဘုရားရှင်က ကျေနပ် ခွင့်လွှတ်ပါ ကြောင်း မိန့်ကြားပြီး အားလုံး စိတ်ကြည်လင် အေး ချမ်းသွားတဲ့အခါမှာ တရားဓမ္မ ဆုံးမ ဟောကြားတော် မူတဲ့အတွက် ကြည်ညိုတဲ့စိတ်တွေ ဖြစ်ပေါ်သွားကြပြီး မြတ်စွာဘုရားကို အရိုအသေ ရှိခိုးဝတ်ပြုကြကာ ပြန် သွားကြပါတော့တယ်။

ဒီလို အံ့ဖွယ်ထူးကဲမှု ဖြစ်ရပ်ဟာ ဘုရားရှင်တို့ ရဲ့ အဓိဋ္ဌာန်တန်ခိုးကြောင့် ဖြစ်တာလည်း မဟုတ်ဘူး။ နတ်တို့ရဲ့ တန်ခိုးအာနုဘော်ကြောင့် ဖြစ်တာလည်း မဟုတ်ပါဘူး။ ဝေသာလီပြည်ကို ရတနသုတ် ဟော ကြားဖို့ ကြွရောက်တော်မူစဉ်ကလိုပဲ ဘုရားရှင်တို့ရဲ့ ပါရမီဖြည့်စဉ် ကာလတစ်လျှောက် ပြုခဲ့တဲ့ ကောင်းမှု တို့ရဲ့ အာနုဘော်ကြောင့်သာ ဖြစ်ရတာပါ။ (ဥ- ဒါန- ဌ- ၃၄၆)

'တန်ခိုး'ဆိုတာ အဘိညာဉ်နဲ့ အဓိဋ္ဌာန်ရတဲ့ အစွမ်းဖြစ်ပြီး အာနုဘော်ဆိုတာ ပြုလုပ်ခဲ့တဲ့ ကောင်းမှု ရဲ့ အကျိုးပေးဖြစ်ပါတယ်။ ဧရာဝတီတိုင်းမှာ မိုးခေါင် ရေရှားတဲ့အဖြစ်နဲ့ ကြုံရစဉ်က လယ်တီဆရာတော်

ဘုရားကြီးကို ပရိတ်ရွတ်ဖို့ ပင့်လျှောက်ကြလို့ ဆရာတော်ကြီး ကြွလာတော့ ဆရာတော်ကြီးပါလာမယ့် သင်္ဘောဆိပ်ကမ်းကို မရောက်သေးခင် လူတွေထွက်ပြီး စောင့်ကြိုနေကြတုန်းမှာပဲ မိုးတွေ ရွာချတယ်ဆိုတာဟာ ဆရာတော်ကြီး မပြတ်ပြုလုပ်ခဲ့တဲ့ သံဃာ့သောက်ရေသုံးရေကို ကိုယ်တိုင်ဖြည့်ခဲ့တဲ့ ကုသိုလ်ကြောင့်လို့ ဆရာတော်ကြီး ကိုယ်တိုင် မိန့်ကြားကြောင်း မှတ်သားရဖူးပါတယ်။ အဲဒီဖြစ်ရပ်ဟာ 'တန်ခိုး'မဟုတ်ဘူး။ ကောင်းမှုရဲ့အကျိုး 'အာနုဘော်'လို့ ဆိုလိုတဲ့သဘောပါ။ 'လက်ညှိုးညွှန်ရာ ရေဖြစ်တယ်'ဆိုတာလည်း အလားတူပါပဲ။

အဓိဋ္ဌာန်နဲ့ ဆောက်တည်ရတဲ့ တန်ခိုးအဘိညာဉ် မပါဘဲ မိမိအလိုတော်ရှိကာမျှနဲ့ လိုအပ်သမျှ ပြီးပြည့်စုံအောင် ဖြစ်ပေါ်လာရပုံကို သိမြင်တော်မူတဲ့အတွက် ဒီအကြောင်းအရာကို ထင်ရှားဖို့ ဘုရားရှင်က သဗ္ဗညုတဉာဏ်တော်ကို ရဖို့အတွက် အရင်းမူလဖြစ်တဲ့ ပါရမီကုသိုလ်တို့ကို ဖြည့်ကျင့်တဲ့ကာလတစ်လျှောက် အရေအတွက်အတိုင်း အရှည်ပမာဏမရှိ များပြားလှတဲ့ ကုသိုလ်တွေဟာ (မိမိအတွက် တစ်စုံတစ်ရာ ငဲ့ကွက်ကြံစည်ခြင်း မရှိဘဲ လောကအကျိုးအတွက် သက်သက်ကိုသာ ရည်မှန်း၍ ပြုလုပ်ခဲ့တာဖြစ်လို့) အနှိုင်းမဲ့ကုသိုလ်၊ တောင့်တမဲ့ ကုသိုလ်တွေဖြစ်တယ်။ ဒီကုသိုလ်အဆောက်အအုံတွေကို ပြုကျင့်ခဲ့တဲ့ မူလအချိန်ကစပြီး

မိမိအတွက် ငဲ့ကွက်တောင့်တမှု တဏှာကို ဖြတ်တောက်ခဲ့တဲ့ ဘုရားရှင်တို့အဖို့ ဘယ်အချိန်ကာလမဆို၊ ဘယ်နေရာမှာမဆို ဆေးဆိုးရန်ဆိုးများနဲ့ တွေ့ကြုံရစေဦးတော့ (လွတ်မြောက်လိုတယ်ဆိုရင် လွတ်မြောက်ဖို့အတွက် တောင့်တစရာ မလိုဘူး) အလိုရှိကာမတ္တနဲ့ပဲ လိုအင်ဆန္ဒအားလုံး အလိုလို ပြည့်စုံတယ်။ ခုလို ရေလောက်ကိစ္စကလေးအတွက် ဘာပြောစရာ ရှိမလဲ။

တဏှာနဲ့ လုံးထွေးရစ်ပတ်နေတဲ့ သတ္တဝါတွေဟာ ကောင်းမှုကို (အစင်ကြယ်) မပြုလုပ်ကြတဲ့အတွက် လိုတာကို တနေကြပေမယ့် မရတဲ့ (ဣစ္ဆိတ အလာဘ) ဒုက္ခကြောင့် ပင်ပန်းဆင်းရဲကြရတယ်။ ငဲ့ကွက် တောင့်တမှုတွေ တဏှာကို အရင်းမူလကတည်းက ဖြတ်တောက်ခဲ့တဲ့ ဘုရားရှင်တို့အဖို့တော့ ရေကိုဖြစ်စေ၊ တခြားပစ္စည်းကိုဖြစ်စေ တောင့်တရှာဖွေစရာ မလိုဘူး။ တောင့်တတာကို မရတဲ့ ဣစ္ဆိတ အလာဘဒုက္ခဆိုတာလည်း ဘယ်တော့မှ မရှိဘူး။ လိုကာမတ္တနဲ့ပဲ မတာဘဲ ပြည့်စုံတယ်လို့ အဓိပ္ပာယ်ရတဲ့ ဥဒါန်းကို ကျူးရင့်တော်မူပါတယ်။

ဆရာတော်ကြီးတစ်ပါး မိန့်ကြားဖူးတဲ့ စကားလည်း ရှိပါတယ်။ 'အလှူပွဲလုပ်တဲ့ လူတွေတော့ တော်တော်များတယ်ကွာ၊ ကုသိုလ်ကောင်းမှုလုပ်တဲ့ လူကတော့ အတော်ရှားတယ်ကွ၊ "အလှူ"ကို ကိုယ်ကျိုးအတွက် အတိုးပေးသလို သဘောထားပြီး တောင့်တ

ပြုလုပ်နေကြတာ များတယ်။ ဒီကြားထဲ ပျော်ပွဲရွှင်ပွဲတွေနဲ့ လောကဂုဏ်ကိုပါ တွဲပြီး ရလိုက်ချင်ကြသေးတယ်ဆိုတော့ "ကုသိုလ်တစ်ပဲ ငရဲတစ်ပိသာ"ဆိုသလိုဖြစ်နေကြတာ ဘယ်လိုလုပ်ပြီး လက်တွေ့ထင်ရှားတဲ့အကျိုးကို ပေးတော့မလဲ' တဲ့။

ဘုရားအလောင်းတို့ပြုတဲ့ ကုသိုလ်တွေဟာ ကိုယ်ကျိုးအတွက် တောင့်တတဲ့ တဏှာမပါအောင် ဖြတ်တောက်ပြီး ကောင်းမှုစစ်စစ်များဖြစ်အောင် ပြုခဲ့တာဖြစ်လို့ **'လိုတမရ ဆိုတဲ့ ဒုက္ခ'**ဘယ်တော့မှ မကြုံရဘဲ **'လိုတာကို မတဘဲ ရတဲ့သုခ'**နဲ့ ပြည့်စုံရတဲ့အပြင် တဏှာကို အရင်းကစပြီး ခွာချခဲ့တာဖြစ်လို့ တဏှာကုန်ခန်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ ပါရမီ (အမြတ်ဆုံးအနိုင်းမဲ့အဆင့်ကို ရောက်နိုင်ကြောင်း အထောက်အပံ့) လည်း ဖြစ်ပါသတဲ့။

လိုရာမတ ရတဲ့သုခနဲ့ ပြည့်စုံကြပါစေ။

❑

## သောကချေရာ သာသနာ

**"နွေဦးအစ ပထမဆုံးလ အပူဆုံးရာသီမှာ ကိုင်းဖျားအထိ ပင်လုံးကျွတ် ပွင့်ဖူးဝေဆာနေတဲ့ တောအုပ်ကြီးပမာ၊ သောကဒုက္ခ အပူဟူသမျှတို့ အေးငြိမ်းရာကို ပေးစွမ်းနိုင်တဲ့ တရားမြတ်သခင် မဟာကရုဏာရှင် မြတ်စွာဘုရားဆိုတာ လောကရတနာ အားလုံးတို့ထက် မွန်မြတ်လှပါပေတယ်။"**

**[ရတနသုတ်]**

မဟာကရုဏာရှင်၊ သဗ္ဗညုဉာဏ်တော်ရှင် မြတ်စွာဘုရားရဲ့ တရားဒေသနာတော်ဟာ ကိလေသာအပူစတ်အားလုံးကို ချေဖျက်နိုင်စွမ်း ရှိတော်မူပုံနဲ့ ပတ်သက်လို့ ရတနသုတ်တော်မှာ 'ပင်လုံးကျွတ်ကိုင်းဖျားတိုင် ပွင့်လန်းဝေဆာနေတဲ့ တောအုပ်ကြီးသဖွယ်'လို့ ဥပမာပြုထားပါတယ်။

ဟုတ်ပါတယ်။ တစ်ပင်တည်း ထီးထီးကြီးဆိုတာ ပင်စည်က ဘယ်လောက်ပဲကြီးကြီး၊ အကိုင်း

အခက်တွေ ဘယ်လောက်ပဲဖြာဖြာ၊ အပွင့်အရွက်တွေနဲ့ ဘယ်လိုပဲ ဝေဆာနေတယ်ဆိုဦးတော့ နံနက်အချိန် ဆိုရင် အနောက်ဘက်ကို အရိပ်က ရောက်နေမယ်၊ ညနေချိန် ရောက်တော့ အရှေ့ဘက်ဆီမှာသာ အရိပ် ပေးနိုင်တော့မယ်။ မွန်းတည့်ချိန်ကျတော့လည်း ပင်ခြေ တစ်ဝိုက်မှာပဲ အေးမြနိုင်စွမ်းရှိတာမို့ အချိန်မရွေး အရပ် ဒေသမရွေးက ရောက်လာသမျှတို့ကို တစ်ပြိုင်နက် အေးချမ်း နှစ်သိမ့်စေနိုင်လိမ့်မယ် မဟုတ်ပါဘူး။

အပင်ချင်းဆက် ကိုင်းချင်းယှက်ပြီး အရွက် အပွင့်တို့ ထိစပ်ဝေဖြာနေတဲ့ တောအုပ်ကြီးမျိုးကသာ ဘယ်အချိန်မှာမဆို ဘယ်အရပ်ကပဲလာလာ တစ်ပြိုင် နက် အေးမြစေနိုင်တာပါ။

မြတ်စွာဘုရားရှင်တို့ဆိုတာ သဗ္ဗညုတ ဉာဏ် တော်ရှင်ဖြစ်တာနဲ့အညီ အရပ်ဆယ်မျက်နှာလုံးကို နှံ့စပ် အောင် ကြည့်ရှုနိုင်စွမ်းရှိသလို ကြီးမားတဲ့ ကရုဏာ အအေးဓာတ်နဲ့ ဦးရေလည်း အကန့်အသတ်မရှိ၊ အပူ သည် အမျိုးအစားနဲ့ အပူချိန်ပမာဏလည်း အကန့် အသတ်မရှိဘဲ သန္တတိအမတ်ကြီးတို့လို ရာဂရူး အပူ သည်ပဲဖြစ်ဖြစ်၊ ပဋာစာရီလို သွက်သွက်ခါ ရူးနေတဲ့ သားတ လင်တရူး အပူသည်မျိုးပဲဖြစ်ဖြစ်၊ ကိသာ ဂေါတမီတို့လိုသားသေကို မပစ်ရက်နိုင်အောင် သောက လောင် မောဟဖုံးနေပြီး မျှော်လင့်ချက် ကုန်ဆုံးနေပြီ ထင်ရတဲ့ အပူသည်တွေကိုပဲဖြစ်ဖြစ် ပက်ဖျန်းအေးမြ

ချမ်းသာရစေနိုင်တဲ့ အနှိုင်းမဲ့တရားတော်ပိုင်ရှင် ဖြစ်ပါတယ်။

အသက်ကိုလုဖို့၊ အပူကိုကုဖို့အတွက် လောကီဥစ္စာ ရတနာတွေနဲ့ ဝယ်ယူလို့မရနိုင်တဲ့ တကယ့်ဆေးစွမ်းကောင်းကြီးသဖွယ် ဖြစ်လို့လည်း 'လောကီရတနာဟူသမျှတို့ထက် ထူးခြားမွန်မြတ်လှပါပေတယ်'လို့ ရတနသုတ်တော်မှာ အရှင်အာနန္ဒာက နှုတ်မြွက်ချီးကျူးပြီး သစ္စာစကားဆိုခဲ့တာ ဖြစ်ပါလိမ့်မယ်။

ဘုရားရှင်ထံတော်မှောက် ရောက်လာရင် ဘယ်လို အပူမီးမျိုးလောင်မြိုက်ခံနေရသူအတွက်မဆို မျှော်လင့်ချက် ကုန်ဆုံးပြီးရယ်လို့မရှိဘူး ဆိုတာနဲ့ ပတ်သက်လို့ သာဝတ္ထိမြို့က သားသေကို ရှင်အောင် ကုလိုသူ အပူသည်မလေးကိသာဂေါတမီရဲ့ မမျှော်လင့်နိုင်ဘူးထင်ရတဲ့ မျှော်လင့်ချက်ကို ဖြည့်ဆည်း ကယ်မပေးတော်မူလိုက်ပုံဟာ ဉာဏ်တော်စွမ်း၊ ကရုဏာတော်စွမ်းတို့သာမက ဒေသနာကောသလ္လဆိုတဲ့ ဟောပြောဆုံးမမှု ကျွမ်းကျင်လိမ္မာပုံကိုပါ အာရုံ ပြုကြည်ညိုနိုင်စရာပါ။

ကိသာဂေါတမီဆိုတာ ဘိုးဘွားတွေ အဆက်ဆက်က သူဌေးမျိုးဖြစ်ခဲ့ပေမယ့် မိဘများ လက်ထက်မှာတော့ အထည်ကြီးပျက် ဆင်းရဲသားဘဝရောက်ပြီး သာဝတ္ထိမြို့စွန်မှာ မထင်မရှား နေကြရတဲ့ ဆင်းရဲသားမိဘက ပေါက်ဖွားလာတဲ့ ဆွေကြီးမျိုးကြီး ဆင်းရဲသူ

ကလေး ဖြစ်ပါတယ်။ ဘိုးဘွားဘီဘင် အစဉ်အလာ ကြီးခဲ့ပေမယ့် သူ့မိဘလက်ထက်မှာတော့ ပစ္စည်းဥစ္စာလည်း နွမ်းပါး၊ သူကိုယ်တိုင်ကလည်း တခြားပါရမီဓာတ်ခံတွေ အားကောင်းသလောက် ရုပ်ဆင်းအင်္ဂါအတွက်တော့ ထူးခြားတဲ့ ကံတရားအထောက်အပံ့ ရယ်လို့ တယ်ရှိခဲ့ပုံ မရပါဘူး။ ခန္ဓာကိုယ်က ပိန်ပိန်လှီလှီကလေး ရှိတာမို့ 'ဂေါတမီ'ဆိုတဲ့ သူ့အမည်ရှေ့မှာ 'ကိသာ=အသေးလေး'ဆိုတဲ့ အမည်တစ်လုံး ထပ်တိုးပြီး ခေါ်ကြတာကိုသာ ကြည့်ပေါ့။

ဥစ္စာလည်း နွမ်းပါး၊ ရုပ်ရည်လည်း မသားနား လှပေမယ့် ဘုန်းကံပါရမီရှိတဲ့ မိန်းကလေးပီပီ အချိန်တန်တဲ့အခါတော့ သူဌေးချွေးမ ဖြစ်လာပါတယ်။ ဖြစ်ပုံကတော့ ခပ်ဆန်းဆန်းပဲ။ သာဝတ္ထိပြည်မှာ ကုဋေလေးဆယ် ကြွယ်ဝတဲ့ သူဌေးကြီးတစ်ဦး ရှိတယ်။ 'ကံ အဟုန်ကုန်တဲ့အခါ စည်းစိမ်အားလုံးဟာ ပျက်စီးရတယ်'ဆိုတဲ့ နိမိကဏ္ဍသုတ် ဒေသနာတော်အတိုင်း အဲဒီ သူဌေးကြီးလည်း သူ့ကံအဟုန်က ကုန်ဆုံးချိန် ရောက်လာလို့ သူပိုင်တဲ့ရွှေ၊ ငွေ ကုဋေလေးဆယ်တို့ဟာ မီးသွေးခဲတွေ ဖြစ်ကုန်သတဲ့။

ရှက်လည်းရှက်၊ စိတ်လည်းပျက်နဲ့ မစားနိုင်၊ မအိပ်နိုင် တမှိုင်မှိုင် ဖြစ်နေတဲ့ ဥစ္စာပျက် သူဌေးကြီး အဖြစ်ကိုကြည့်ပြီး မိတ်ဆွေသူဌေးတစ်ယောက်က အကျိုးအကြောင်း မေးတဲ့အခါ ဖြစ်ရပုံကို ပြောပြတော့

'ဒါဟာ ကံအဟုန် ကုန်လို့ ဖြစ်ရတာ၊ ကိုယ်နဲ့ ကံစပ်တဲ့ ဘုန်းရှင်ကံရှင် တစ်ဦးဦးနဲ့တွေ့ရင် ပကတိအတိုင်း ပြန်ဖြစ်နိုင်တယ်။ ဒီတော့ စိတ်ပျက်မနေနဲ့၊ အိမ်ရှေ့မှာ ဖျာခင်းပြီး မီးသွေးဖြစ်သွားတဲ့ ရွှေငွေတွေကို ဖျာပေါ်မှာ ဈေးခင်းသလို ခင်းပြီး ရောင်းပါ။ ဘုန်းကံမရှိသူတွေက မီးသွေးတွေအဖြစ်နဲ့ မြင်ကြလိမ့်မယ်။ သူတို့ကို ဘာမှမရောင်းနဲ့။ ဘုန်းကံရှိသူကျတော့ ပကတိအတိုင်း ရွှေငွေတွေအဖြစ် မြင်လိမ့်မယ်။ သူ့လက်နဲ့ကိုင်ပြီး ပေးလိုက်တဲ့အခါမှာတော့ မူလအတိုင်း ရွှေငွေတွေအဖြစ် ပြန်ပြောင်းသွားလိမ့်မယ်။

အဲဒီ ဘုန်းကံရှင်ဟာ ယောကျ်ားဖြစ်ရင် သားသမက်အဖြစ် တော်အောင်ပြု၊ မိန်းကလေးဖြစ်ရင် သမီးချွေးမတော်အောင်ပြုပြီး သူပိုင်ဥစ္စာအဖြစ် အပ်နှင်းသုံးစွဲမယ်ဆိုရင် ရှေးကအတိုင်း သူဌေးစည်းစိမ် ပြန်ရလိမ့်မယ်'လို့ အကြံပေးတဲ့အတွက် ဥစ္စာပျက်သူဌေးကြီးကလည်း မိတ်ဆွေသူဌေး အကြံပေးတဲ့အတိုင်း လိုက်နာဆောင်ရွက်ပါတယ်။

တိုတိုပြောရရင် နောက်ဆုံးမှာ ကိသာဂေါတမီနဲ့တွေ့ပြီး ရွှေငွေတွေ ပကတိအတိုင်းပြန်ဖြစ်သွားတဲ့အတွက် သားနဲ့ပေးစားပြီး ဥစ္စာတွေပါ အပ်နှင်းလိုက်တော့တာပါပဲ။

သူဌေးကြီးကသာ ကိသာဂေါတမီကို ဘုန်းရှင်ကံရှင် မိန်းကလေးအဖြစ် အလေးထားပေမယ့် တခြား

အိမ်သူအိမ်သားတွေကတော့ သူဆင်းရဲသမီး ဆိုပြီး သူဌေးကြီးကွယ်ရာမှာ နိုင်ထက်ကလူ ပြောဆို ပြုမူကြ ပါသတဲ့။ နောက်တော့ ကိသာဂေါတမီမှာ သား ယောကျ်ားကလေး ဖွားမြင်တယ်။ အဲဒီအခါမှာတော့ တစ်အိမ်သားလုံးက မြတ်နိုးတနာ (တလေးတစား) ဖြစ်လာကြတော့တယ်။

ဒါဟာ ဗြဟ္မဏမျိုးနွယ်တို့ရဲ့ ဓလေ့ထုံးတမ်း အရ ဖြစ်လာတဲ့ ပြောင်းလဲမှုပါပဲ။ ဟုတ်ပါတယ်။ ဗြဟ္မဏတို့ရဲ့ ဓလေ့ထုံးတမ်းအရ အဦးဆုံးမွေးလာတဲ့ သားက အမွေအားလုံးကို ရထိုက်တာဆိုတော့ သူဌေး ကြီး ကွယ်လွန်တဲ့အခါ အမွေခံသားဦးမိခင်ဖြစ်တဲ့ ကိသာဂေါတမီက အိမ်ရဲ့အကြီးအကဲအရာကို ရလာမှာ ဆိုတော့ သူ့ကို ကပ်ပါးရပ်ပါးလုပ်မထားလို့ ဘယ် ဖြစ်တော့မလဲ။ ကိုယ်ကျိုးမျှော်ပြီး သူ့ကို လေးစား ကြရတော့တာပေါ့။

ဒါပေမဲ့ ကိသာဂေါတမီဆိုတာ ဒီလို အတု အယောင် လေးစားခြင်းလောက်သာ ခံယူရမယ့် သာမန် ကံထူးရှင် မဟုတ်ဘူး။ အစစ်အမှန် လေးစားလောက် အောင် ပဒုမုတ္တရဘုရားရှင် လက်ထက်ကတည်းက ဆုထူးပန်ပြီး ပါရမီဖြည့်ကျင့်ခဲ့တဲ့ ပါရမီထူးရှင် အမျိုး သမီးတစ်ဦးဖြစ်ပါတယ်။ ပါရမီကုသိုလ်ဆိုတာ သာမန် ကုသိုလ်ထက် အကျိုးစွမ်းအား ကြီးမားထက်မြက်တဲ့ အတွက် ပါရမီအကျိုးပေးချိန် ရောက်တဲ့အခါ ကံရဲ့

အကျိုးများက ဖယ်ရှားပေးရစမြဲဖြစ်တဲ့အတိုင်း ကိသာဂေါတမီအတွက် မမျှော်လင့်ဘဲ အပြောင်းအလဲကြီးတစ်ခုနဲ့ ပြုန်းစားကြုံတွေ့ရတော့တယ်။ အဲဒါကတော့ သားကလေးပြေးနိုင်လွှားနိုင်အရွယ်မှာ ရုတ်တရက်သေဆုံးသွားရတာပါပဲ။

ဒီသောကမျိုး မကြုံဖူးတဲ့ ကိသာဂေါတမီ ကတော့ သူ့ဘဝရဲ့ အပြောင်းအလဲဆိုတာကို ဘာမှ မသိနိုင်သေးတော့ သောကပူ နှိပ်စက်ပြီး တစ်လောကလုံး မှောင်အတိ ဖုံးသလို ခံစားလိုက်ရတော့တယ်။ သူ့ဘက်ကကြည့်ရင်တော့ ဒီလိုပဲ ဖြစ်စရာပေါ့။ ဗြဟ္မဏလေ့ထုံးတမ်းအရ အမွေခံသားဦး မရှိတော့တဲ့ မိန်းမတစ်ယောက်အဖို့ တခြားအမွေခံသားဦး ထွန်းကားတဲ့ မယားပြိုင် မိန်းမတစ်ယောက် ပေါ်ပေါက်လာရင် သူက အရာရာလက်မဲ့သဘော ဖြစ်ရတော့မှာကိုး။ ဒါကြောင့် ကိသာဂေါတမီအတွက် သားသေဆုံးတာဟာ သူ့ဘဝ တစ်ခုလုံး သေဆုံးတာနဲ့ အတူတူပဲ ဖြစ်နေတာမို့ ဘာမှ မစဉ်းစားနိုင်တော့ဘူး။ သားသေကို သူများတွေ မြှုပ်နှံမပစ်ခင် ပွေ့ချီထွက်လာပြီး 'ကျွန်မ သားလေးအတွက် အသက်ရှင်ဆေး ပေးကြပါ' လို့ တတွတ်တွတ် အော်ဟစ်တောင်းဆိုရင်း အိမ်ပေါက်စေ့ လှည့်လည်ပါလေရော။

အစကတည်းက ဆင်းရဲသူမ ဘဝကနေ သူဌေးကတော်ကြီး ဖြစ်သွားတာကို မနာလို မရှုဆိတ်ဖြစ်ဟန်

တူကြတဲ့ သူတွေကတော့ ကရုဏာမထားနိုင်ကြဘဲ ပြောင်လှောင်ရယ်မောပြီး ပြက်ရယ်ပြုကြသတဲ့။ နောက်ဆုံးမှာ ပညာအမြော်အမြင်လည်းရှိ၊ ကရုဏာလည်း သက်တတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးနဲ့တွေ့တော့မှ 'ချစ်သမီး၊ ချစ်သမီး လိုအပ်တဲ့ ဆေးမျိုးကို မြတ်စွာဘုရားကလွဲလို့ တခြားသူမသိနိုင်ဘူး။ အခု မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေဆဲဖြစ်တယ်။ အဲဒီကို သွားပေရော့'လို့ အကြံပေးလိုက်တယ်။

ကိသာဂေါတမီလည်း သားအလောင်းကို ပိုက်ပြီး မြတ်စွာဘုရားရှင် တရားဟောဖို့ ဓမ္မပလ္လင်မှာ ထိုင်နေချိန်မှာပဲ ပရိသတ်အစွန်းကနေ ရပ်ရင်းက 'မြတ်စွာဘုရား... တပည့်တော် သားလေးအတွက် အသက်ရှင်ဆေး ပေးတော်မူပါဘုရား'လို့ ဟစ်အော်လျှောက်ထားတော့တယ်။

မြတ်စွာဘုရားရှင်ကလည်း ကိသာဂေါတမီရဲ့ မဂ်ဖိုလ်ရကြောင်း ပါရမီကောင်းမှု ဉပနိဿယကို မြင်တော်မူတဲ့အတွက် 'ချစ်သမီး ကောင်းသောလာခြင်းပေပဲ၊ ကဲ...သွားချေ သာဝတ္ထိပြည်တွင်း လှည့်လည်ပြီး လူတစ်ယောက်မျှ မသေဖူးတဲ့အိမ်က မုန်ညင်းဆီ အနည်းငယ်ကို ယူဆောင်ခဲ့'လို့ မိန့်ကြား လိုက်ပါတယ်။

မြတ်စွာဘုရားရှင် မိန့်ကြားတဲ့စကားထဲမှာ မုန်ညင်းဆီရရင် သားသေပြန်ရှင်လာမယ်ဆိုတဲ့ စကား

လုံး မပါပါဘူး။ တကယ်တော့ ကိသာဂေါတမီ ရင်ထဲမှာ 'ဒီသောကမျိုး ငါတစ်ယောက်တည်း ခံစား နေရတယ်'ဆိုတဲ့ အထင်နဲ့ ဆို့နေတဲ့သောက အလုံးအခဲ ကြီးကို 'ဒီသောကမျိုး လူတိုင်းမှာ ကြုံနေရပါလား' ဆိုတဲ့ အသိနဲ့ ကိုယ်တိုင်ချေဖျက်ပြီး သောကငြိမ်း သွားစေဖို့အတွက် ဥပါယ်တံမျဉ်နဲ့ မိန့်လိုက်တာပါပဲ။

ကိသာဂေါတမီလည်း တစ်အိမ် နှစ်အိမ်ကနေ သုံးအိမ်မြောက် ဝင်ပြီးတယ်ဆိုရင်ပဲ ဒါဟာ တစ်ရပ် တစ်ရွာ၊ တစ်ဦးတစ်ယောက်မှာသာ ကွက်ပြီးဖြစ်တဲ့ တရားမျိုး မဟုတ်ပါလား ဆိုတာ သဘောပေါက်ပြီး သောကအလုံးကြီး ကစ်ခါတည်း ကြေမွလွင့်စဉ်သွားတဲ့ အခါမှာတော့ ဘုရားရှင်ရဲ့ ရည်ရွယ်ချက်ကိုပါ နားလည် လာတဲ့အတွက် သားသေကို သုသာန်မှာ စွန့်ပစ်ကာ ဘုရားရှင်ထံ ပြန်သွားတော့တယ်။

မြတ်စွာဘုရားရှင်က 'ချစ်သမီး မုန်ညင်းဆီ ရခဲ့ပြီလား'လို့ မေးတော်မူတဲ့အခါမှာတော့ 'တပည့် တော် မုန်ညင်းဆီနဲ့ ပြုလုပ်ရမည့်ကိစ္စ ပြီးပါပြီဘုရား။ တပည့်တော်မအတွက် ထောက်ရာတည်ရာကိုသာ ပေးတော်မူပါတော့'လို့ လျှောက်ထားတဲ့အတွက် တရား ဓမ္မ ဟောကြားတော်မူတဲ့အခါ သောတာပန် အရိယာ အဖြစ်ရောက်ပြီး မြတ်စွာဘုရားထံ ခွင့်ပန်ကာ ဘိက္ခုနီမ ပြုသွားတယ်။

လောကီဝတ္ထု သင်္ခါရတရားစုဆိုတာ သက်မဲ့

ဖြစ်တဲ့ ရွှေငွေဥစ္စာတွေ မဆိုထားနဲ့၊ သက်ရှိဖြစ်တဲ့ သားတောင်မှ ခုမြင်ခုပျောက် ပျက်စီးတတ်တဲ့သဘော ကို ကိုယ်တွေ့ကြုံသိလာရတဲ့ ကိသာဂေါတမီဟာ ရဟန္တာထေရီမကြီး ဖြစ်သွားတဲ့အခါမှာတော့ သက်ရှိ လို့ ထင်မှတ်ထားတဲ့ ဒီခန္ဓာကိုယ်ကြီးဟာ အနာအိုး၊ အနာဆွေးကြီးတစ်ခုနဲ့ ဘာမှ မခြားနားသလို ဒီခန္ဓာ ကိုယ်အတွက် ဖြည့်ပေးနေရတဲ့ အစားအစာဆိုတာ လည်း အနာအိုးကြီးကို ထည့်ပေးနေရတဲ့ ဆေးတွေနဲ့ ဘာမှ မထူးဘူး။ ဝတ်ရုံပေးနေရတဲ့ အဝတ်အထည်ဆို တာလည်း အနာကို စည်းပေးနေရတဲ့ ပတ်တီးစနဲ့ ဘာမှ မထူးတော့ဘူး။ သင်္ကန်းပရိက္ခရာဆိုတာ အနာ စည်းပြီးရင် စွန့်လွှတ်ပစ်ရမယ့် ပတ်တီးစသဘောသာ ဖြစ်တဲ့အတွက် ကောင်းမွန်တာဟူသမျှ ဘာမှ အသုံး မပြုတော့ဘဲ ညံ့ဖျင်းတဲ့အဝတ်စကို ညံ့ဖျင်းတဲ့ချည်နဲ့ သာ ချုပ်ပြီး ညံ့ဖျင်းတဲ့ဆိုးရည်မျိုးနဲ့ အပ်စပ်တယ် ဆိုရုံ ဆိုးပြီးတော့သာ ဝတ်ရုံသုံးဆောင် လှည့်လည်လေ့ ရှိပါတယ်။

ဒါကြောင့်လည်း မြတ်စွာဘုရားရှင်က လူခစီဝရ ဓရ= ခေါင်းပါးညံ့ဖျင်းတဲ့ သင်္ကန်းကို ဆင်မြန်းဝတ်ရုံ သုံးဆောင်တဲ့အရာမှာ အသာဆုံးဆိုတဲ့ ဧတဒဂ်ဘွဲ့ ချီးမြှောက်တော်မူပါတယ်။

ဒေးဒရဲမှာ နိကာယ်သင်တန်း တက်စဉ်က ဒီနေရာမှာ ဆရာတော်ကြီးက ‘မဟာကရုဏာရှင်တို့ရဲ့

'ဒေသနာကောသလ္လ = ဟောပြောမှုလိမ္မာ ကျွမ်းကျင်ခြင်း' ဆိုတာ ဒါပဲဗျ၊ သားသေကို ကုလို့ မရဘူးဆိုတာ ပုထုဇဉ်ရဟန်းတောင်သိသားပေါ့၊ မျှော်လင့်ချက် အပြည့်နဲ့ ပြေးလာသူကို ဒီအတိုင်း တဲ့တိုး (ဒဲ့ဒိုး)ကြီး ပြောလွှတ်လိုက်ရင်နေပူထဲက ပြေးလာသူကို ရင်ဝ ဆောင့်ကန်လိုက်သလို ကိသာဂေါတမီဘဝဟာ သားနဲ့ အတူ ဇာတ်သိမ်းသွားမှာပေါ့။ မရနိုင်မှန်း သိလျက်နဲ့ မှန်ညင်းဆီ အရှာခိုင်းတာဟာ တကယ်တော့ သောက အစိုင်အခဲကြီးကို သွားချေပစ်ခိုင်းလိုက်တာပဲ။ မဟာ ကရုဏာရှင်ရဲ့ တပည့်သားများက ဒါကို နည်းယူ ရမယ်'လို့ သတိပေး မိန့်ကြားပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ကို ပင်လုံး ကျွတ်ပွင့်ဖူးနေတဲ့ တောအုပ်ကြီးနဲ့ ဥပမာပေးထားပေ မယ့် တကယ့်တောအုပ်ကြီးဆိုတာ အပြင်အပူနဲ့ ပန်းသူ နွမ်းသူတို့ကိုသာ အေးမြစေနိုင်တာပါ။ ဘုရားရှင်တို့ရဲ့ အဆုံးအမ သာသနာတော်ဆိုတာကတော့ အတွင်း ဆွေးနဲ့အလွမ်းဓာတ်တို့ကိုပါ ဖယ်ရှားနိုင်တာမို့ "မြင့် မြတ်အေးချမ်းရာ တကယ့်ရတနာအစစ်'လို့ အရှင် အာနန္ဒာက အမွှမ်းတင်ခဲ့တာ ဖြစ်ပါလိမ့်မယ်။

'ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ'ဆိုတဲ့ တရား ဂုဏ်တော်နဲ့အညီ ကိုယ်ကြုံသိမှ ကိုယ်တွေ့ ခံစားကြရ မှာ ဖြစ်ပါတယ်။

သောကနဲ့ မကင်းကြသူတိုင်း သောကချေရာ

သာသနာတော်မှာ ကိုယ်ကြဲကိုယ်သိဖြစ်အောင် ချေဖျက်
ကြည့်ကြပါဘိ။

❑

# ဖောင်ဖျက်တိုက်ပွဲ

**"ဖောင်ဖျက်ပြီး တိုက်ပွဲဝင်တယ်ဆိုတာ အတွင်းမှာ သမာဓိဆိုတဲ့ ခံတပ်ကို အခိုင်အမာ တည်ဆောက်ပြီး ရည်မှန်းချက် ပန်းတိုင်ကို မရောက်မချင်း မဆုတ်မနစ် တိုက်ပွဲဝင်တာကို ပြောတာ"**

ကျောင်းပြီးအောင် မနေလိုက်ရဘဲ ရွာမှာ တောင်သူပြန်လုပ်နေရတဲ့ ညီတော်မောင် ကျောင်းသားလူထွက် အချိန်မဟုတ်ကြီး ဆိုင်းမဆင့် ဗုံမဆင့် ရောက်ချလာတယ်။ အဲ ကျောင်းသားလူထွက်ဆိုတာကတော့ သူ့ကို ရွာက နောက်ပြောင် ကျီစယ်ခေါ်ကြတဲ့ အမည်ပြောင်ပါ။

ရွာမှာက လူထွက်တွေ အမျိုးမျိုးရှိတယ်။ မြို့တက်ပြီး ပညာသင်နေရာက ရဟန်းဖြစ်ခါနီးမှ မပျော်လို့ဆိုပြီး လူထွက်လာတဲ့ ကိုရင်ကြီး လူထွက်တို့၊ ဦးပဥ္စင်းလူထွက်တို့၊ ကျောင်းဆရာ လူထွက်တို့ပေါ့။ သူတို့အားလုံးက ထွက်လာတဲ့ နေရာချင်း ကွဲပြားကြပေမယ့် 'လူထွက်'ဆိုတဲ့ ဂုဏ်ပုဒ်ရယ်၊ ပတ်ဝန်းကျင်နဲ့

သိပ်ပြီး အံ့ဝင်ခွင်ကျ မဖြစ်တာရယ်ကတော့ ပိန်မသာ လိမ်မသာ ဆိုသလိုပဲ တယ်မထူးကြဘူး။

ဟုတ်တယ်၊ သူတို့တွေက ပညာလေးမတောက်တခေါက်၊ ဗဟုသုတကလေးမပို့မစို့ ဆိုသလို ကလည်းရှိပြန်၊ စာလေးပေလေးကလည်း ဖတ်ထားကြတယ်ဆိုတော့ သူများထက် နည်းနည်း ပိုထူးခြားချင်ကြတယ်။ တောင်သူလုပ်ရာမှာ ထွန်တာ၊ ထယ်တာ၊ မျိုးချတာကအစ ထွန်ရေး ဘယ်လောက်နက်မှ ဘယ်လောက်ညက်မှ ဘယ်မျိုးစေ့က မုတ်သုံ ဘယ်လိုအခြေအနေမျိုးရောက်မှ ကြဲသင့်တယ်၊ ဒါမှ သိပ္ပံနည်းကျဖြစ်မယ်၊ ဘာညာ ဆိုတာကလေးတွေနဲ့ လုပ်တတ်ကြတာ။

အညာမိုးဆိုတာကလည်း သိကြတဲ့အတိုင်းပဲ၊ မိုးဦးမှာ ပြင်းပြင်းထန်ထန် မိုးကြီးလေကြီး တစ်ကြိမ်လောက်ရွာပြီးရင် တစ်လကိုးသီတင်း ဆိုသလို ပြတ်ချင်ပြတ်နေတတ်တာမျိုး။ အဲဒီတော့အညာတောင်သူဆိုတာ သူတို့အတွေ့အကြုံအရ သီတင်းဝါလကျွတ်လို့ ပဲတို့နှမ်းတို့ သိမ်းပြီးချိန်မှာ အကာလမိုး ရွာတာနဲ့ ကြုံတဲ့အခါ အပင်ဟောင်းကို ထွန်နဲ့တိုက်ပြီး လှဲတန်တာလှဲ၊ ထယ်ရေးနက်နက်ကလေးခံထားကြ၊ မိုးဦးမိုးရွာတဲ့အခါ ထွန်နဲ့ တစ်စပ်လောက်လှန်ပြီး မျိုးစေ့ကို ကျအောင်ချထားနိုင်ခါမှ တန်ကာကျတယ်။ မိုးဦးတစ်ကြိမ်လွတ်သွားပြီဆိုရင် စောင့်ပေဦးတော့ တစ်မျှော်တစ်ခေါ်

ပဲ။ နှမ်းလို သီးနှံမျိုးဆိုတာ တစ်ပတ် ဆယ်ရက်လောက် နောက်ကျသွားပြီဆိုရင်ကို အောင်ဖို့က အတော် မျှော်လင့်ချက် နည်းသွားပြီ။ အတော်လေး ကံစွပ်မိပါမှ တစ်ဝက်တလေလောက် အောင်တော့မှာ။

ဒါကြောင့်လည်း 'ထွက်ကျော်' ဆရာများရဲ့ တောင်သူလုပ်ပုံက သိပ္ပံနည်းကျပေမယ့် လက်တွေ့နည်းမကျတဲ့အတွက် သူများတွေလို အဆင်ပြေခဲ့တယ်။ ဒီအထဲ အတန်းစာလေး တစ်ပိုင်းတစ်စ သင်ဖူးတဲ့ ညီတော်မောင်ကလည်း နောင်တော့် နောင်တော် ထွက်ကျော်များနည်းတူပဲ သမားရိုးကျနည်းတွေကို လက်မခံဘူး၊ သိပ္ပံနည်းမကျဘူးဆိုပြီး လက်မခံပြန်ဘူးတဲ့။ ဒါနဲ့ သူ့ကိုကျတော့ တခြားထွက်ကျော်များနဲ့ ကွဲပြားအောင် ကျောင်းသားလူထွက်လို့ ခေါ်ကြတာပါ။ မိအို ဖအိုတို့ရဲ့ ကျန်းမာရေးကြောင့် ဆယ်တန်းက ထွက်ပြီး ရွာပြန် တောင်သူလုပ်နေရတာလည်းဖြစ်၊ အငယ်က အလေ့အကျင့် မရှိတဲ့ လုပ်ငန်းကြီးမှာ ဗြုန်းစားကြီး ဦးစီး လုပ်ကိုင်ရတာလည်းဖြစ်တော့ ယောင်နနဖြစ်ပြီး ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုးနဲ့ တွေဝေတာလည်း တစ်ကြောင်းပေါ့လေ။ ဘာပဲဖြစ်ဖြစ် လုပ်သမျှ တယ်အဆင်မပြေလှတာက များတော့ သူလည်း အများက ဝိုင်းပြီး အလှောင်ခံရတဲ့ 'ထွက်ကျော်' စာရင်းထဲပါသွားရှာတယ်။

ခုလည်း ပေါင်းပေါက်ချိန်၊ ထွန်တိုလိုက်ချိန်၊

တောင်သူလုပ်ငန်း ရှုပ်တဲ့အချိန်ကြီးမှာ ဗြုန်းစားကြီး ရောက်ချလာပြီး အကျိုးအကြောင်း စပ်မိကြတော့ 'တပည့်တော်တော့ ဖောင်ဖျက်ပြီး တိုက်ပွဲဝင်ဖို့ ဆုံးဖြတ် လိုက်ပြီ၊ အဲဒါ ဦးပဥ္စင်းနဲ့ တိုင်ပင်ရအောင် အရေးတကြီး လာခဲ့တာပဲ'တဲ့။ ဒီလိုပဲ ထင်မိထင်ရာ ပြောနေလုပ်နေကျ ဖြစ်နေလို့ သူ့စကားကို တယ်တော့ မအံ့သြမိပါဘူး။ 'ဟေ အေးလေကွာ၊ မင့်စကားကတော့ ရောမသမိုင်း ဝင်စကားလုံးကြီးပဲကွ။ ဘယ်လိုစီမံကိန်းတွေဆွဲပြီး ဘယ်ကိုများ ချီတက်ဖို့ စိတ်ကူးလို့လဲ' ဆိုတော့

'ကိုယ့်အရပ်မှာ တောင်သူလုပ်ကိုင် စားရတာ ဦးပဥ္စင်းလည်း သိတဲ့အတိုင်းပဲ။ လူက လုပ်တိုင်းဘာမှ ဖြစ်မလာနိုင်ဘူး၊ မိုးလုပ်ပေးမှ ဖြစ်တာ၊ မိုးကလည်း သုံးလေးနှစ်နေမှ တစ်ကြိမ် အဆင်ပြေတတ်တာ။ အခု တပည့်တော် ကျောင်းထွက်ပြီး တောင်သူလုပ် ခဲ့တာရှစ်နှစ်ရှိသွားပြီ။ ဘာမှ ဟုတ်တိပတ်တိ အဖတ် မတင်ဘူး။ ဒီကြားထဲ အဖေတို့ကျန်းမာရေးကြောင့် နွားကြီးတစ်ရှဉ်း အပိုရှိတာ ပြုတ်သွားလိုက် သေးတယ်။ အဆင်မပြေသမျှ တပည့်တော် လုပ်ပုံ ညံ့ဖျင်းလို့ချည်း အထင်သေးခံနေရတယ်'

'အေးကွာ၊ အတိတ်ဖြစ်ရပ်တွေ ထားလိုက်ပါ တော့။ မင်းရဲ့ အနာဂတ်မျှော်မှန်းချက်နဲ့ အခု ပစ္စုပ္ပန် စီမံကိန်းကိုသာ လိုရင်းပြောစမ်းပါ' သူ့စကား လုံးတွေ ခပ်ကြီးကြီးမို့ မိမိက သူသုံးမယ့် စကားလုံးများနဲ့ တမင်

ရွေးထောက်လိုက်တော့မှ 'အခု စီမံကိန်းကတော့ ရွာမှာရှိတဲ့ လယ်ယာအကုန် ရောင်းပစ်ပြီး တစ်ရပ်တစ်ဒေသမှာ တခြား အလုပ်တစ်ခုခု ဇောက် ချလုပ်တော့မယ်။ အရင်က တောင်သူသိမ်းပြီးချိန် ခဏလောက် လုပ်စမ်းကြည့်ဖူးပေမယ့် မိုးဦးရောက်ရင် လယ်ယာလေးတွေ ပြန်ငဲ့ပြီး တောင်သူခွင်ပဲ ပြန်ဝင်ရတော့ ဘာအလုပ်မှ မထိရောက်ဘူး။ ဒါကြောင့် ဒီ တစ်ခါတော့ ဘာမှ နောက်ဆံတင်းစရာ မရှိအောင် လယ်ယာတွေ အပြတ်ရောင်းပြီး နောင်ရိုးတိုက်ပွဲ စီမံကိန်းနဲ့လုပ်မှ ဖြစ်တော့မှာ။ အဲဒါ လာတိုင်ပင် ကြည့်တာပဲ'တဲ့။

စကားလုံး ခပ်ကြီးကြီးတွေ သုံးထားပေမယ့် သူ့စီမံကိန်းဆိုတာထဲမှာ လုပ်ငန်းနဲ့ပတ်သက်လို့ ဘာမှ ရေရေရာရာ မပါဘူး။ အလုပ်တစ်ခုခုဆိုတဲ့ မရေမရာ စကားကြားရလို့ 'မင်း ပြောတော့ နောင်ရိုးတိုက်ပွဲလို ဖောင်ဖျက်ပြီး တိုက်ပွဲဝင်မယ်လို့ ဆိုတယ်၊ မင့်စကားထဲမှာ "ဘယ်တော့၊ ဘယ်မှာ၊ ဘာလုပ်မယ်" ဆိုတာတော့ မပါပါလားကွ' ဆိုတော့ 'အို ဒါကတော့ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့အတိုင်း စွန့်စားပြီးလုပ်ရမှာပဲလေ။ ဘာရယ်လို့တော့ အတိအကျပြောလို့ ဘယ်ရဦးမလဲ'တဲ့။

'မဟုတ်သေးပါဘူးကွာ။ ဘုရင့်နောင်က ဖောင်ဖျက်ပြီး တိုက်ပွဲဝင်တယ်ဆိုတာ မင်းလို စိတ်ကူးမိရာ ရမ်းပြီးလုပ်တာ မဟုတ်ဘူး။ သူ့မှာ သေချာရေရာတဲ့

ဦးတည်ချက်ရှိတယ်။ ဒီ ဦးတည်ချက်အတွက် လိုအပ်တဲ့ ကိုယ်အား၊ ဉာဏ်အား၊ လက်ရုံးရည်၊ နှလုံးရည်၊ လူ့အင်အားဆိုတာတွေပေါ့ကွာ။ အဲဒါတွေအားလုံး အပြည့်အစုံ ကြိုတင်တွက်ဆလုပ်ကိုင်ပြီးမှ ဖောင်ဖျက်ပြီး တိုက်ပွဲဝင်ခဲ့တာကွ။ ကြိုတင်ပြုလုပ်ထားတဲ့ စာလို တော့ 'ပုဗ္ဗေကတပုည'ခေါ်တာပေါ့ကွာ။ အဲဒါလည်း ရှိတယ်။ ပြီးတော့ ဘယ်အချိန်၊ ဘယ်ရာသီ၊ ဘယ်နေရာ ဆိုတဲ့ ပတိရူပဒေသကိုလည်း တွက်ဆတယ်၊ ဘယ်လို ပုဂ္ဂိုလ်တွေ၊ ဘယ်လောက် အရေအတွက်ဆိုတဲ့ သပ္ပုရိသူပနိဿယကိုလည်း ကြိုတင်ရှာဖွေရသေးတယ်။ ပြီးတော့မှ ဖောင်ဖျက်ပြီး တိုက်ပွဲဝင်တာ။

မင်းတို့က 'ဘုရင့်နောင်ဟာ ဖောင်ဖျက်ပြီး တိုက်ပွဲဝင်လို့ အောင်မြင်တယ်'လို့ လွယ်လွယ်လေး ပြောနေတာ။ ဖောင်ဖျက်တဲ့ အဓိပ္ပာယ်ကိုကော သဘော ပေါက်ရဲ့လား။ လောကမှာ ရည်မှန်းချက် ပြီးမြောက် အောင်မြင်ဖို့အတွက် လိုအပ်တဲ့ အချက်လေးချက် ရှိတယ်လို့ မြတ်စွာဘုရားက ဟောထားတာ ရှိတယ်ကွ။ သမ္ပတ္တိစက်လေးပါးလို့ ခေါ်တာပေါ့။ စောစောက ပြောခဲ့တဲ့ ပုဗ္ဗေကတပုညရယ်၊ ပတိရူပဒေသ ဝါသရယ်၊ သပ္ပုရိသူပနိဿယရယ်၊ ပြီးတော့ အရေးအကြီးဆုံးဖြစ်တဲ့ အတ္တသမ္မာပဏိဓိရယ်တဲ့။ အတ္တသမ္မာပဏိဓိဆိုတာ 'စိတ်ကို ကောင်းစွာထားခြင်း၊ မိမိကိုယ်ကိုယ် ကောင်းစွာ ဆောက်တည်ခြင်း'လို့ စာကဆိုတယ်။ သဘောကတော့

စိတ်ကို ကောင်းတဲ့ အာရုံကနေ တိမ်းစောင်းမသွား အောင် ဆောက်တည်ထားရမယ်လို့ ဆိုလိုတာ။

အဘိဓမ္မာမှာတော့ ဒီလို စိတ်ထားမျိုးကို "ဧကဂ္ဂတာ"လို့ ခေါ်တယ်။ အာရုံတစ်ခုတည်း အပေါ် မှာပဲ စူးစိုက်ထားတဲ့ စိတ်ပေါ့။ ဒါကိုပဲ အများနားလည် လွယ်မယ့် အရပ်သုံးစကားနဲ့ဟောတဲ့ သုတ္တန်ဒေသနာ မှာတော့ သမာဓိစိတ်လို့လည်း ခေါ်သေးတယ်။ ဘယ် တော့မှ ယိမ်းယိုင် တွန့်ဆုတ်ခြင်းမရှိလို့ 'စိတ္တာဓိပတိ' လို့လည်း ဆိုနိုင်တာပေါ့ကွာ။ ဒီလိုစိတ်ထားမျိုးရှိရင် ဘယ်ကိစ္စမျိုးမဆို မအောင်မြင်ဘူးဆိုတာ မရှိနိုင်ဘူးတဲ့။ ဒါကြောင့် မင်းကွန်းဆရာတော်ဘုရားကြီးကတော့

**'စိတ်ဓာတ်ကဲမို့၊ ငါသို့တသူ၊ ပြုမူဆောင်ရာ၊ အဖြာဖြာ၊ ဘယ်ခါမပြီး ရှိရျိမ့်နည်း'**လို့ အလင်္ကာ ဆို ထားတယ်။

'ဘုရင့်နောင် ဖောင်ဖျက်တယ်ဆိုတာ အဲဒါပဲကွ၊ စိတ်ကို "အောင်ပွဲ"ဆိုတဲ့ အာရုံဆီကနေ ဘယ်လိုမှ တွန့်ဆုတ် ယိမ်းယိုင်မသွားအောင် ဖောင်ကိုဖျက်ပြီး အတ္တသမ္မာပဏိဓိဖြစ်အောင် လုပ်ပစ်လိုက်တာပဲ။ ဒါက ရှေ့သုံးချက်နဲ့ ပြည့်စုံပြီးသူများမှ လုပ်နိုင်တာ။ မင့်မှာ ခုပြောတဲ့ အောင်မြင်ရေး လေးချက်ထဲက ဘာတွေ ပြည့်စုံပြီးလို့ ဖောင်ဖျက်မှာလဲ'ဆိုတော့–

ညီတော်မောင် ခဏတော့ တွေနေသေးတယ်၊ နောက်တော့မှ ထုံးစံအတိုင်း ဘာပြောရမှန်း မသိတာနဲ့

ထင်မိထင်ရာ ကြားဖူးနားဝ စကားလုံးတွေနဲ့ စွတ်ပြော တော့တယ်။

'ဒါတွေ သိပ်ပြီး စဉ်းစားနေလို့ မဖြစ်ဘူး။ အိမ်ကိုတော့ ဒီအတိုင်းနေရင် လူဖြစ်ရှုံးတယ်။ ဘဝ ဆိုတာ တိုက်ပွဲပဲ၊ ကျွန်တော်တော့ "တစ်ရွာမပြောင်း သူကောင်းမဖြစ်"ဆိုတဲ့ အတိုင်း စွန့်ပြီးလုပ်တော့မှ ဖြစ်မယ်လို့ ပြောခဲ့တာပဲ'တဲ့။

'မင်းပြောတဲ့ စကားတွေကတော့ ရှိသမျှ စကား ပုံတွေထဲက သူများသုံးစရာ မကျန်လောက်အောင် ကြီးကျယ်တယ်ကွာ။ မင်းကိုယ်တိုင်ကော ကိုယ်ပြောတဲ့ စကားတွေရဲ့ အဓိပ္ပာယ်ကို နားလည်ရဲ့လား။ "ဘဝ ဆိုတာ တိုက်ပွဲ"ဆိုတာကတော့ ဟုတ်ပါပြီ။ ဘာနဲ့ တိုက်မှာလဲ၊ ဘာကို တိုက်မှာလဲ၊ လူဖြစ်ရှုံးတယ်၊ မြတ်တယ်ဆိုတာကတော့ ဘာပြောတာလဲ။ လုပ်စမ်း ပါဦး' ဆိုတော့ ဘာမှ မပြောတော့ဘူး။

ဘဝဆိုတာ လူ့အဖြစ်ကို ရောက်ရှိတာလို့ပဲ ဆိုကြပါစို့ကွာ။ လူရယ်လို့ ဖြစ်လာရင် လူနဲ့အတူ လောဓံတရားဆိုတာလည်း တွဲပြီး ပါလာစမြဲပဲ။ တိုက်ပွဲ ဆိုတာ အဲဒီလောကဓံ အကောင်းအဆိုးတွေကြောင့် တုန်လှုပ်မသွားဘဲ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ရတာကို ပြောတာပဲ လို့ ငါတော့ သဘောရတယ်။ လူဖြစ်ရှုံးတယ်၊ မြတ် တယ် ဆိုတာကလည်း လောကဓံနဲ့ကြုံတွေ့ရတဲ့အခါ အကောင်းလောကဓံနဲ့ ကြုံလို့ အောက်ခြေလွတ်သွား

တာ၊ မာန်မာန တက်သွားတာမျိုးဟာလည်း လောကဓံ ဆွဲဆောင်ရာနောက် ကောက်ကောက်ပါအောင် လိုက်သွားရတာဖြစ်လို့ ရှုံးတာပဲ။ အဆိုးလောကဓံနဲ့ ကြုံလို့ ဆောက်တည်ရာမရဘဲ တုန်လှုပ်သွားတာမျိုးဟာလည်း လောကဓံအောက် ဒူးထောက် အညံ့ခံရတာဖြစ်လို့ ရှုံးတာပဲကွ။

လူဆိုတာ လောကဓံနဲ့ ရင်ဆိုင်တဲ့အခါ စိတ်ကို ခိုင်မာအောင် တည်ဆောက်ထားနိုင်ရတယ်။ သမာဓိစိတ်ဆိုတာ အဲဒါပဲ။ လောကဓံတိုက်ပွဲမှာ သမာဓိဆိုတဲ့ ခံတပ်ပျက်ရင် ရှုံးမယ်။ သမာဓိခိုင်တဲ့ ပုဂ္ဂိုလ်များက အဆိုးလောကဓံနဲ့ ကြုံပေမယ့် မတုန်လှုပ်ဘူး၊ အတွေ့အကြုံကို သင်ခန်းစာယူပြီး စိတ်ကို ပိုခိုင်မြဲအောင် လုပ်တယ်။ စိတ်ဓာတ်မှာ သမာဓိခံတပ် အခိုင်အမာ တည်ဆောက်ထားနိုင်သူများဟာ အရှုံးကြောင့် အသိဉာဏ်ရင့်ကျက်ပြီး ပိုမိုအောင်မြင်ကြတယ်။ ဘုရင့်နောင် ဖောင်ဖျက်တယ်ဆိုတာ နောက်ဆုတ်မယ့်လမ်းကို ဖျက်တာ၊ ခံတပ်ဖျက်တာမဟုတ်ဘူး။ အပြင်မှာရှိတဲ့ ခံတပ်တွေကို ဖျက်ပြီး အတွင်းမှာ သမာဓိခံတပ်အဖြစ် အခိုင်အမာ ပြောင်းလဲတည်ဆောက်လိုက်တဲ့ သဘောပဲလို့ ငါတော့ သဘောရတယ်။

မင်းမှာ အခုပြောခဲ့တဲ့ အောင်မြင်ကြောင်း အချက်အလက်တွေ ဘာမှ မည်မည်ရရ မတွေ့သေးဘူး။ စကားပုံတွေ၊ ဆိုရိုးတွေကို အသုံးပြုတဲ့အခါ ဆန့်ကျင်

ဘက်အဖြစ် စဉ်းစားတွေးတောစရာ စကားပုံတွေကိုလည်း ထည့်စဉ်းစားသင့်တယ်။ မင်းပြောတဲ့ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်'ဆိုတာကို အသုံးပြုမယ်ကြံရင် 'သေချင်တဲ့ကျား တောပြောင်း' ဆိုတာမျိုးမဖြစ်အောင် ကြိုတင်တွေးဆရမှာပေါ့။ 'ဖောင်ဖျက်တိုက်ပွဲ' ဆိုတာကလည်း ဆိုရိုးစကားပုံလို ဖြစ်နေပြီ။ ဒါဟာ မြစ်တို့ချောင်းတို့နဲ့ ပတ်သက်တဲ့ စကားဆိုတော့ ဒီနေရာမျိုးနဲ့ပတ်သက်ပြီး တခြားစဉ်းစားစရာ အဖြစ်နဲ့ 'သောင်ပြင်လွတ်တဲ့ ချေးလို' ဆိုတာလည်း ရှိသေးမဟုတ်လား။

ဘုရင့်နောင်ကတော့ ဦးတည်ချက်ကော ကြိုတင်ပြင်ဆင်မှုကော ရှိပြီးသားဆိုတော့ ဖောင်ဖျက်ပြီးတိုက်ပွဲဆက် အောင်ပွဲရဖြစ်တာပါကွာ။ မင့်မှာက ဦးတည်ချက်ရယ်လို့ မည်မည်ရရ မရှိဘဲ ဖောင်ဖျက်ပစ်လိုက်ရင် သောင်ပြင်က ရှေ့ဘယ်လို ခရီးဆက်မလဲဆိုတာ စဉ်းစားဦးကြားလား။ မနက်ကျတော့ မင်းစဉ်းစားလို့ ရတာကိုလည်း ငါ့ကို ပြန်ပြောဦးကွာ' ဆိုပြီး စကားရပ်လိုက်တယ်။

နောက်နေ့ရောက်တော့ စပ်ဖြဲဖြဲ မျက်နှာထားနဲ့ လာဦးချပြီး 'ခုလို မိုးဖျန်းကလေး ရွာတုန်း ဆိုရင် ငရုတ်ခင်း ထွန်တိုလိုက်လို့ ကောင်းလိမ့်မယ်။ ရွာပြန်လိုက်ဦးမှပဲ'လို့ နှုတ်ဆက်သွားလေရဲ့။

❑

## သားသမီးကောင်းမိဘဖြစ်ကြဖို့

**"မိဘက မခင်မင်လို့ဘဲ သားသမီးတွေက ရိုင်းကုန်ကြသလား။ သားသမီးတွေက ရိုင်းကြလို့ပဲ မိဘတွေက ချွေးလောက်တောင် ခင်ဖော်မရကြသလား ဆိုတာတော့ မပြော တတ်တော့ပါဘူး မောင်ပဥ္ဇင်းရယ်"**

**[အရှင်သေဋ္ဌိလ]**

ငယ်ငယ်က ကဗျာလေး မတောက်တခေါက်ရေးကြ တော့ အိမ်ဖော်လက်ထဲ သားသမီးကို လွှဲခဲ့ပြီး လမ်းထဲ ချွေးကျောင်းထွက်နေတဲ့ မိဘများအကြောင်းနဲ့ ဖခင် အကောင်အထည်ရှိလျက်နဲ့ သားသမီးမလိုချင်လို့ ဖြစ် ပေါ်လာပြီး သားကို ရှင်းထုတ်ပစ်ချင်တဲ့ မိခင်တစ် ကောင်နဲ့ ဖအေရယ်လို့ ဘယ်မှာမှန်းမသိဘဲ ရလာတဲ့ ကလေးတစ်အုပ်အတွက် ကျောင်းဝိုင်းထဲက ဆွမ်းကျန် ဟင်းကျန်တွေ အဝစား သယ်သွားပြီး ကလေးတစ်အုပ် ကို အန်ကျွေးနေတဲ့ ခွေးမိခင်တစ်ယောက် အကြောင်း ကို အပေါင်းအသင်းတွေ စုပေါင်းရေးပြီး ကဗျာစာအုပ်

တစ်အုပ်ဖြစ်ကတတ်ဆန်း ထုတ်ခဲ့ကြဖူးတာ မှတ်မိသေးတယ်။

အဲဒီတုန်းက ဒီလိုဖြစ်ရပ်တွေကလည်း ခဏခဏကြားနေ၊ တွေ့နေရလို့ ရေးဖြစ်ကြတာပါ။ ခုလည်း ပလက်ဖောင်းတွေပေါ်မှာ တန်ဖိုးကြီးတယ်ဆိုတဲ့ ခွေးလေးတွေကို ကြိုးနဲ့ ဆွဲပြီး ခွေးချင်းပြိုင် လမ်းသလားနေကြတဲ့ မိခင်အတော်များများကို မြို့ကြီးပြကြီးတွေမှာ တွေ့ရပြန်တယ်။ ခွေးကျောင်းမိခင်ချင်း တွေ့ကြပြောကြတဲ့အခါ သူ့ခွေးက ဘယ်နိုင်ငံခြားက မျိုး၊ ဘယ်လောက်ပေးရတာ၊ နိုင်ငံခြားပြန် သားတော်မောင်က ဝါသနာပါလွန်းလို့ မွေးထားရတာဆိုပြီး နိုင်ငံခြားသံ၊ ဒေါ်လာသံတွေ ဟောင်ဖွာဟောင်ဖွာနဲ့ အတော်အာခံတွင်းတွေ့နေကြပုံပါပဲ။ အိမ်မှာ ကျန်ရစ်တဲ့ သားငယ် သမီးငယ်များ ခမျာမှာတော့ ပြည်တွင်းဖြစ်ကလေးတွေ ဖြစ်လို့များ တန်ဖိုးထားကောင်းမှန်း မသိဘဲ အိမ်ဖော်နဲ့လွှဲခဲ့လေသလားလို့တောင် ထင်ရတယ်။

ဒေးဒရဲကွင်းကျောင်းတိုက်မှ ဆရာတော်ကြီး အရှင်သေဋ္ဌိလရယ်၊ တောင်တွင်းကြီး နတ်မိတောရဆရာတော်ကြီးရယ်၊ ကွင်းချောင်း ဆရာတော်ရယ် ဦးစီးပြီး နိကာယ်သင်တန်းဖွင့်တုန်းကလည်း သာမညဖလသုတ်ရောက်တော့ အဇာတသတ်မင်းနဲ့ စပ်မိရာက သားသမီးကိုပစ်ပြီး ခွေးချစ်တဲ့ မိခင်များနဲ့ ပတ်သက်လို့ စပ်မိပြောဆိုကြသေးတယ်။ သားသမီးအတွက် မိခင်ရဲ့

မေတ္တာဟာ ဘယ်လောက်အရေးပါသလဲဆိုတဲ့ ကိစ္စကို အလေးအနက် ဆွေးနွေးပြောဆိုကြတာပါ။

ဆရာတော်အရှင်သေဋ္ဌိလက သားသမီးကို အိမ်ဖော်နဲ့ လွှဲခဲ့ပြီး လမ်းထဲ၊ ပန်းခြံထဲမှာ ခွေးကျောင်းထွက်ကြတဲ့အလေ့ဟာ အင်္ဂလန်မှာလည်း ခေတ်စားကြကြောင်းနဲ့ အဲဒီက အတုအပတွေ မြန်မာပြည်ကို ကူးစက်လာပုံရကြောင်း ပြောပြတော့ မိမိက သားသမီးနဲ့ မိဘ ဘယ်သူကများ စရိုင်းကြလို့ မိဘတွေက သားသမီးထက် ခွေးကို ပိုပြီးဂရုစိုက်လိုက်လာကြတာတုန်း ဆိုတာ လျှောက်ထားတဲ့အခါ အထက်မှာ ပြခဲ့တဲ့ စကားကို မိန့်ကြားတော်မူပါတယ်။

နတ်မိုးတောရဆရာတော်ကြီးကတော့ ရှေးလူကြီးတွေက ခွေးကလေးတွေကို ကျားစိတ်ပေါက်ပြီး လိုက်ရဲ၊ ကိုက်ရဲဖြစ်အောင် ကျားစွယ်ကိုသွေးပြီးတော့ တိုက်လေ့ရှိကြတယ်။ ခန္ဓာကိုယ်ကို ကိုယ့်အစားအစာနဲ့ မတည်ဆောက်နိုင်ခင် အရွယ်မှာ မိဘက တိုက်ကျွေးခဲ့တဲ့ နို့ရည်ဟာ စိတ်ပိုင်း၊ ရုပ်ပိုင်း နှစ်ခုလုံးအတွက် အခြေခံကျတယ်။ မိခင်ရဲ့ နို့သက်ဟာ လူတွေအတွက်တော့ အသက်လေးဆယ်ရှိမှ ကုန်တယ်လို့တောင် ဆိုကြတယ်။ ခွေးကလေးတွေဟာ ကျားစွယ်ကို သွေးတိုက်လို့ ကျားစိတ်ပေါက်လာတာ မှန်ခဲ့ရင် လူကလေးတွေကို တိရစ္ဆာန်နို့နဲ့ တိုက်ကျွေးကြတာဟာလည်း စဉ်းစားစရာကောင်းတယ်လို့ မိန့်ကြားပါတယ်။

ဒေးဒရဲကွင်းကျောင်း ဆရာတော်ကတော့ ဒီသာမညဖလသုတ်ရဲ့ အဖွင့် အဋ္ဌကထာမှာပါတဲ့ အဇာတသတ်အကြောင်းကိုပဲ စဉ်းစားကြည့်ပါလား။ မြတ်စွာဘုရားနဲ့တွေ့တဲ့အခါ အဇာတသတ်မင်းဟာ သောတာပန်ဖြစ်လောက်တဲ့ ပါရမီဓာတ်ခံရှိသူ ဖြစ်တယ်။ ဒါပေမဲ့ အဖသတ်ကံနဲ့ သူ့ရဲ့ ပါရမီအရင်းအမြစ်ကို တူးဖြို ခဲ့မိလို့ သောတာပန် အခွင့်အရေးနဲ့ လွဲခဲ့ရတယ်လို့ ဘုရားရှင် ကိုယ်တိုင်ကလည်း ဟောထားတာ ရှိတယ်။ ဗီဇကောင်းဖြစ်တဲ့ ဒီကလေး စိတ်ရိုင်းသွားရတာ အတော်ကလေး စဉ်းစားစရာရှိတယ်။

ပိဋကတ်တော်တွေထဲမှာ "မစ္ဆကုန္တိမိဂဒါယ" ဆိုတာ ကြားဖူးတယ် မဟုတ်လား။ မြန်မာလိုတော့ "ဗိုက်ဖျက်ရာဘေးမဲ့တော"လို့ အဓိပ္ပာယ်ရတယ်။ အတော်ဆန့်ကျင်တဲ့ စကားနှစ်ခုကို ပေါင်းစည်းထားတဲ့ အမည်ပဲ။ ဒီအမည်ရလာပုံက အရှင်တို့လည်း ကြားဖူး မယ်ထင်ပါတယ်။ ဝေဒေဟီ မိဖုရားကြီးမှာ သန္ဓေရတော့ ဖခင်ရဲ့ လက်ရုံးသွေးကို သောက်လိုတဲ့ ချင်ခြင်းဖြစ်တယ်။ ဗိမ္ဗိသာရမင်းကြီးကလည်း ဒီကိစ္စ ဘာခဲယဉ်းတာမှတ်လို့ဆိုပြီး လက်ရုံးသွေးကို ရွှေဓားနဲ့ ဖောက်တိုက်လိုက်တယ်။ ဒီအကြောင်း ပုဏ္ဏားများကို နိမိတ်ဖတ်ခိုင်းတော့ "ဒီကလေးငယ်ဟာ မွေးဖွားပြီး လူလားမြောက်တဲ့အခါ အဖကို သတ်မည့်သား"၊ "အဖရဲ့ ရန်သူဖြစ်လာမည့် သား"ဆိုပြီး ဟောလိုက်

ပါလေရော။ ဒါနဲ့ ဒီကလေးကလည်း လူ့ပြည်မရောက်ခင်ကတည်းက “အာ ဇာတ သတ္တု= မမွေးဖွားမီက ရန်သူဖြစ်နိုင်သူ” ဆိုပြီးအမည်ဆိုးတွင်ခဲ့တာပဲ။အကောင်းအဆိုး ဘာမှမသိရသေးခင် အမည်ဆိုး တွင်ခဲ့ရရှာတာပါ။

ဝေဒေဟီ မိဖုရားကြီးဆိုတာ ပညာအမြော်အမြင်ရှိတဲ့ အမျိုးသမီးတစ်ဦးပါပဲ။ ဒါပေမဲ့ သူ့ဝမ်းနဲ့ လွယ်ခဲ့တဲ့သားက ကျေးဇူးရှင် အရိယာဘုရင်ကြီးကို သတ်မယ်ဆိုတာမျိုးတော့ အဖြစ်မခံလိုဘူး။ ဒါနဲ့ ခုနကပြောတဲ့ ဘေးမဲ့တောကြီးထဲသွားပြီး ဗိုက်ကို အနှိပ်ခိုင်းတော့တာပဲ။ ဒါကို ရှင်ဘုရင်က သိတော့မှ ‘ကလေးဖြူသလား မည်းသလား မသိရသေးခင် ဗေဒင်ကိုယုံပြီး ဖျက်ချတယ်ဆိုတာ တိုင်းတစ်ပါးကြားလို့မှ မတော်ဘူး။ လုံးဝ မဖျက်ရ။ လူလားမြောက်အောင် စောင့်ရှောက်မွေးဖွားရမယ်’လို့ အမိန့်ထုတ်လိုက်ရတယ်။ ကရဏာတရားရဲ့ သင်္ကေတဖြစ်တဲ့ ‘ဘေးမဲ့တော’ကြီးကတော့ မဆီမဆိုင် ‘ဗိုက်ဖျက်(နှိပ်)ရာ’ဆိုတဲ့ ဆန့်ကျင်ဘက် ဂုဏ်ပုဒ်ကြီးတစ်ခုနဲ့တွဲပြီး ထင်ရှားသွားတာပေါ့။

ရှင်ဘုရင့်အမိန့်ကို မလွန်ဆန်ရဲလို့သာ လွယ်ထားရပေမယ့် ‘မွေးဖွားလာရင် ဖအေကို သတ်မယ့်သားကလေးဖြစ်လာမှာ’ဆိုတဲ့ သံသယစိတ်နဲ့ လွယ်ထားရတဲ့ မိခင်တစ်ယောက်ရဲ့ သားအပေါ် သက်ရောက်

လာမယ့် စိတ်ထားကို ခန့်မှန်းကြည့်ရင် သိနိုင်တယ်။

ဒါက အဇာတသတ် အမိဝမ်းမှာ နေခဲ့ရတဲ့ အခြေအနေကို ပြောတာ။ မွေးဖွားလာတဲ့ အခါမှာတော့ မိခင်ကလည်း မျက်နှာမမြင်ရခင်က စိတ်ထဲမှာ ဘယ်လိုပဲရှိရှိ မျက်နှာမြင်ရတဲ့အခါတော့ ကိုယ့်သားကို ချစ်ရှာမှာပါပဲ။ ဖခင်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးကတော့ ဘာပြောစရာရှိမလဲ။ သားဆိုတဲ့ မေတ္တာစိတ်အပြင် ထီးမွေနန်းလျာဆိုတဲ့ မျှော်လင့် အားထားစိတ်ပါပေါင်းပြီး အချစ်က ကြီးချင်တိုင်း ကြီးတော့မှာပေါ့။ အဲ အထိန်းတော်၊ အချော့တော်ဆိုတာတွေကတော့ ဘယ်လိုစိတ်ထားကြမယ်ထင်သလဲ။ အခု သူတို့အားထားမှီခိုနေရတဲ့ ဗိမ္ဗိသာရမင်းကြီးဆိုတာ သောတာပန် အရိယာ ရှင်ဘုရင်ကြီးလည်းဖြစ်၊ မြတ်စွာဘုရားရှင် ကျောင်းဒကာကြီးလည်းဖြစ်တယ်။ ဒီကလေးက ကြီးလာရင် ဖအေသတ်မယ့်သား၊ တစ်နည်းပြောရရင် သူတို့ရဲ့ မှီခိုအားထားရာကို ဖျက်ဆီးပစ်မယ့် ကလေးဆိုတဲ့ အသိများက လွှမ်းမိုးထားတော့ ဘုရင့်အမိန့်ကြောင့် ပြုစုဆက်ဆံနေရပေမယ့် သူတို့စိတ်ထားတွေကတော့ သူတို့ရဲ့ မျက်နှာမှာ အမြဲပေါ်လွင်နေမှာပဲ။ မိခင်ကလည်း သားဆိုတဲ့ ချစ်ခြင်းရှိတာက ရှိတာတခြားပဲ။ အဖကိုသတ်လိမ့်မယ်ဆိုတဲ့ သံသယမျက်နှာထားကတော့ ကင်းနိုင်မှာ မဟုတ်ဘူး။

အဲဒီတော့ အဇာတသတ် လူလားမြောက်လာ

ခဲ့တဲ့ ဘဝလမ်းကြောင်းတစ်လျှောက်မှာ မေတ္တာဓာတ်နဲ့ မေတ္တာရဲ့ အရိပ်အယောင်ဆိုတာ ဖခင် ဗိမ္ဗိသာရမင်းကြီးနဲ့ တွေ့ရတဲ့ အချိန်ပိုင်းလေးလောက်ပဲ ရှိမယ်။ ကျန်တဲ့အချိန်တွေ အားလုံးမှာ မေတ္တာခန်းနေသူတွေရဲ့ သံသယမျက်လုံးတွေနဲ့ပဲ အမြဲရင်ဆိုင် မနေရလောက်ပေဘူးလား။ ဒီလိုအခြေအနေရှိတဲ့ ပတ်ဝန်းကျင်မှာ လူလား မြောက်ခဲ့ရတဲ့ အဇာတသတ်ရဲ့ စိတ်ထား၊ မျက်နှာထားကတော့ ဘယ်လိုဓာတ်တွေ ကူးစက်နေမလဲဆိုတာ ခန့်မှန်းသာ ကြည့်ကြပေရောတဲ့။

အဇာတသတ်ရဲ့ ဘဝနဲ့ ပတ်သက်လို့ မိခင်နဲ့ ပတ်ဝန်းကျင်မှာသာ ချို့ယွင်းခဲ့တာ မဟုတ်ပါဘူး။ ဖခင်ဖြစ်တဲ့ ဗိမ္ဗိသာရမင်းကြီးမှာလည်း တာဝန် မကင်းဘူး။ ချို့ယွင်းချက်ရှိတယ်လို့ပဲ ပြောရမယ်။ သူက သောတာပန် အရိယာ ပုဂ္ဂိုလ်ကြီးလည်းဖြစ်၊ ဘုရားရှင်ကျောင်းဒကာကြီးလည်းဖြစ်လို့ ဘုရားသွားကျောင်းတက်ဆိုတာ တယ်ပြတ်မှာ မဟုတ်ဘူး။ အဲဒီခေတ်ကာလက သာဝတ္ထိပြည်မှာ ဘာသာရေးက အတော်ထွန်းကား တွင်ကျယ်နေကြပြီ။ လူကြီးလူကောင်းစာရင်းဝင်ဖို့အတွက် ဘာသာရေးနဲ့ ကင်းလို့ကို မဖြစ်တော့တဲ့ အခြေအနေမျိုး ဖြစ်နေပြီ။ အဇာတသတ်ရှင်ဘုရင်ဖြစ်ပြီးလို့ သူ့ဒုက္ခတွေ ငြိမ်းဖို့ တိုင်ပင်တဲ့အခါ သူ့အနားမှာ ခစားနေတဲ့ အမတ်တွေက သူတို့ကိုးကွယ် ဆည်းကပ်ရာ ဘာသာရေးဂိုဏ်းဆရာ

အသီးသီးရဲ့ ဂုဏ်တွေကို ဖော်ပြီး သွားရောက်တွေ့ဆုံဖို့ အကြံပေးကြတာကို ကြည့်ပါလား။ ဘာသာရေး ဘယ်လောက် တွင်ကျယ်နေပြီလဲ သိသာတယ်။

ဘုရားရှင်အပေါ်မှာ သဗ္ဗညုတဉာဏ်တော်ရှင်ကြီးဖြစ်တယ်ဆိုတာ ဗိမ္ဗိသာရမင်းကြီးအနေနဲ့ သံသယမရှိ ယုံကြည်ပြီးသားဖြစ်တဲ့ သောတာပန် အရိယာကြီးပဲ။ တကယ်ဆိုရင် ဒီကလေးသန္ဓေတည်စက မိခင်ချင်ခြင်းတပ်တဲ့ကိစ္စကို မြတ်စွာဘုရားထံ လျှောက်ထားခဲ့လို့ ရှိရင်လည်း သဗ္ဗညုတဘုရားရှင်က သောတာပန် အရိယာ မျိုးစေ့ကောင်းလေးဆိုတာကို အမှန်အတိုင်း မိန့်ကြားလိုက်မှာပဲ။ ဒီလိုဖြစ်ခဲ့ရင် ထီးညွန့်နန်းလျာလည်းဖြစ်၊ သောတာပန်လောင်းလည်း ဖြစ်တယ်ဆိုတဲ့ သားသန္ဓေအပေါ်မှာ မိခင်ရဲ့ မေတ္တာတရားဟာ ချစ်ခြင်းနဲ့အတူ အားထားလေးစားတဲ့စိတ်ပါ ပိုလာဦးမယ်။ ဒီလိုဆိုရင် ကလေးရဲ့အမည်တောင်မှ "အဇာတသတ္တု" လို့ မဖြစ်တော့ဘဲ "အဇာတအရိယာ=မမွေးဖွားခင်က အရိယာအဖြစ် ထင်ရှားသူ"လို့တောင် တင်စား မှည့်ခေါ်လာနိုင်တယ်။

သာဝတ္ထိရဲ့ ယဉ်ကျေးမှုတွေထဲမှာ ဘုရားသွားကျောင်းတက်ဆိုတာ လူယဉ်ကျေးတွေရဲ့ သင်္ကေတတစ်ခုဖြစ်နေပြီ။ ဘာသာမဲ့သမားရယ်လို့ ခေတ်မစား၊ လူရာမဝင်တဲ့ အခြေအနေမျိုးလိုတောင် ဖြစ်နေတဲ့ အခြေအနေမှာ တခြားမိဘတွေဟာ သားငယ်သမီးငယ်

တွေကို ဘုရားသွားကျောင်းတက် အတူခေါ်သွားရာက ခုနစ်နှစ် အရွယ်လောက်နဲ့ သောတာပန်ဖြစ်ကြ၊ သာသနာ့ဘောင်ဝင်ကြတာတွေတောင် ရှိနေကြပြီ။ ဗိမ္ဗိသာရက ဒီအချက်ကို မေ့ချန်ခဲ့တယ်။ ဒီနေရာမှာတော့ ဗိမ္ဗိသာရဟာ အနာထပိဏ်သူဋ္ဌေးကြီးနဲ့ အတော်ကွာတယ်။ သူဋ္ဌေးကြီးကတော့ သူ့သား ပေတေတေသမားကို ဘုရားကျောင်း သွားအောင် ဆုပေးစနစ်နဲ့ ကျင့်သုံးပြီး လူကောင်းသူကောင်းဖြစ်အောင် အားထုတ်ပေးခဲ့ တယ်။ ဘာပဲဖြစ်ဖြစ် ဒီအရွယ်မှာသာ အဇာတသတ်မင်းသား ဘုရားရှင်နဲ့ တွေ့ခဲ့ရင်လည်း သူ့စိတ်ဓာတ်၊ သူ့ဘဝဟာ ပြောင်းလဲသွားမှာ အမှန်ပဲ။ သောတာပန်မျိုးစေ့ကောင်း တစ်ယောက်ဟာ ဘုရားရှင်နဲ့ အချိန်မီ တွေ့ခွင့်ရရင် မျိုးစေ့မှန် အပင်မှန် ပေါက်လာမှာ မလွဲဘူး။

အဇာတသတ် အရွယ်ရောက်လာပြီ။ ပတ်ဝန်းကျင်က သံသယမျက်လုံးနဲ့ ကြည့်သူတွေရဲ့ မျက်နှာထားနဲ့ သူ့အပေါ် မေတ္တာစစ်နဲ့ ကြည့်တဲ့ ဗိမ္ဗိသာရရဲ့ မျက်နှာထားတို့ ကွဲပြားခြားနားတာကိုလည်း အကဲခတ်နိုင်ပြီ။ သူကလည်း သူ့ပတ်ဝန်းကျင်မှာ အကျိုးလိုလားသူနဲ့ မလိုလားသူတို့ကို ခွဲခြားသိတတ်လာပြီ။ နန်းတွင်း ပတ်ဝန်းကျင်မှာတော့ ဖခင်ကြီးကလွဲရင် အားလုံးလိုလိုဟာ ဗေဒင်ဆရာစကားကိုပဲ အခိုင်အမာ စွဲနေကြပြီ။ ဒီအချိန်ဟာ ဗိဇနဲ့ ပတ်ဝန်းကျင်တို့ရဲ့ အားပြိုင်ပွဲပဲ။

ပစ္ဆိမဘဝိကသားလို့ခေါ်တဲ့ အခုဘဝမှာ မုချ

ရဟန္တာဖြစ်ရမယ့် အင်္ဂုလိမာလတို့လို ပုဂ္ဂိုလ်မျိုးအပေါ်မှာ ပတ်ဝန်းကျင်ရဲ့အရှိန်အဝါက ဘယ်လိုမှ သက်ရောက်နိုင်စွမ်း မရှိပေမယ့် သောတာပန်အရိယာမျိုးစေ့လောက်ကတော့ အနာထပိဏ်၊ ဝိသာခါတို့လို ဆုကြီးပန်တွေ မဟုတ်ခဲ့ရင် ပတ်ဝန်းကျင်က လွှမ်းမိုးသွားနိုင်တာ တွေ့ရတယ်။ မကောင်းတဲ့ဘက်မှာလည်း အလားတူပဲ။ ဒေဝဒတ်တို့၊ စိဉ္စမာဏတို့လို သံသရာနဲ့ချီပြီး ရန်ငြိုးထားခဲ့သူများကလွဲရင် ဗီဇအပေါ် ပတ်ဝန်းကျင်က လွှမ်းမိုး သက်ရောက်သွားစမြဲပါပဲ။

အဇာတသတ်ရဲ့ အခြေအနေကတော့ ပတ်ဝန်းကျင်မှာ ဖခင်ကလွဲရင် ဘယ်လူကြီးလူကောင်းကမှ လူရာသွင်းပြီး အပေါင်းအသင်း မလုပ်ကြတဲ့ သဘောမျိုးပါပဲ။ သူ့နဲ့ပေါင်းသင်းစရာဆိုရင် သူ့လို အပယ်ခံတစ်စုလောက်ပဲ ရှိနေတော့မှာပေါ့။ ခေတ်ယဉ်ကျေးမှုအရ ကိုးကွယ် ဆည်းကပ်စရာ ဆရာဒကာဆိုတာ မရှိပြန်ရင်လည်း လူရာမဝင်ချင်ပြန်ဘူး။ ဒါကြောင့် ကိုးကွယ် ဆည်းကပ်စရာ ဆရာတစ်ဦးရှိဖို့ လိုအပ်တယ်။

အဇာတသတ်ရဲ့ ဒီလိုအခြေအနေကို အခွင့်အရေးအဖြစ် အသုံးချဖို့ ကြိုးစားသူကတော့ ဒေဝဒတ်ပါပဲ။ သူက နန်းတွင်းမှာ အရှယ်ရောက်တဲ့အထိ ကြီးပြင်းလာရသူပီပီ လောကအရေးမှာ အတော်ကျွမ်းပုံရပါတယ်။ သာသနာ့ဘောင်မှာ ရဟန်းပြုခဲ့ပြီး လောကီ

အဘိညာဉ်လောက်အထိ ရထားပေမယ့် လောကုတ္တရာတရားထူးအတွက်တော့ သူ့စိတ်ဓာတ်အရကိုက ပါရမီဓာတ်ခံ ဝေးခဲ့တယ်။ အခုလည်း မြတ်စွာဘုရားရှင်နဲ့ တပည့်သာဝကကြီးတွေ လောကထဲမှာ နေလို လလို ထင်ရှားနေတာဟာ အသိုင်းအဝိုင်းနဲ့ ဒကာ၊ ဒကာမ အင်အားတောင့်တင်းလို့ပဲလို့ ယုံကြည်နေတယ်။ သူ့အကြံက မြတ်စွာဘုရားရှင်လည်း သက်တော်ကြီးပြီ။ သံဃာပရိသတ်ကို သူကလွှဲယူပြီး အားကိုးလောက်တဲ့ ဒကာကောင်းတစ်ယောက်ရဲ့ အကူအညီနဲ့ သူ့အရှိန်အဝါကို တည်ထောင်မယ်လို့ ကြံစည်နေတာ။

ဒါနဲ့ သူ့ရဲ့ လောကီအဘိညာဉ်အစွမ်းနဲ့ အဇာတသတ်ကို အံ့ဩလောက်အောင် လုပ်ပြပြီး စည်းရုံးတော့တာပါပဲ။ တရားအသိဝေးပြီး လောကီတန်ခိုးကို ကိုးကွယ်ရာလို့ အထင်ကြီးမိတဲ့အတွက် အဇာတသတ်ကလည်း ယုံကြည်ကိုးစားသွားတော့တယ်။ ဆည်းကပ်စရာ အားထားကိုးကွယ်ရာကို ရှာရာက ဒေဝဒတ်နဲ့ ဆုံမိသွားတဲ့ အဇာတသတ်ရဲ့ အဖြစ်ကတော့ ရောဂါပျောက်ဖို့ တောထဲ ဆေးမြစ်ရှာထွက်ခါမှ မြွေပွေးတက်နင်းမိသူထက် ဆိုးပါတော့တယ်။

ဆရာဒေဝဒတ် တိုက်တွန်းချက်အတိုင်း ထီးနန်းကို မရအရယူဖို့ ကြိုးစားရာမှာ ဝှက်ယူလာတဲ့ ဓားမြှောင်နဲ့ အတူမိလို့ရှင်ဘုရင်ဆီ ခေါ်သွားတော့ သားအပေါ် အချစ်ကြီးသလောက် မျှော်လင့်အားထားတဲ့

ဗိမ္ဗိသာရက ထီးနန်းစည်းစိမ်ကို အလွယ်တကူ လွှဲအပ်ပေးလိုက်ပါတယ်။ 'သူ ရှင်ဘုရင်ဖြစ်ပြီ' ဆိုတာလျှောက်ထားတော့ ဒေဝဒတ်က 'မြေခွေးကို အတွင်းမှာထားပြီး သားရေနဲ့ စည်ကျက်ရင် ကိုက်ထွက်သွားမှာပေါ့ကွ။ ရှင်ဘုရင်ကို အသက်ရှင်လျက်ထားပြီး ထီးနန်းလွှဲယူထားလို့ လုံခြုံမှု ဘယ်ရှိမလဲ။ အပြတ်ရှင်းရမယ်' လို့ တိုက်တွန်းပြန်တာနဲ့ နောက်ဆုံးတော့ အဇာတသတ်ဟာ 'အဖသတ်ကံ'ဆိုတဲ့ အဆုံးစွန်၊ အမိုက်မဲဆုံးကံကြီးကို ကျူးလွန်မိသွားရပါတော့တယ်။

ဒေဝဒတ်ကိုယ်တိုင်ကလည်း မြတ်စွာဘုရားထံက သံဃာပရိသတ်ကို လွှဲအပ်ဖို့ တောင်းခံတယ်။ သူက မင်းမျိုးမင်းနွယ်ပီပီ သာသနာတော်ကို အရိုက်အရာသဘောနဲ့ လွှဲအပ်လို့ရမယ်ထင်နေတာကိုး။မြတ်စွာဘုရားက တရားသဘောနဲ့ ဆုံးမတာကိုလည်း နားမဝင်တော့ဘူး။ နောက်ဆုံးတော့ မြတ်စွာဘုရားရှင်ကို အသက်အန္တရာယ်ပြုဖို့ ကြိုးစားတော့တာပဲ။

အဇာတသတ်ဘုရင်ဟာ ကိုယ်တိုင် အဖသတ်ကံကြီးကို ကျူးလွန်ရရုံမကသေး ဒေဝဒတ်က ဘုရားရှင်ကို လုပ်ကြံရာမှာလည်း သူရဲ့လေးသမားတွေကို စေလွှတ်ကူညီပေးရတယ်။ လုပ်ကြံဖို့ လွှတ်လိုက်သမျှလေးသမားတွေလည်း ဘုရားရှင်နဲ့တွေ့တော့ အမြင်မှန်ရပြီး ရဟန်းဖြစ်ကုန်၊ ဂိဇ္ဈကုဋ်တောင်ကအဆင်းကျောက်မောင်းနဲ့ဆင်ပြီး ကြံစည်တာလည်း မအောင်

မြင်ဖြစ်ရတော့ နောက်ဆုံးမှာ အဇာတသတ်မင်းပိုင်တဲ့ နာဠာဂီရိဆင်ကြီးကို အရက်တွေ မူးအောင်တိုက်ပြီး မြတ်စွာဘုရားရှင် ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံကြွချိန်မှာ အနင်းခိုင်းတော့တာပဲ။

ရဟန်းဖြစ်တဲ့ ဒေဝဒတ်ရယ်၊ ဘုရင် အဇာတသတ်ရယ်၊ တိရစ္ဆာန်ဖြစ်တဲ့ နာဠာဂီရိဆင်ကြီးရယ် ပေါင်းပြီး ကြံစည်တဲ့ ဒီပွဲဟာ ဒေဝဒတ်ဘဝရဲ့ နေဝင်ချိန်ကို အဆုံးအဖြတ်ပေးတဲ့ ပွဲကြီးပဲ။ မြတ်စွာဘုရားရှင်ရဲ့ မေတ္တာအစွမ်းကြောင့် တိရစ္ဆာန်ဖြစ်တဲ့ နာဠာဂီရိဆင်ကြီးက အံ့ဩလောက်အောင် ယဉ်ကျေးသိမ်မွေ့ပြီး ဘုရားရှင်ရဲ့ အဆုံးအမကို နာခံနေတာ မြို့သူမြို့သားတွေ မျက်ဝါးထင်ထင် မြင်တွေ့ရတဲ့အခါ ဒေဝဒတ်ရဲ့ အကြံယုတ် အကျင့်ယုတ်တွေကို တစ်မြို့လုံးက ဝိုင်းဝန်းရှုတ်ချကြပြီး ဘုရင်ကိုလည်း ဒေဝဒတ်နဲ့ မပေါင်းဖို့ ဝိုင်းဝန်းတောင်းဆိုကြလို့ အဇာတသတ်လည်း ဒေဝဒတ်နဲ့ အဆက်အသွယ်ဖြတ်လိုက်တယ်။ ဒေဝဒတ်ရဲ့ ဘဝဟာလည်း နေညိုချိန်မက နေဝင်ခါနီး ရောက်သွားတော့တာပါပဲ။ ဒီဇာတ်လမ်းရဲ့ ဇာတ်သိမ်းပုံကလည်း အတော်ကို ကမောက်ကမနိုင်တဲ့ ပြောစမှတ်ကြီးတစ်ခုပါ။

ရဟန်းတော်ဖြစ်တဲ့ ဒေဝဒတ်က ဘဝရဲ့ နောက်ဆုံးအချိန်မှာ ပျံတော်မမူရရှာပဲ အဝီစိအထိ နစ်တော်မူရတယ်။

ရှင်ဘုရင် အဇာတသတ်လည်း နတ်ရွာမစံရဘဲ လောကကုမ္ဘီဆိုတဲ့ ငရဲမှာခံရတယ်။ ဒါတောင် ဘုရားရှင်နဲ့ အတွေ့စောလိုက်လို့ အဝီစိမရောက်လိုက်ရတာ။

တိရစ္ဆာန်ဖြစ်တဲ့ နာဠာဂီရိဆင်ကြီးကတော့ ဘုရားရှင်ရဲ့ အဆုံးအမကိုနာခံပြီး အရက်သောက်တာ၊ သတ္တဝါတွေကို ညှဉ်းဆဲတာတွေ ရှောင်ကြဉ်တဲ့အတွက် သေချိန်မှာ နတ်ရွာစံရပါသတဲ့။

အဇာတသတ်ဟာ ဖခင်လည်းဆုံးပြီ၊ ဆရာရင်းဖြစ်တဲ့ ဒေဝဒတ်နဲ့လည်း လမ်းခွဲခဲ့ပြီ။ သူ့ရဲ့ လုပ်ရပ်မှားကြီးကိုလည်း ကိုယ်တွေ့ကိုယ်ကြုံ သိမြင်ခံစားနေရပြီ။ ထီးနန်းစည်းစိမ်ကြီး ရထားပေမယ့် အိပ်မယ်လို့ ကြိုးစားလိုက်တိုင်း ဓားတွေ၊ လှံတွေနဲ့ ဝိုင်းပြီးထိုးကြခုတ်ကြတော့မလို အရိပ်နိမိတ်တွေမြင်ပြီး ကြောက်လန့်နေရလို့ သူတစ်ပါးတွေအတွက် အိပ်စက်နားနေချိန်ဖြစ်တဲ့ ညဉ့်အခါဆိုတာ သူ့အတွက်တော့ ပစ္စုပ္ပန်ငရဲကျချိန်ကြီးအဖြစ် ညစဉ်ကြုံတွေ့ ခံစားနေရတယ်။

နောက်ဆုံး ဖခင်က မွေးစားခဲ့တဲ့ မွေးစားနောင်တော် ဇီဝကရဲ့ အကူအညီနဲ့ မြတ်စွာဘုရားထံရောက်လို့ သာမညဖလသုတ် ဒေသနာကြီးကို လျှောက်ထားနာကြားခွင့်ရတော့မှ ဒီဒုက္ခတွေက လွတ်မြောက်ခဲ့တော့တယ်။ ဒီတရားနာပြီးတဲ့အခါ သူ့ရဲ့ ပီဇပါရမီဟာ သောတာပန်ဖြစ်လောက်တဲ့ မျိုးစေ့ကောင်းဖြစ်ခဲ့တယ်ဆိုတာ သိရပေမယ့် အချိန်နှောင်းသွားပြီ။ ဘာနဲ့မှ

ချေဖျက်လို့မရတဲ့ ပဋ္ဌာနန္တ ရိယကံကြီးက သူ့ရဲ့ ပါရမီမျိုးစေ့ကို ဖျက်ဆီးပြီးသွားပြီ။

ချေဖျက်လို့ မရလောက်တော့တဲ့ ကံကြီးကို ကျူးလွန်ခဲ့မိပေမယ့် အဇာတသတ်ဟာ ဘုရားရှင်မိန့်တော်မူသလို အရိယာဖြစ်လောက်တဲ့ တိဟိတ်စစ်စစ်ဆိုတဲ့ ဇာတိကိုတော့ ပြခဲ့ပါတယ်။ သူများတွေလို "တစ်တက်စားလည်း ကြက်သွန်ဖြူ၊ နှစ်တက်စားလည်းကြက်သွန်ဖြူပဲ"ဆိုတဲ့ အောက်တန်းကျတဲ့ စိတ်မျိုးမထားဘူး။

အပြစ်ကို အပြစ်လို့ရှုမြင်၊

တရားနဲ့အညီ ကုစား၊

နောင် ဘယ်တော့မှ မဖြစ်စေရဘူးလို့ ဆုံးဖြတ်စောင့်စည်း။

ဒါဆိုရင် မြတ်စွာဘုရားရှင်ရဲ့ "တရားသဖြင့်ဆုံးမရာ သာသနာတော်မှာ ကြီးပွားချမ်းသာကြောင်းသာဖြစ်တယ်"ဆိုတဲ့ ဘုရားရှင် အဆုံးအမကို ဦးထိပ်ရွက်ပန်ဆင်ပြီး ရတနာသုံးပါးကို အတိုင်းထက်အလွန်ချီးမြှောက်ပူဇော်တယ်။ ပုထုဇဉ်ထဲမှာ သူ့ရဲ့သဒ္ဓါတရားကို ဘယ်သူမှ လိုက်မမီအောင် အသာဆုံးဖြစ်အောင်ကြိုးစားတယ်။ ဒါတွေကြောင့်လည်း သူကျူးလွန်ခဲ့တဲ့ကံဟာ နှစ်ပေါင်းကုဋေကုဋာကြာမယ့် အဝီစိငရဲအထိကျရောက်နိုင်ပေမယ့် အနှစ်ခြောက်သောင်းသာ ကြာမယ့် လောကကုမ္ဘိငရဲမှာသာ ခံစားရတော့တယ်။အဝီစိ

ကျရမယ့်သူ လောဟကုမ္ဘီရဲလောက် ကျခံရတာဟာ တစ်သက်တစ်ကျွန်းကျရမယ့်သူ ချုပ်ရက်ရမန် တစ်ပတ်နဲ့ တရားသေလွတ်ခဲ့ရသလောက် ကွာပါတယ်။ ဒါကြောင့် အဋ္ဌကထာဆရာက "သေလောက်တဲ့အပြစ်ကို ကျူးလွန်ခဲ့ပြီး ပန်းတစ်ဆုပ်နဲ့ ကျေအေးသွားလိုက်သလိုပါပဲ"လို့ မှတ်ချက်ချပါတယ်။

ထိုက်သင့်တဲ့ အပြစ်ဒဏ်ကျခံပြီး ပါရမီဆက်လက်ဖြည့်ဆည်းပြီးတဲ့အခါ "ဝိဇိတာဝီ"အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓအဖြစ်နဲ့ ပရိနိဗ္ဗာန်ပြုရလိမ့်မယ်လို့ မြတ်စွာဘုရားက နိယတဗျာဒိတ်စကားနဲ့ မိန့်ကြားတာကိုလည်း ခံယူရရှိလိုက်ပါတယ်။ သောတာပန်မျိုးစေ့ ရှုံးခဲ့ပေမယ့် ပစ္စေက ဗုဒ္ဓမျိုးစေ့ကို အရယူနိုင်အောင် ပြန်လည်ကြိုးစားခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် သံသရာခရီးဆိုတဲ့ ဒုက္ခမီးတွေဝိုင်းဝိုင်းလည်နေတဲ့ ခရီးကြမ်းကြီးဖြစ်တယ်ဆိုတာ သဘောပေါက်မိရင်တော့ နောက်ထပ်ရရှိတဲ့ ပစ္စေကဗုဒ္ဓမျိုးစေ့ထက် ဒီဘဝမှာ ရရှိတဲ့ သောတာပန်မျိုးစေ့က မြတ်နိုးစရာ အမှန်ပါ။ ဒါပေမဲ့ အစဉ်အလာဓလေ့ဟောင်းတွေ လွှမ်းမိုးဆဲဖြစ်တဲ့ မိခင်နဲ့ပတ်ဝန်းကျင်တို့ကြောင့် အဓာတသတ်ရဲ့ဘဝက "ဗေဒင်ဆရာ ပုဏ္ဏားများရဲ့ ပါးစပ်ဖျားမှာပဲ ကံကြမ္မာတန်ရာနဲ့ လွဲခဲ့ရတဲ့အဖြစ် ရောက်သွားခဲ့ရပါတယ်"လို့ ကွင်းကျောင်းဆရာတော်က အကျယ်တဝင့် သုံးသပ်ဆွေးနွေးပြ

ပါတယ်။

မိမိတို့ စာလိုက်သံဃာများကတော့ အဇာတသတ်မင်းဟာ"မိုးခါးမိခံရတဲ့ မျိုးစေ့ကောင်းလေး" လို့ မှတ်ချက်ချကြပါတယ်။

ဒီမိုးခါး ဘယ်ကစပြီး ရွာချခဲ့သလဲ။

သားသမီးကောင်း မိဘဖြစ်လိုသူတိုင်း စဉ်းစားကြဖို့ပါ။

မျိုးစေ့ကောင်းကလေးများ မေတ္တာမိုးနဲ့ ထိတွေ့နိုင်ကြပါစေ။

❑

## အိုလေကောင်းလေ ဟောင်းလေသစ်လေ

**ဒီလို သတိသံဝေဂနဲ့ယှဉ်တဲ့ တရားတွေက ကောင်းလည်းကောင်းတဲ့ တရားတွေပါ။ အရင်က မဖြစ်ပေါ်ဖူးသေးဘူး ဆိုတော့ သစ်လည်းသစ်တဲ့ တရားတွေလို့ ဆိုရမှာပေါ့။**

သင်္ကြန်ဒုတိယအကြတ်နေ့ ညနေပိုင်းမှာ ဥပုသ်သည် ဒကာကြီးသုံးလေးဦးက အိမ်ပြန်ခါနီး လာပြီးဝတ်ပြုရင်း 'အရှင်ဘုရားကတော့ တပည့်တော်တို့ အားတက်လာအောင် ဟောနေတာပဲဘုရား'ဆိုပြီး စကားကို ရပ်လိုက်တယ်။ 'အဲဒါ ဘာဖြစ်လဲဒကာကြီး၊ အမှန်မဟုတ်ဘဲ တမင်သက်သက် မြှောက်ဟောနေတယ် ထင်လို့လား' ဆိုတော့ 'ဒီလိုတော့လည်း မဟုတ်ပါဘူးဘုရား၊ ဒါပေမဲ့ အိုလာပြီဆိုရင် ဘာမှမကောင်းတော့တာတော့ အမှန်ပဲဘုရား။ အားလုံး ပျက်စီးယိုယွင်းကုန်ပါပြီ။ ဘာမှကို တယ်အသုံးမကျချင်တော့ဘူး'လို့ လျှောက်ထားပါတယ်။

'မဟုတ်သေးပါဘူး ဒကာကြီးရဲ့။ သေသေချာချာစဉ်းစားပါဦး။ မြတ်စွာဘုရားက 'မနုဿတ္တဘာဝေါ ဒုလ္လဘော၊ လူ့ဘဝဆိုတာ ရခဲတယ်၊ အဖိုးတန်တယ်'လို့ ဟောထားပါတယ်။ မြတ်စွာဘုရားစကားကိုတော့ ယုံတယ် မဟုတ်လားဆိုတော့ 'ယုံတော့ ယုံပါတယ် ဘုရား၊ ဒါပေမဲ့ ဘာမှ အသုံးမကျတာကလည်း ကိုယ်တွေ့ကိုယ်ကြုံဆိုတော့ ပြောရခက်သားဘုရား'တဲ့။

ဒါပေမဲ့တွေဘာတွေ လုပ်မနေပါနဲ့ ဒကာကြီးရဲ့။ မြတ်စွာဘုရားပြောတဲ့ လူ့ဘဝဆိုတာ ဘယ်အရွယ်ရယ်လို့ ကန့်သတ်ချက် မပါပါဘူး။ လူဖြစ်နေသမျှ အဖိုးတန်တာပါပဲ။ အဲ ကိုယ့်တန်ဖိုးကိုယ် သိတတ်ဖို့နဲ့ အသိအမှတ်ပြုဖို့တော့ လိုတာပေါ့ဒကာကြီးရဲ့။ ဒကာကြီးပြောတဲ့ 'အားလုံး ပျက်စီးယိုယွင်းကုန်ပါပြီ'ဆိုတာ ဘာကိုပြောချင်တာလဲ။ ဆံဖြူတာ၊ မျက်စိမှုန်၊ နားထိုင်း၊ ခါးကိုင်း၊ သွားကြွေ၊ အရေတွန့်တာတွေ၊ အရိုးက ခန္ဓာဝန်ကိုတောင် ကောင်းကောင်းထောက်တည် မပေးနိုင်တော့လို့ အထိုင်လေး အထလေး အသွားအလာ နှေးကွေးတာတွေ၊ ဒါတွေကို ပြောချင်တာ မဟုတ်လားဆိုတော့ 'မှန်ပါ အရှင်ဘုရား ပြောတဲ့အတိုင်းပါပဲဘုရား' တဲ့။

ဒကာကြီးတို့က ဦးပဉ္ဇင်းပြောတာတွေဟာ သက်ကြီးရွယ်အိုတွေကို စိတ်ဓာတ်မကျအောင် သက်သက်မြှောက်ပြောနေတာလို့ ထင်နေပုံ ရတယ်နော်၊ 'လူ'

ဆိုတာ ရုပ်တရား၊ နာမ်တရားနှစ်ခု အစုအဝေးဖြစ်တယ် ဆိုတာလောက်တော့ သဘောကျရဲ့ မဟုတ်လား။

'မှန်ပါ့၊ ဒါလောက်တော့ တပည့်တော်တို့လည်း ကောင်းကောင်း သဘောပေါက် လက်ခံပါတယ်ဘုရား'

'အေး အဲဒီ ရုပ်နာမ်ဆိုတဲ့ တရားနှစ်မျိုးထဲမှာ အခုနပြောခဲ့တဲ့ ဆံဖြူ နားထိုင်း စတာတွေဟာရုပ်တရား တွေလား၊ နာမ်တရားတွေလား'

'ရုပ်တရားတွေပါ ဘုရား'

စောစောက ဒကာကြီး ပြောတော့ 'အားလုံး ပျက်စီးယိုယွင်းကုန်ပြီ'လို့ ပြောတယ်နော်။ အခု အဲဒီ ပျက်စီးယိုယွင်းတဲ့ တရားတွေကို စာရင်းကောက်ကြည့် လိုက်တော့ ရုပ်တရားတွေချည်း ဖြစ်နေပါတယ်ဗျ။ နာမ်တရားဖြစ်တဲ့ 'စိတ်'မပါသေးပါဘူး။ ဒီလိုဆို 'အားလုံး'လို့ ပြောနိုင်ပါ့မလား။ ရုပ်တွေအိုတာ၊ ရုပ်တွေ ပျက်စီးယိုယွင်းတာလို့သာ ဆိုရမှာပါ။ စိတ်ကအိုလည်း မအိုပါဘူး။ ပျက်လည်း မပျက်စီးပါဘူး။ ဟုတ်တယ် မဟုတ်လား။ ဖြစ်ပျက် ဖြစ်ပျက်ဆိုတဲ့ အပျက်က တစ်မျိုးနော်။ အခုပြောနေတာက ရုပ်တွေ အသုံးမကျ အောင် ပျက်စီးသလို၊ စိတ်က အသုံးမကျတော့ဘူး ဆိုတဲ့ ပျက်စီးနည်းမျိုးနဲ့ မပျက်စီးသေးပါဘူးလို့ ပြောတာ၊ ကွဲအောင်လည်း နှလုံးသွင်းဟုတ်လား။ ဘဝတစ်ခုရဲ့ အသားတင် အရှုံးအမြတ်ဆိုတာ 'နာမ်' လို့ခေါ်တဲ့ စိတ်မှာ ယှဉ်တွဲဖြစ်ပေါ်နေတဲ့ 'စေတနာ

တရားလေး'က 'ကံ'ဆိုတဲ့ အမည်ခံယူပြီး အဲဒီ ကံ တရား အကောင်းအဆိုးအတိုင်း အရှုံးနဲ့အမြတ်ကို တွက်ကြည့်ရတာမျိုးပါ။ 'သဗ္ဗေသတ္တာ ကမ္မသကာ၊ သတ္တဝါတိုင်းဟာ ကံသာလျှင် အသားတင်လက်ကျန် ဖြစ်လို့ ကိုယ်ပိုင်အမွေအနှစ်အစစ်'လို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။ ဒကာကြီးတို့မှာ ရုပ်ခန္ဓာကိုယ် ကြီးမကောင်းတော့ပေမယ့် စိတ်ကတော့ ငယ်ငယ်ကနဲ့ အခုအရွယ် ဘယ်ဟာက ပိုကောင်းလာတယ်ထင်သလဲ။ ဒကာကြီးတို့ ပါးစပ်ထဲမှာ အလွတ်ရပြီး ပြောပြောနေ ကြတာ ရှိပါတယ်။ 'စိတ်သာ ရှင်စော၊ ဘုရားဟော' ဆိုတာလေ။ အဲဒါက ဓမ္မပဒမှာ မြတ်စွာဘုရား ဟော ထားတဲ့ 'မနော ပုဗ္ဗင်္ဂမာဓမ္မာ၊ မနေသေဋ္ဌာ မနောမယာ' ဆိုတဲ့ ပါဠိကိုထောက်ပြီး ပြောထားတဲ့ စကားဗျ။

သေချာစဉ်းစားကြည့်ရင် တစ်ဘဝအတွက် ကံအာမခံကြေးပေးပြီး ခဏငှားထားတဲ့ ရုပ်ခန္ဓာကြီး ကသာ အိုတာ ပျက်တာပါဗျ။ တကယ်အရေးပါတဲ့ စိတ်ဆိုတဲ့ နာမ်တရားလေးက မအိုသေး၊ မပျက်သေးဘူး မဟုတ်လားဆိုတော့ 'တင်ပါ့၊ ဒါတော့လည်း ဟုတ် တုတ်တုတ်ပဲ ဘုရား'တဲ့။

ဒကာကြီးတို့ ငယ်ငယ်ကတည်းက နေလာတဲ့ အိမ်ကြီးတစ်အိမ် အိုမင်းယိုယွင်းပြီး နောက်ဆုံး ပြိုလဲ သွားဦးတောင် အဲဒီအိမ်ထဲက အတွင်းပစ္စည်းလို့ ဆိုရ မယ့် ကိုယ့်အတွက် အသုံးကျတဲ့ပစ္စည်း၊ အဖိုးတန်တဲ့

ပစ္စည်းတွေကို အချိန်မီ ထုတ်ယူထားနိုင်ရင် နောက်ထပ် အိမ်သစ်ဆောက်ရလည်း ပစ္စည်းဥစ္စာကတော့ ချို့တဲ့ မသွားဘူး မဟုတ်လား။ ခုလည်း ခန္ဓာအိမ်ကြီးကို အဲဒီလိုနည်းနည်း စဉ်းစားကြည့်ပါလား။ ဘဝအသစ် အတွက် အသားတင်အဖြစ်နဲ့ ကိုယ်ပိုင်ကောင်းတဲ့ကံ တွေကို ထုတ်ယူထားနိုင်ခဲ့ရင် ချို့တဲ့နိုင်စရာ ရှိပါ့ မလား။

ပြီးတော့ ဒကာကြီးတို့က 'ဘာမှ အသုံးမကျ တော့ပါဘူး'လို့ ပြောတယ်နော်။ ဦးပဥ္စင်းခဏခဏ ပြောပါတယ်။ ဘဝတစ်ခုမှာ ငယ်စဉ်အရွယ်ဆိုတာ ရပ်နိုင်လောက်အောင် လေ့ကျင့်တဲ့အရွယ်၊ ခပ်ရိုင်းရိုင်းပဲ ပြောကြပါစို့။ ဦးပဥ္စင်းတို့ ဆရာတော်ကြီး မိန့်ကြားတဲ့ ဥပမာအတိုင်း ပြောရရင် ဘဝကိုရုန်းနိုင်အောင် ထမ်းပိုး ကျင့်ပေးနေတဲ့အရွယ်ပဲ။ နောက် အိုးနဲ့အိမ်နဲ့ ထူထောင် ပြီး၊ သားကျွေးမှု၊ မယားကျွေးမှုအတွက် ရှာဖွေလုပ်ကိုင် ရတဲ့အရွယ်က အဓိကအနေနဲ့ 'ရုန်း'နေကြရတာပါ။ အခု မရုန်းနိုင်တော့ဘူးဆိုတော့ ဒကာကြီးတို့က အသုံး မကျတော့ဘူးလို့ ပြောလာတယ်။ သေချာ စဉ်းစား ကြည့်ရင် အသုံးမကျတာ မဟုတ်ဘူး ဒကာကြီးရဲ့။ ရုန်းမရတော့တာပါ။ မြတ်စွာဘုရား အဆုံးအမတော် အရ သတိရှိနေသမျှ သုံးလို့လည်းရတယ်၊ အသုံးလည်း ကျတယ်။ ဘုရားရှင်လက်ထက်က တချို့ဆို ဒီအရွယ် ရောက်မှ သုံးရကောင်းမှန်းသိပြီး သုံးလိုက်ကြတာ

အရိယာပုဂ္ဂိုလ်တွေကို ဖြစ်ပြီး အလွန့်ကို တန်ဖိုးတက်သွားကြတာ ဒကာကြီးတို့လည်း ကြားဖူးကြမှာပါ။

ကဲ တစ်ခုလောက် 'ဇျူး'ကြည့်စမ်းပါဦးမယ်။ အခု ဒကာကြီးတို့မှာ ရုပ်ခန္ဓာကိုယ်ကြီးဟာ အရင်ကနဲ့ မတူတော့ဘဲ ချွတ်ယွင်း ဖောက်ပြန်နေတယ်ဆိုတာ ကိုယ်ပိုင်အသိနဲ့ သဘောပေါက်သလား၊ မပေါက်ဘူးလား။

'ဒါကတော့ ကိုယ်တွေ့ကိုယ်ကြုံပဲဘုရား၊ ဘယ်သဘော မပေါက်ဘဲ ရှိမလဲ'

အေးလေ ဒါဖြင့် အဘိဓာသုတ်မှာ မြတ်စွာဘုရားက အိုမင်းခြင်း၊ ယိုယွင်းခြင်း သဘောရှိတာကို 'ငါဟာ ဒီသဘောရှိတယ်လို့ မပြတ်နှလုံးသွင်း ဆင်ခြင်နေပါ၊ အဲဒါ အမှန်တရားပဲတဲ့' အမှန်ကို အမှန်အတိုင်းသိနေတာကို ယထာဘူတဉာဏ် (ဟုတ်မှန်တဲ့အတိုင်းသိတဲ့ဉာဏ်)လို့ခေါ်တယ်။ အဲဒါ ဝိပဿနာ ကုသိုလ်လို့ခေါ်တာပေါ့။ လောကီကုသိုလ်တွေထဲမှာ ဒါနကုသိုလ်၊ သီလကုသိုလ်တွေထက် အဆင့်မြင့်တဲ့ကုသိုလ်လည်း ဖြစ်တယ်။ အဲဒီလို နှလုံးသွင်းပြီး သိနေအောင် ဒကာကြီးတို့ လုပ်လို့မရဘူးလား။ ရတယ်ဆိုရင် ရုပ်က ပျက်ပေမယ့်၊ စိတ်က မပျက်တဲ့အပြင် ပိုတောင်ကောင်းလာတာပဲ မဟုတ်ဘူးလားဗျာ။

အရင်က (အဲ...ရုန်းနေရတဲ့ အချိန်တွေတုန်းက) ဒီလို သံဝေဂနဲ့ယှဉ်တဲ့ သတိတရားတွေ မှတ်မှတ်ရရ

ဖြစ်ခဲ့ဖူးရဲ့လား။ သတိတရား မပြင်ရင် အသိတရားဆို တာလည်း ဘယ်ဖြစ်တော့မလဲပေါ့နော်။ အခု အသက် ကလေးထောက်လာတော့မှ ဒီသတိ၊ ဒီအသိတွေ ပိုပြီး တော့ ဖြစ်လာတယ်ဆိုတာတော့ သေချာတယ်နော်။ အဲဒီလို သတိသံဝေဂနဲ့ယှဉ်ပြီး ကိုယ်ပိုင်အသိအနေနဲ့ ဖြစ်ပေါ်လာတဲ့တရားတွေက ကောင်းလည်းကောင်းတဲ့ တရားတွေ၊ ပြီးတော့ အရင်က ပြောပလောက်အောင် မဖြစ်ခဲ့ဖူးဘဲ အခုမှ ဖြစ်လာတာဆိုတော့ သစ်လည်း သစ်တဲ့ တရားတွေလို့ကော မဆိုနိုင်ပေဘူးလားဗျာ။

ဒီလိုဆိုရင် မနက်က ဦးဥ္ဂင်းဟောခဲ့တဲ့ 'အိုလေ ကောင်းလေ ဟောင်းလေ သစ်လေ'ဆိုတာ ဒကာကြီး တို့ အားတက်အောင် သက်သက်ကြံဖန် ဟောနေတာ လား။ တကယ် အားတက်စရာတွေဖြစ်လို့ ဟောရတာ လားဆိုတာ ပြန်ပြီး သုံးသပ်လို့ ရပြီပေါ့နော်။

'အချိန်ရှိသရွေ့ ကြာလေယွင်းလေ ဖြစ်နေတော့ လည်း စိတ်ပျက်စရာကြီး ဘုရား'

ဒကာကြီးကလည်း လုပ်လိုက်ပြန်ပြီ။ ကဲ ဒီလိုဆိုရင် ဦးပဥ္ဇင်း ဥပမာတစ်ခု ဆောင်ပြီး ရှင်းပြ ဦးမယ်။ ဒီဥပမာကို ပိုပြီးသဘောပေါက်အောင်ကတော့ ဟိုဘက်က ဒကာကြီးကို မေးမှဖြစ်တော့မယ်။ ဒကာကြီး က ကုန်စုံဆိုင်ဖွင့်ပြီး လက်လီလက်ကား ရောင်းလာခဲ့ တာ ကြာပြီဆိုတော့ ပိုပြီး နားလည်လိမ့်မယ်။

ဒကာကြီးတို့ဆိုင်မှာ အမြဲဝယ်နေကျ ဖောက်

သည်တွေ ဆိုပါတော့ဗျာ။ အဲဒီဖောက်သည်တွေက ပစ္စည်းတွေ အများကြီး မပြတ်ဝယ်လာနေတဲ့အခါ 'ဆိုင်ကပစ္စည်းတွေ လျော့နည်းကုန်ပြီ' လို့များ တွေးပြီး စိတ်ပျက်ဖူးသလား။ ဘာဖြစ်လို့ စိတ်မပျက်တာလဲ။ အေး...တန်ရာတန်ဖိုးကို အမြတ်အစွန်းပါ ရလိုက်လို့ပေါ့။ တန်ဖိုးမရဘဲ ပစ္စည်းတွေ ကုန်သွားတာဆိုရင်တော့ စိတ်ပျက်မိမှာပေါ့နော့။

ကဲဗျာ၊ ကျုပ်တို့ရဲ့ ခန္ဓာကိုယ်ကြီးက ကုန်စုံဆိုင်ကြီးတစ်ခုလို့ ဆိုကြပါစို့။ ဆိုင်ရှင်က စိတ်လို့ခေါ်တဲ့ နာမ်တရားပေါ့။ သူက ဦးဆောင်ပြီး သူ့မှာယှဉ်တဲ့ စေတနာတရားက 'ကံ' အဖြစ်နဲ့ အမြတ်အရှုံး စာရင်းပြုရမှာကိုး ဟုတ်လား။ ရုပ်အစုအဝေးတွေ ဆိုတာက နာမ်တရား အသုံးချဖို့အတွက် ရောင်းကုန်တွေလို့ပဲ ဆိုကြပါစို့။ ကိုယ်က ရောင်းချင်သည်ဖြစ်စေ၊ မရောင်းချင်သည်ဖြစ်စေ သူ့ကို ပုံမှန်လာဝယ်နေတဲ့ ဖောက်သည်တွေက ရှိပြီးသားဗျ။ ခန္ဓာကိုယ် ဥပဒေအရ ဒီဖောက်သည်တွေကို 'မရောင်းချင်ဘူး၊ မပေးချင်ဘူး' လို့လည်း ငြင်းခွင့် မရှိဘူးနော်။

အဲဒီဖောက်သည်တွေ ဆိုတာကတော့ 'အချိန်နဲ့ အပေါင်းပါများ' လို့ ဆိုရမှာပေါ့။ အချိန်က ကျုပ်တို့ ခန္ဓာကိုယ်ထဲက ရုပ်အစုအဝေးကို ပုံမှန်လာယူနေတာပဲ။ အဲ...ကျုပ်တို့ထင်သလို မတရားလာယူတာလည်း မဟုတ်ဘူး၊ သူခိုးကျင့် သူခိုးကြံနဲ့ တိတ်တဆိတ်

လာယူတာလည်း မဟုတ်ပါဘူး။ ရိုးရိုးသားသား ပြောင်ပြောင်တင်းတင်း လာတာပါ။ သူလာတာကို အချက်ပေး အသိပေးဖို့အတွက် သူ့ရဲ့အပေါင်းအသင်း အဖြစ် အမြဲခေါ်လာလေ့ရှိတာကတော့ 'ဇရာ'ပေါ့ဗျာ။ သူကလည်း ခြေဖွနင်းပြီး ပိုင်ရှင်မသိအောင် တိတ်တဆိတ်လာတာ မဟုတ်ပါဘူး။ ခြေသံပြင်းပြင်း ခြေနင်းကြမ်းကြမ်းနဲ့ လာတာပါ။ စောစောကပြောခဲ့တဲ့ ဆံဖြူတယ်၊ နားထိုင်းတယ် စတာတွေဟာ သူ့ခြေနင်း ဒဏ်တွေပေါ့။ အရေတွန့်တာ၊ အရိုးမခိုင်တော့တာ တွေလည်း သူ့ခြေရာနဲ့ သူ့ဒဏ်ချက်တွေပါပဲ။

ခန္ဓာကိုယ် ကုန်စုံဆိုင်ကြီးထဲက ဆံပင်ရဲ့အနက်ရောင်တွေ မျက်စိ၊ နား၊ လျှာတို့ရဲ့ အကြည်ဓာတ်တွေကို ယူသွားတဲ့အခါတိုင်း သူက 'ကျုပ်က ဇရာတရားနော်၊ သခ်ါရနယ်ရဲ့ ကိုယ်စားလှယ်ပါ။ ခင်ဗျား ခန္ဓာထဲကို ကျုပ် အမြဲလာတယ်။ သခ်ါရတရားရဲ့ တာဝန်ပေးချက်အရ နုပျိုမှုလေးတွေ ယူသွားရပါလိမ့်မယ်။ စိတ်မရှိပါနဲ့ဗျာ၊ ဒါကို သဘာဝတရားလို့ ခေါ်တယ်ဗျ။ အဲဒါကို ခင်ဗျားက သတိရှိရှိနဲ့ သိနေပေါ့နော်။ ဒီလို သိနေရင် ခင်ဗျားမှာ အရှုံးမရှိပါဘူး။ တကယ့် အမှန်တရား (သစ္စာ)ကို သိတဲ့ အရိယာအဆင့်ထိ ခင်ဗျား မြင့်မြတ်သွားပြီး၊ ကျုပ်တို့တစ်တွေရဲ့ နှိပ်စက်မှုနယ်က လုံးဝ လွတ်မြောက်တဲ့နေရာ(နိဗ္ဗာန်)အထိ ရောက်နိုင်တဲ့ ကိုယ်ပိုင်ရိက္ခာတွေ ရမှာပါ'လို့တောင် ပြောသွားပါ

သေးတယ်။

သူက ခပ်ကျယ်ကျယ် အော်ပြောနေတာတောင် ကျုပ်တို့ ဆိုင်ထိုင်ကြီး 'ကိုရွှေစိတ်'က ငိုက်ကောင်းတုန်း၊ စိတ်ကူးယဉ် အိပ်မက်မက်လို့ ကောင်းတုန်း၊ သူပေးတဲ့ တန်ဖိုး ယူမထားလိုက်မိဘူး။ ငိုက်ရာက လန့်နိုးချိန်လေးရောက်မှ အချိန်က ဇရာနဲ့ပေါင်းပြီး ငါ့ခန္ဓာကိုယ်က နုပျိုမှုတွေ ခိုးသွားတယ်လို့ အလန့်တကြား ထအော်တော့တာ မဟုတ်လား။

တစ်ခါတလေတော့လည်း အချိန်က ခပ်ကြမ်းကြမ်းလေး သတိပေးချင်တဲ့အခါ ဇရာအပြင် ဗျာဓိကိုပါ အဖော်ခေါ်လာတယ်။ ဒီအဖော်နှစ်ယောက်က သူငယ်ချင်းရောင်းရင်းတွေ ဖြစ်ပေမယ့် အကြိုက်ချင်းက မတူဘူး။ ဇရာက နုပျိုခြင်းကို ကြိုက်တယ်။ နုပျိုခြင်းကိုမှ ရွေးစားတယ်။ နုပျိုခြင်းတွေကို အငမ်းမရ ကြိုက်တတ် စားတတ်လွန်းလို့လည်း ဇရာဆိုတဲ့ နာမည်တစ်လုံးနဲ့ သတ္တလောကတစ်ခုလုံး ဖိမ့်ဖိမ့်တုန်နေရတာပေါ့။ သူပေးတာ မယူတတ်သူတိုင်း သူ့ကို ကြောက်နေကြရတာပါပဲ။ သူ ပေးတဲ့ တန်ဖိုးကို ယူတတ်သူတွေကျတော့လည်း ဖောက်သည်ကြီးတွေနဲ့ ပလဲနံပကို သင့်လို့ပေါ့။ ဟုတ်တယ်လေဗျာ၊ သူပေးတဲ့ တန်ဖိုးက နည်းနည်းနောနောလား၊ သံဝေဂဉာဏ်တို့ အနိစ္စဒုက္ခဆိုတဲ့ လက္ခဏာရေး အမှန်ကိုသိတဲ့ ဝိပဿနာဉာဏ်တို့ကို ပေးနေတာကိုး။

ဗျာဓိကတော့ ကျန်းမာခြင်းကို ကြိုက်တယ်၊ အမြဲတမ်းကြီးတော့လည်း သိသိသာသာ မလာဘူး။ ခန္ဓာက အစား၊ အနေ၊ ရာသီဥတု မဆင်ခြင်တဲ့ အခါမျိုးမှ လာလေ့ရှိတယ်။ လာပြီး ကျန်းမာမှုကို စားသွားတယ်။ သူကလည်း ဇရာနည်းတူ တန်ရာ တန်ကြေး ပေးခဲ့တာပါပဲ။ ကျုပ်တို့က သူပေးတဲ့တန်ဖိုးကို ငြင်းဆန်ပြီး သမားတော်တွေ အကူအညီနဲ့ သူ့ကို ခုခံဖို့တောင် ကြိုးစားလိုက်သေးတယ်။ 'အေး... ငယ်ရွယ်တုန်း ကံတက်တုန်းတော့ ဒီလို အကပ်အရပ်တွေနဲ့ ရှောင်ချင် ရှောင်ကြည့်ဦးပေါ့လေ။ အိုမင်းမစွမ်းအချိန်အထိ ဒီလိုပဲ ငြင်းဆန်နေရင်တော့ ဘာတန်ဖိုးမှမရလိုက်ဘဲ အလကားရှုံးသွားမယ်'လို့တောင် သူက ကြိမ်းမောင်းသွားလိမ့်မယ်။ ဒါက သူ့အဆိုး မဟုတ်ဘူး။ သူပေးတဲ့ တန်ဖိုးကို ငြင်းဆန်ပြီး သူ့ကို အာခံလို့ ကြိမ်းမောင်းတာ၊ သွားမလုပ်နဲ့လေ။ သူကလည်း သင်္ခါရသူကြီးမင်းရဲ့ အထူးအာဏာရ ကိုယ်စားလှယ်တော်ကြီးဗျ။

ယဉ်ယဉ်ကျေးကျေး တန်ရာတန်ဖိုးပေးပြီးမှ ယူစားတတ်တဲ့ ဇရာတို့၊ ဗျာဓိတို့လာတုန်း ကိုယ်က သူပေးတဲ့တန်ဖိုးကို ကြည်ကြည်ဖြူဖြူ ယူချင် ယူထားနော်။ ကလန်ကဆန် လုပ်နေလို့ နောက်ဆုံး 'မရဏ' ဆိုတဲ့ အဖော်ကို အချိန်က ခေါ်လာပြီဆိုရင်တော့ ဘာမှ လုပ်ချိန် ရလိုက်မယ် မဟုတ်ဘူး။ တစ်ဘဝကို အလကား ပေးပစ်လိုက်ရလိမ့်မယ်။

ဇရာလာရင် အိုမှန်းသိ၊ အသိတန်ဖိုး ရလိမ့်မယ်။

ဗျာဓိလာရင် နာမှန်းသိ၊ အသိတန်ဖိုး ရလိမ့်မယ်။

အဲဒီရတဲ့ တန်ဖိုးတွေက တကယ်ကိုယ်ပိုင်အစစ်၊ ဘဝရဲ့ အမွေအနှစ်ဗျ။

ဒကာကြီးတို့ ဒေဝဒူတသုတ်ဆိုတာ ကြားဖူးမယ် ထင်ပါတယ်။ ဓမ္မကထိက ဆရာတော်တွေ ခဏခဏ ဟောပါတယ်။ ကျုပ်တို့ ခန္ဓာကို မရဏက အပိုင်သိမ်းယူ သွားပြီးတဲ့အခါကျတော့ ယမမင်းက စစ်ဆေးတယ်တဲ့။ ခုနပြောတဲ့ ဇရာတို့ ဗျာဓိတို့လာစဉ်က သူတို့ပေးတဲ့ တန်ဖိုးကို ယူထားလိုက်ရဲ့လားလို့ စစ်မေးတာပါပဲ။ ယူထားမိရင်တော့ သုဂတိဘဝ ပြန်သွားဖို့ ရိက္ခာပြည့်စုံတယ်လို့ ဆုံးဖြတ်သတဲ့။ ယူမထားမိပါဘူး ဆိုရင်တော့ သင့်အတွက် ကောင်းရာကောင်းကြောင်း အကာအကွယ် ပေးစရာ ဘာမှမရှိဘူးဆိုပြီး လက်လျှော့လိုက်သတဲ့။ အထက် (သုဂတိ)ကို မတက်နိုင်ဘူးဆိုမှတော့ အောက်(ဒုဂ္ဂတိ)ရောက်ရတော့မှာပေါ့။ ကြားထဲမှာ ရပ်နေလို့ ရတာမှ မဟုတ်ဘဲ။ သံသရာ နယ်ပယ်ကြီးကလည်း ခပ်စောင်းစောင်းကြီး သဘောမျိုးလို့ တောင် ဆိုရမလား မသိပါဘူးဗျာ။ အထက်မတက်နိုင် (သုဂတိ ဘုံမှာ ရပ်တည်ခွင့်မရ)ရင် အောက်လိမ့်ကျသွားရတတ်တာမျိုးကြီးဗျ။

အဲ–တန်ရာတန်ဖိုး ရယူတတ်တဲ့ ပုဂ္ဂိုလ်တွေ

အဖို့ကတော့ ဒကာကြီးတို့ တစ်တွေ ဈေးမှာ ရောင်းတဲ့ ကုန်စုံဆိုင်ကို လာနေကျဖောက်သည်တွေအပေါ် ကျေးဇူး တင်ကြ ခင်မင်ကြသလိုပေါ့ဗျာ။ ဇရာ၊ ဗျာဓိ တို့ဟာ အတော်ကျေးဇူးတင်စရာ ခင်မင်စရာ ဖြစ်ပုံ ရတယ်ဗျ။ ဒါကြောင့်လည်း သုဂတိဘုံတွေ အများ ကြီးထဲမှာ ဒီလို သစ္စာရှိတဲ့ ဖောက်သည်ကောင်းကြီးတွေ ထင်ထင်ရှားရှားရှိတဲ့ လူ့ဘုံမှာသာ လောကရဲ့ အမြတ် ဆုံးဖြစ်တဲ့ ဘုရားအစရှိတဲ့ အရိယာပုဂ္ဂိုလ်တို့ မွေ့လျော် ကြတာတဲ့ဗျ။ ဘုရားအစရှိတဲ့ အရိယာ ပုဂ္ဂိုလ်တို့ဆိုတာ လည်း တကယ်တော့ ဒီ 'ဇရာ၊ ဗျာဓိ' လို့ လူတွေ သိထားကြတဲ့ သင်္ခါရတို့ရဲ့ သဘောအမှန်တွေ ကပေးတဲ့ တန်ဖိုးတွေကို အပြည့်အဝ အရယူနိုင်ကြလို့ သင်္ခါရ နယ်ထဲက လွတ်ရန်းနိုင်တဲ့ အသိစွမ်းအားတွေ ဖြစ်ပေါ် လာပြီး ဒုက္ခအားလုံးက လွတ်ရာဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင် သွားကြတာပါ။

ဒကာကြီးတို့လည်း ဒီလောက်မြတ်တဲ့ တန်ဖိုး တွေကိုသာ ရနိုင်မယ်၊ တန်ဖိုး အစစ်အမှန်ရဲ့ နိဗ္ဗာန် အထိ ပို့ပေးနိုင်တဲ့အစွမ်း သတ္တိကိုလည်း တကယ်သိရှိ မယ်ဆိုရင် ဒီဖောက်သည်ကြီးတွေနဲ့ အမြဲတမ်း တွေ့ကြုံ ဆက်ဆံနေရတာကို စိတ်ပျက်ကြမယ် မဟုတ်ပါဘူး နော်။ ခုတော့ သူတို့ကပေးပေမယ့် ကိုယ်က မယူလိုက် မိလို့ မရဘူး။ ရအောင်မယူလိုက်နိုင်တာဟာ ကိုယ်က ပေါ့ဆလို့ပဲလို့လည်း မသိတတ်ကြတော့ ဇရာဗျာဓိတို့

ဆိုတာ ကျုပ်တို့ရဲ့ နှပျိုမှုနဲ့ ကျန်းမာမှုတွေကို အတင်း လုယူ ခိုးယူနေကြတဲ့ လူဆိုးကြီးတွေလို မှတ်ထင်နေကြ တော့တာပေါ့။ ဟုတ်တယ် မဟုတ်လား။

စာတွေထဲမှာတော့ ဖတ်ရဖူးတယ်ဗျ။ ခုခေတ် စူပါမားကက်ဆိုတဲ့ ကုန်တိုက်ကြီးတွေမှာ ဆိုင်ထဲက ပစ္စည်းတွေ လာယူတဲ့ လူဆီက တန်ရာတန်ဖိုးတွေ တောင်းယူထားနိုင်အောင် အချက်ပေးတဲ့ ကွန်ပျူတာ စက်တွေ တပ်ဆင်ထားကြသတဲ့။ ဒါကြောင့် အဲဒီ ကုန်တိုက်ကြီးတွေမှာ ပစ္စည်းပေးလိုက်ရတဲ့အခါ တန်ရာ တန်ဖိုးမရတာရယ်လို့ မရှိနိုင်ဘူးတဲ့။

ကျုပ်တို့ ခန္ဓာကိုယ်မှာလည်း ဒီလို အချက်ပြတဲ့ ကွန်ပျူတာတွေ တပ်ဆင်ထားဖို့ လိုလိမ့်မယ်နော်။ 'ဒါမျိုးရှိရင်တော့ ကောင်းတာပေါ့' ဟုတ်လား။ ရှိပါ တယ်ဗျာ။ မြတ်စွာဘုရားရှင်ကိုယ်တိုင် ညွှန်ပြခဲ့တဲ့ ကွန်ပျူတာပါပဲ။ ဒီကွန်ပျူတာကို ခန္ဓာမှာ အမြဲတပ်ဆင် ထားဖို့လည်း နေ့စဉ်ဩဝါဒပေးခဲ့တာပါ။ နောက်ဆုံး ပရိနိဗ္ဗာန် စံဝင်ခါနီးဆဲဆဲမှာတောင် ကျုပ်တို့ အကြောင်း တွေ ကြိုသိထားလို့ နောက်ဆုံးစကားအနေနဲ့ မှတ်မှတ် ရရ မှာကြားသွားသေးတယ်လေ။ 'အပ္ပမာဒေန သမ္ပာဒေထ၊ သတိနဲ့ ပြည့်စုံအောင်နေကြ' ဆိုတာလေ။ ခန္ဓာကိုယ်မှာ သတိဆိုတဲ့ ကွန်ပျူတာ တပ်ဆင်ထားကြ။ မင်းတို့ ခန္ဓာကိုယ်မှာ ဘာမှ အချည်းနှီး ဆုံးရှုံးမသွား နိုင်တော့ဘူး။ ရုပ်ခန္ဓာကြီးကို ဇရာ၊ ဗျာဓိတို့က

ယူသွားသလောက် နာမ်ခန္ဓာမှာ 'အသိ'ဆိုတဲ့ တန်ဖိုး အမြတ်အစွန်းတွေ ရနေမယ်၊ ဒီတန်ဖိုးတွေဟာ နိဗ္ဗာန်ကိုတောင် ဝယ်ယူနိုင်တယ်။ အဲသလောက် ကြီးမားတဲ့ တန်ဖိုးတွေလို့ ဆိုလိုတာပေါ့။

ကဲ... ဘယ့်နှယ်လဲ၊ နိဗ္ဗာန်ကို ဝယ်နိုင်လောက်တဲ့ တန်ဖိုး အမြတ်အစွန်းတွေ ရမယ်ဆိုရင် ဒီဇရာတို့ ဗျာဓိတို့ဆိုတဲ့ ဖောက်သည်ကြီးတွေ မပြတ်လာနေတာဟာ ကောင်းသလား၊ ဆိုးသလားဆိုတာ သဘောပေါက်ပြီ မဟုတ်လား။ အဲဒါကြောင့် ဦးပဥ္စင်းက 'အိုလေကောင်းလေ'လို့ ပြောတာပါ။ ပြီးတော့ ဒီတန်ဖိုးတွေက ငယ်ငယ်ရွယ်ရွယ်မှာ ရယူနိုင်ခဲတယ်၊ အခုလို 'ဇရာ' တရား ပီပြင်လာချိန်ရောက်မှ ရလာတတ်တာဖြစ်လို့ အခုမှ အသစ်ရတာ၊ ခန္ဓာကြီးဟောင်းလာမှ အသစ်ရရှိတာဖြစ်လို့ 'ဟောင်းလေသစ်လေ'လို့ ပြောရတာပါ။

ကဲ... ဒီလောက်ဆို သဘောပေါက်ကြရောပေါ့လို့ မိမိက စကားဖြတ်လိုက်တော့ ဒကာကြီးတစ်ယောက်က 'အရှင်ဘုရား ရှင်းပြလို့ ဇရာနဲ့ဗျာဓိဆိုတာကတော့ တပည့်တော်တို့ကို တန်ရာတန်ကြေး အမြတ်ပါပေးတတ်တဲ့ ဖောက်သည်ကြီးတွေဆိုတာ ဟုတ်ပါပြီ။ 'မရဏ'ဆိုတာကြီးကတော့ ကောင်းကို မကောင်းနိုင်ဘူးဘုရား။ တပည့်တော်တို့က ဇရာနဲ့ ဗျာဓိပြီးရင် ဒီမရဏကြီးက မကြာခင် ရောက်လာတော့မှာဆိုတော့ အိုတာဟာ သေတာရဲ့ရှေ့ပြေးကြီးလို ဖြစ်မနေပေဘူး

လား။ ဒီလို တွေးလိုက်ရင်တော့ အိုတာကို ကျေနပ်နိုင်စရာ ဖြစ်ပါ့မလား'လို့ စကား ဆက်လိုက်ပြန်ပါတယ်။

အိုခြင်း၊ နာခြင်းလို့ အမည်တပ်ထားတဲ့ သင်္ခါရတို့ရဲ့ အနိစ္စသဘောကို တကယ်သိပြီးတဲ့ ပုဂ္ဂိုလ်များအဖို့တော့ ဒီပြဿနာက မရှိနိုင်ပါဘူး။ တကယ့်တရားအစစ် ဆိုတာ စိတ်ကူးနဲ့ ကြံဆကြည့်ရုံနဲ့တော့ သံသယ ကင်းလောက်အောင် သဘောမပေါက်နိုင်ဘူး ဒကာကြီး။ ဒါပေမဲ့ ဒကာကြီးပြောတဲ့အထဲမှာ 'အိုတာဟာ သေခြင်းနဲ့ ပိုနီးလာတယ်' ဆိုတာကတော့ ဟုတ်မယ်မထင်ပါဘူး။ ကမ္ဘာ့စစ်တမ်း ကောက်ယူရေးအဖွဲ့တွေက ထုတ်ပြန်တဲ့ စာရင်းဇယားတွေဆိုတာ ရှိတယ် ဒကာကြီး၊ အဲဒီထဲမှာ ကလေးငယ်တွေရဲ့ သေပျောက်နှုန်းက လူအိုတွေရဲ့ သေပျောက်နှုန်းထက်တောင် များနေပါသေးတယ် ဒကာကြီး။ အိုတာနဲ့ သေတာဘာမှ မဆိုင်ဘူး။ 'အိုတာကော သေတာကော နှစ်ခုလုံးက မွေးဖွားလာခြင်းနဲ့သာ ဆိုင်တယ်' 'ဇာတိပစ္စယာ ဇရာမရဏံ'လို့သာ ဘုရားဟောရှိပါတယ်။

ပြီးတော့ သေတယ် (မရဏ)ဆိုတာကြီးကတော့ ကောင်းကို မကောင်းဘူးလို့ ပြောတယ်နော်။ ဒကာကြီးတို့ ကျုပ်တို့တစ်တွေဟာ သုဂတိလူ့ဘုံကို အခု စားမဦးချ အနေနဲ့ အဦးဆုံး ရောက်လာကြသူတွေ မဟုတ်ဘူးနော်။ ဘိုးဘွားဘီဘင် အဆက်ပေါင်းကို မရေမတွက်နိုင်ကြတော့တဲ့ အဆက်ဆက်တွေရဲ့ နောက်

က အခုရောက်နေကြတာ ဟုတ်တယ် မဟုတ်လား။ ‘ကျုပ်တို့ ဘိုးဘွားဘီဘင် အဆက်ဆက်တွေကတည်းက တကယ်လို့သာ ဒီ “မရဏ” တရားကြီး မရှိခဲ့ဘူးဆိုရင်’ လို့ ဒကာကြီးစိတ်ထဲ စိတ်ကူးလေးနဲ့ပဲ စဉ်းစားကြည့်ပါ။ လူ့ပြည်ဆိုတာ သုဂတိဘုံစာရင်း ဝင်နိုင်မယ်များထင်သလား။

ဒကာကြီး ‘အဝီစိငရဲ’ဆိုတာ ကြားဖူးတယ် မဟုတ်လား။ ‘အဝီစိ၊ ဆိုတာ အကြား ကွက်လပ် မရှိ’လို့ အဓိပ္ပာယ်ရတယ်။ အဲဒီငရဲမှာ ကျရောက်သူတွေဟာ သူတို့ကံကြွေး မကုန်ရင် ကျွတ်လွတ်သေဆုံးရတယ်လို့လည်း မရှိ။ နောက်ထပ် နောက်ထပ်တွေကလည်း မပြတ်တိုးနေတဲ့အတွက် ကြားကွက်လပ် မရှိတော့ဘူး။ ဝါးဆစ်ဘူးခေါင်းထဲမှာ သဲတွေ (မုန်ညင်းစေ့တွေ) သိပ်ထားသလိုနေရလို့ ‘အဝီစိ’လို့ ခေါ်တာတဲ့။

ကဲ…လူ့ပြည်မှာလည်း‘မရဏ’ဆိုတဲ့ သဘောမရှိရင် ‘အဝီစိ’နဲ့ ထူးပါဦးမလား။ မနေ့ကလည်း ပြောခဲ့ပါပြီ။ လောကဓံဆိုတာ လောကရဲ့ လိုအပ်ချက်အရ ဖြစ်ပေါ်လာရတာပါ။ ဒါဟာ လောကရဲ့ စည်းချက်ဝါးချက်လို သဘောထားပြီး အလိုက်အထိုက်နှလုံးသွင်းနေတတ်မှ သရုပ်မှန်ဘဝဖြစ်မယ် ဆိုတာလေ။ လောကဓံ အဆိုးအကောင်းဆိုတာ ကံအဆိုးအကောင်းတို့ရဲ့ အလှည့်ကျ အကျိုးပေးတွေပဲ ဒကာကြီး။ ဒီလို ကံရဲ့အကျိုးတွေ ထင်ရှားလို့လည်း သုဂတိဘုံတွေထဲမှာ

လူ့ဘုံဟာ အထူးခြားဆုံးနဲ့ အမြင့်မြတ်ဆုံးဘုံလို့ ဘုရားရှင်တို့ သတ်မှတ်တော်မူတာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့သဘော လက္ခဏာအမှန်တွေ ပီပြင်ထင်ရှားတဲ့ဘုံမှာ အလိုက်အထိုက် နှလုံးသွင်းတတ်တဲ့ ယောနိသောမနသိကာရ ရရှိအောင် နေတတ်ရင် ဘယ်အရာမှ မဆိုးပါဘူး။ ကိုယ်က ယောနိသော မနသိကာရဖြစ်အောင် မနေနိုင်တာကသာ ဆိုးနေတာပါ။

ကဲ- ဒကာကြီးတို့ ဦးပဥ္ဇင်းက တရားဟောတာ နာရီဝက်ပဲ ဟောလေ့ရှိတာ။ **အခုဒကာကြီးတို့ တရား** အဆစ်တောင်းခဲ့တာ တစ်နာရီခွဲကျော်သွားပြီ။ ဒကာကြီးတို့လည်း ပြန်ချိန်ရောက်ပြီ။ ဦးပဥ္ဇင်းလည်း နားဖို့တော်ပြီ။ 'အိုလေ ကောင်းလေ၊ ဟောင်းလေ သစ်လေ' ဖြစ်အောင် နှလုံးသွင်းတတ်ဖို့နည်းကိုလည်း မြတ်စွာဘုရားပေးခဲ့တဲ့အတိုင်း ဦးပဥ္ဇင်းပြောပြခဲ့ပြီ။ အပ္ပမာဒေန သမ္ပာဒေထဆိုတဲ့ ဘုရားရှင်မှာတမ်းကလေးကိုသာ အလေးအနက် ထားကြပေရော့။

ဆရာတော်ကြီးတစ်ပါး မိန့်ကြားဖူးသလိုပဲ တရားပွဲမှာ ဘာများ အဖတ်တင်ကျန်ခဲ့သလဲဆိုတော့ နောက်ဆုံး 'လေကုန်သတည်း'ပဲ အဖတ်တင်တယ် ဆိုတာမျိုးတော့ မဖြစ်ကြစေနဲ့နော်၊ ကဲ...နားကြစို့။

❑

## ဒုက္ခကို ဒဏ်ခတ်ကြစို့

**"ဒုက္ခ"ဆိုတဲ့ ကောင်က သူရောက်လာရင် အနည်းဆုံးတော့ ညည်းညူနေမှ ကျေနပ် တာလေ၊ ဖြစ်နိုင်ရင် ငိုကြီးချက်မနဲ့ လူး လိမ့်နေတာကို သူကမြင်ချင်တာကိုး။ကိုယ်က သူ့အလိုနဲ့ဆန့်ကျင်ပြီး ကြည်နူးမပျက် နေပြ လိုက်တော့ သူအတော် ဖြုံသွားပုံ ရတယ်။ ခုဆို ကိုယ့်ဆီ သူ တယ်လာချင်ပုံ မရတော့ ဘူး။**

**[ပရဟိတဆရာတော်ကြီး]**

ဒီဆရာတော်အကြောင်းကို ကြားစကတည်းက ဆရာ တော်ဆီ သွားချင်နေတာ။ အကြောင်းမတိုက်ဆိုင်လို့ တော်တော်နဲ့ မရောက်ဖြစ်ခဲ့ဘူး။

သွားချင်ရတဲ့ အကြောင်းများကတော့ ဒီဆရာ တော်က မိမိရဲ့ ဆရာစဉ်ဆက်တော်တဲ့ ဆရာတော် အရှင်အာဒိစ္စဝံသ (ဆရာကြီး ဦးအောင်မြတ်ထွန်း)ရဲ့ တပည့် အဆက်အနွယ် ဖြစ်တယ်ဆိုတာရယ်၊ ဆရာကြီး

ရဲ့စာတွေ အတော်အတန် စုဆောင်းထားတယ် ဆိုတာ ရယ်ကြောင့် ကိုယ့်မှာမရှိသေးတဲ့ စာအုပ်များရှိရင် ငှားပြီး ကော်ပီလုပ်ယူချင်လို့လည်း တစ်ကြောင်း၊ ပြီးတော့ မိမိနဲ့ခင်မင်ရင်းနှီးလာတဲ့ သူ့တပည့်က တစ်ဆင့် ပြောပြတဲ့ ဆရာတော်ရဲ့ ဒဿနဆန်ဆန် စကားလေးတွေကို စိတ်ဝင်စားရာကနေ ကိုယ်တိုင် တွေ့ဆုံနာကြားလိုတာလည်း တစ်ကြောင်းကြောင့်ပါ။

သူ့တပည့် ပြောပြချက်အရဆိုရင် ဆရာတော် က ပရိယတ္တိမှာလည်း ကျွမ်းကျင်တတ်မြောက်ရုံတင် မကဘူး။ ကိုယ်တိုင်တပည့်အများအပြားကို အတော် ကြာကြာ ပို့ချခဲ့ဖူးတယ်။ ဓမ္မာစရိယ စာမေးပွဲတွေလည်း ရေးကတည်းက အောင်မြင်ထားတာ။ နောက်တော့ ပရိယတ္တိအလုပ်ကို ခဏရပ်နားပြီး ပဋိပတ်အလုပ် ကိုလည်း အတော်လေး ဖွဲကောင်းကောင်းနဲ့ နှစ်အတန် ကြာအောင် အားထုတ်နေခဲ့သေးတယ်။ အခုနောက်ဆုံး မှာတော့ အနယ်နယ်က လာရောက်ကြတဲ့ တိုင်းရင်း သားပေါင်းစုံ ကလေးများကို ပညာစုံသင်ကြားပေးရင်း ပရဟိတလုပ်ငန်းကို ဇောက်ချဆောင်ရွက်နေတဲ့ ဆရာ တော်ဖြစ်တယ်။

ပရိယတ္တိလုပ်ငန်းကို ဇောက်ချ မလုပ်တော့ဘူး ဆိုတာကလည်း အငယ်တုန်းကလို စာသင်တိုက်ကြီး တစ်ခုအဖြစ်နဲ့ စာသင်သားသံဃာအများအပြား လက်ခံ ပြီးတော့ ပို့ချမနေတာကိုသာ ပြောတာ၊ သူ့ကျောင်းမှာ

ရှိသလောက် တပည့်တွေထဲက ဘယ်တပည့်က ဘယ်စာဝါလိုက်ချင်ပါတယ်ဆိုရင် ပို့ချပေးနေဆဲပဲ။ စာလိုက်သံဃာ ဘယ်လောက်ရှိမှရယ်လို့ မဟုတ်ဘူး။ စာတစ်ဝါမှာ တစ်ပါးပဲရှိတယ်ဆိုရင်လည်း သံဃာအများကို ပို့ချနေသလို စိတ်ပါလက်ပါ တက်တက်ကြွကြွပဲ ပို့ချပေးနေတာပဲတဲ့။

'ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း' လို့ ဆိုပေမယ့် ဒီဆရာတော်က ခပ်ငယ်ငယ်ကတည်းက အကြောင်းအင်္ဂါရပ်တွေနဲ့ ညီညွတ်ပေမယ့် အကျိုးဖြစ်တဲ့ ကြီးပွားမှုရယ်လို့ ဘာမှပြောပလောက်အောင် မရှိခဲ့ဖူးဘူး။ အခုအချိန်မှာ သူ့ကျောင်းထွက် တပည့်ကြီးတွေက အဝတ်၊ အရုံ၊ အခြံစတဲ့ ပစ္စည်းကောင်းကောင်းမွန်မွန်ကလေးတွေ သုံးစေချင်လို့ လှူလာရင်လည်း 'မောင်ရင်တို့သာ ကောင်းကောင်းမွန်မွန် သုံးကြပါဗျာ။ တို့ကတော့ အရက်ကိုကာကွယ်နိုင်ရင် ဘယ်သင်္ကန်းမဆို မထူးလှပါဘူး' ဆိုပြီး ငြင်းပယ်လေ့ရှိတယ်။ တပည့်တွေက ဇွတ်အတင်း လှူထားခဲ့လည်း နောက်တစ်ခေါက်ပြန်သွားတဲ့အခါ ဆရာတော်နားမှာ ဘာမှမရှိဘူး။ တခြားက အလည်အပတ်ရောက်လာတဲ့ ပုဂ္ဂိုလ်များမှာ ဟောင်းနွမ်းတာမြင်ရင် လှူပစ်လိုက်တာပဲတဲ့။

ဒီတစ်ခါတော့ ဟုမ္မလင်းမသွားခင် နှစ်ရက်လောက်ကြိုပြီး ဆရာတော်ကြီးရှိရာ မုံရွာကို ရောက်

ဖြစ်အောင် သွားခဲ့ကြတယ်။ မိမိနဲ့ခင်တဲ့ သူ့တပည့်က လည်း ဒီတစ်ခါ စကားဝိုင်းကတော့ ပိုပြီး စိုပြည်လိမ့် မယ်ဆိုပြီး သွားရေးလာရေး ကိစ္စအားလုံး အဆင်ပြေ အောင် စီစဉ်ပေးပါတယ်။

ဆရာတော်ကို တွေ့ရပါပြီ။ သက်န်းနွမ်းနွမ်း၊ အရွယ်ခပ်ကြီးကြီးဖြစ်ပေမယ့် မျက်နှာကတော့ အို သလောက် မနွမ်းဘူး၊ ကြည်ကြည်လင်လင်နဲ့ ဖြောင့် မတ်တည်ကြည်တဲ့ မျက်နှာထားပါပဲ။ မျက်နှာကိုကြည့် ပြီး ခန့်မှန်းကြည့်ရင် တကယ့်အသက်နဲ့ အတော်လေး ကွာသွားနိုင်ပါတယ်။ နုပျိုတယ်လို့ မဆိုနိုင်ပေမယ့် အသက်ထက် အများကြီး လန်းဆန်းကြည်လင်တဲ့ မျက်နှာထားမျိုးပါ။

ဆရာတော်ကို ကျောင်းဝိုင်းအဝနားမှာပဲ ကလေး တွေ အမှိုက်ရှင်းတာကို ကြည့်ရှုညွှန်ကြားနေရင်း တွေ့ရလို့ ထိုင်ပြီးဝတ်ပြုမယ်လုပ်တော့ 'နေ ... နေ ... ကျောင်းပေါ်ရောက်မှ ဝတ်ပြုကြ၊ လာ ကျောင်းကို သွားကြစို့'ဆိုပြီး ရှေ့ကနေ ဦးဆောင်သွားကြတော့ နောက်က အသာလိုက်သွားကြတယ်။ ဆရာတော်နေတဲ့ ကျောင်းက သွပ်မိုး ခပ်အိုအို၊ ဝါးထရံတွေကာလို့၊ ဝါးထရံကလည်း ဘယ်လောက် သက်တမ်းကြာနေပြီ လည်းမသိတော့ဘူး။ ဆွေးတဲ့ပေါက်တဲ့နေရာတွေကို နှီးအသစ်နဲ့ဖာပြီး ပြန်ရက်ထားတာတွေကတော့ မူလ ထရံက နှုတ်ခမ်းသားသာသာပဲ ကျန်တော့တယ်။

'ကျုပ်ဝတ်တဲ့ လုံချည်ကတော့ ရက်ချည်ထက် ချုပ်ချည်က နည်းနည်းပိုများတယ်'ဆိုတာ ဒါမျိုးပဲ ဖြစ်မယ်ထင်တယ်လို့တွေးလိုက်မိတယ်။

ကျောင်းပေါ်မှာတော့ ခေါင်းရင်းက ရှေးဟောင်းလို့ထင်ရတဲ့ ရုပ်ပွားတော်တစ်ဆူနဲ့ စာအုပ်ဗီရိုကြီးထဲက စာအုပ်တွေကလွဲလို့ ဘာမှ ဟုတ်တိပတ်တိမရှိဘူး။ ကျိန်းစက်တဲ့ ခုတင်ကလည်း သူ့အပေါ်တက်ရင် ရှိခိုးပြီး တက်ရမလားတော့ မသိဘူး။ ဆရာတော်ထက် အတော်လေး အသက်ကြီးပုံရတယ်။ လေးဖက်လေးတန်မှာ ပျဉ်များနဲ့ ကျားကန်ပြီး ထိန်းထားရတယ်။

ကျောင်းပေါ်ရောက်ပြီး သိပ်မကြာလိုက်ပါဘူး၊ ဝါသနာတူ ဆရာစဉ်ဆက်တူတွေဆိုတော့ စကားလက်ဆုံကျပြီး တရင်းတနှီးပဲဖြစ်သွားပါတယ်။ အနေခြိုးခြံသလို အပြောမှာလည်း အတော်နိမ့်နိမ့်ချချရှိပေမယ့် အယူအဆ အတွေးအခေါ်နဲ့ ပတ်သက်လို့တော့ အတော်ခိုင်ခိုင်မာမာ လေးလေးနက်နက် သဘောထားတာကို အကဲခတ်မိလိုက်တယ်။

တော်တော်လေး စကားစပ်မိကြတော့ 'ဦးဣန္ဒာစာရ ပြောထားလို့ အရှင်ဘုရားအကြောင်းလည်း တပည့်တော် အနည်းအပါး သိထားပါတယ်။ ရှေးက ဆရာတော်ကြီးများရဲ့ အဆိုအမိန့်ကလေးတွေ စာဖြစ်အောင်ရေးနေဆို၊ အဲဒါလည်း ကောင်းတဲ့ အလုပ်ပဲ'လို့ မိန့်ပါတယ်။

'တင်ပါ့၊ ရေးဖြစ်မိပါတယ် ဘုရား။ အခုတော့ ကုန်ကြမ်းက နည်းနည်းရှားလာပြီဘုရား။ အဲဒါကြောင့် ဆရာတော်နဲ့ စကားစပ်မိရင် ဆရာတော်စကားရော ရှေးဆရာတော်ကြီးများရဲ့ အဆိုအမိန့်ကလေးများရော မှတ်သားစရာ ရမှာပဲလို့လည်း တပည့်တော် တောင့်တ ခဲ့တယ်ဘုရား' ဆိုတော့၊

'အိုး... အရှင်ဘုရားနှယ် ဆရာတော်ကြီးတွေ စကားပဲဖြစ်ဖြစ်၊ ကိုယ့်စကားပဲဖြစ်ဖြစ် ဘယ်သူက သဗ္ဗညုတဉာဏ်နဲ့ ကိုယ်တိုင်ထိုးထွင်းသိတာ ရှိမလဲ။ ဒီလိုပဲ မထေရ်အဆက်ရဲ့ အဆုံးအမတွေနဲ့ပဲ နည်းယူ မှတ်သားပြီး ပြောကြဆိုကြတာပေါ့။ ကိုယ် စဉ်းစား မိတယ်၊ သဘောပေါက်တယ်ဆိုတာတွေဟာလည်း မထေရ်မြတ်တို့စကား အငွေ့အသက်ကင်းတာမှ မဟုတ် ဘဲ။ ကိုယ်သဘောပေါက်သမျှကိုလည်း ရေးရမှာပေါ့' တဲ့။ မမျှော်လင့်ဘဲ မိမိအယူအဆနဲ့ ကိုက်ညီနေလို့ အံ့သြဝမ်းသာ ဖြစ်ရသေးတော့တယ်။

ညပိုင်း စကားပြောဖြစ်ကြတဲ့ အခါမှာတော့ ဆရာရင်း၊ တပည့်ရင်းများလို အတော့်ကို ရင်းနှီးသွား ကြပြီဖြစ်လို့ ဟိုအကြောင်း၊ ဒီအကြောင်းအပြင် ကိုယ် ရေးကိုယ်တာများပါ ပြောဖြစ်ကြတော့တယ်။ ဒါနဲ့ စကားစပ်မိပြီး၊

'ဆရာတော် ကလေးတွေအတွက် ပရဟိတ ကိစ္စတွေ ခုချိန်အထိ ကိုယ်တိုင်လုပ်နေရတာ အတော်

ပင်ပန်းမယ်။ ဒီတာဝန်ကို တပည့်တစ်ပါးနဲ့လွှဲခဲ့ပြီး ဆရာတော့် တပည့်ပင့်တဲ့ ဟုမ္မလင်းမှာ တစ်လှည့် လောက် သီတင်းသုံးကြည့်ပါဦးလား ဘုရား။ အဲဒီမှာ ကိုယ်ရေးကိုယ်တာ တရားအားထုတ်ချင်ရင်လည်း အဆင်ပြေလောက်ပါတယ်' ဆိုတော့၊

'အင်း–အတ္တဟိတအတွက် လုပ်သင့်သလောက် လည်း လုပ်ကြည့်ဖူးပါတယ်။ ကိုယ်က ကျွန်ဇာတာ ပါတယ်ပဲ ပြောရမလား မသိဘူး။ ကိုယ့်အတွက် လုပ်တဲ့အခါ သိပ်အကျိုးမပေးလှဘူး။ သူများအတွက် လုပ်ပေးရတာကမှ အကျိုးလည်းပေးတယ်၊ ဝါသနာ လည်း ပါတာကိုး။

အမှန်ကတော့ အရှင်ဘုရားရယ်၊ ပရဟိတ လုပ်ငန်းဆိုတာ နာမည်ကသာ သူတစ်ပါးအကျိုးဆောင် တယ်လို့ ပြောရတာ။ ဒီအလုပ်ကမှ ကိုယ်ကျိုးအစစ် မဟုတ်လား။ စဉ်းစားကြည့်လေ။ အရှင်ဘုရားတို့ တပည့်တော်တို့ရဲ့ အတ္တဆိုတဲ့ အစွဲကြီးက အနမတဂ္ဂ သံသရာ ကတည်းကစလာကြတာ နည်းတဲ့ထုထည်ကြီး မှ မဟုတ်တာ။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရေးဆိုတာ အတ္တနယ်ကနေ အနတ္တနယ်ထဲ ရောက်အောင် ကူးရမှာ မဟုတ်လား။ အတ္တနဲ့ အနတ္တဆိုတာ ကလေးတွေ ခေါင်းပန်းလှန်သလို ဟိုဘက်ဒီဘက် လှန်လိုက်လို့ ရနိုင်ပါ့မလား။ ဒီလောက် ထုထည်ကြီးနေတာကြီးကို။

အဲဒီတော့ ထုထည်ကြီးပြီး အစိုင်အခဲကြီးလို

ဖြစ်နေတဲ့ အတ္တစွဲကြီးကို ပြန့်ပြီးပါးသွားအောင် အရင် လုပ်ကြရဦးမှာ။ အတ္တနဲ့ အနတ္တ ကူးပြောင်းနိုင်ရေး မှာ ကြားခံဖြစ်တဲ့ ပရဆိုတာကို လူတွေက မေ့နေကြ တယ်။ ပရဟိတ လုပ်တယ်ဆိုတာ ကိုယ့်အတ္တ အစိုင် အခဲကြီးကို ပြန့်ပြီးပါးသွားအောင် ဖြန့်ပစ်လိုက်တာ ပါပဲ။ အတ္တပါးသွားတော့ အနတ္တနယ်ထဲကူးရတာ လွယ်ကူသွားတာပေါ့။ အလောင်းတော်ကြီးတွေ ပါရမီ ဖြည့်ကြတယ်ဆိုတာဟာ တကယ်စဉ်းစားကြည့်လိုက် ရင် "အတ္တ" ကနေ "ပရ"ဆိုတဲ့ ကြားခံနယ်ကြီးကို ဖြတ်သန်းဆောင်ရွက်တာပဲ မဟုတ်လား။ ဒီအတွက် အတ္တတွေပါးသွားတော့ အနတ္တနယ်ထဲ လွယ်လွယ်ကူကူ ကူးသွားနိုင်တာပေါ့။ လူတွေက ဒါကို သဘောမပေါက် ကြလို့ အတ္တနယ်ထဲကနေ "ပရ"နယ်ကို ရှောင်ကွင်းပြီး အနတ္တနယ်ထဲကို နောက်ဖေးပေါက်က ဝင်ဖို့ ကြိုးစား နေကြတာလွယ်နိုင်ပါ့မလားအရှင်ဘုရားရယ်။ ဒါကြောင့် တပည့်တော်ကတော့ ပရဟိတဆိုတာ ကိုယ့်အတ္တကို ပါးသွားအောင် ဖြန့်ပစ်တာဖြစ်လို့ တကယ့်ကိုယ်ကျိုး လုပ်ငန်းအစစ်လို့ အောက်မေ့တာပဲ'တဲ့။

နောက်တစ်နေ့ ပြန်ခါနီး ဝတ်ပြုရင်း စကားစပ် မိကြပြန်တဲ့အခါ 'ဆရာတော်၊ ဆရာတော့်တပည့်များ ကပြောတော့ ဆရာတော်က ကျောင်းကလေး သပ်သပ် ရပ်ရပ် ပြန်ဆောက်ပါရစေဆိုတာလည်း လက်မခံဘူး။ စောင်တို့ အခင်းတို့ သက်န်း၊ ထီး၊ ဖိနပ်တို့ ကောင်း

ကောင်းမွန်မွန် လှူရင်လည်း သူများကို စွန့်ပစ်ပြီး ဆရာတော်ကတော့ ဖြစ်သလိုနေ၊ ဖြစ်သလိုဝတ်၊ ဖြစ်သလိုပဲ စားနေတယ်လို့ ပြောကြတယ်။ ဒါဟာ တမင်သက်သက် ဒုက္ခခံပြီး ခြိုးခြံကျင့်သုံးနေတာလား ဘုရား’ ဆိုတော့၊

‘တပည့်တော် ခုလိုနေတာကို သူတို့က ဒုက္ခ ခံနေတယ်လို့ ထင်နေကြလို့ ပြောကြတာ ဖြစ်မှာပေါ့။ ဘယ်ကလာ ဒုက္ခခံနေတာ ဟုတ်ရမှာလဲ၊ ဒါဟာ ဒုက္ခကို ဒဏ်ခတ်နေတာပါ။ အရှင်ဘုရား စဉ်းစား ကြည့်။ ‘ဒုက္ခ’ ဆိုတဲ့ကောင်က သူရောက်လာရင် အနည်း ဆုံးတော့ ညည်းညူနေမှ ကျေနပ်တာလေ၊ ဖြစ်နိုင်ရင် ငိုကြီးချက်မနဲ့ လူးလိမ့်နေတာမျိုးမှ သူက ကျေနပ် တာကိုး။ ကိုယ်က သူ့အလိုနဲ့ ဆန့်ကျင်ပြီး အပြုံးမပျက် နေပြလိုက်တော့ သူအတော်ဖြုံသွားပုံရတယ်။ ခုဆို ကိုယ့်ဆီ တယ်တောင်လာချင်ပုံ မရတော့ဘူး။ အဲ... လာတော့လည်း လာမှာပေါ့လေ။ လောကခံဆိုတာ လူတိုင်းနဲ့ ကင်းတာမျိုးမှ မဟုတ်ဘဲ။ သူလာလည်း ကိုယ်က ဂရုမစိုက်ရင် သူဘာတတ်နိုင်မှာလဲ။ ဒုက္ခ ဆိုတာ သူဖြစ်စေချင်သလို တစ်ဖက်သားက ဒုက္ခရောက် မပြဘူးဆိုရင် သူကိုယ်တိုင် အခက်ကြုံပြီး ဒုက္ခရောက် သွားထင်ပါရဲ့။ တပည့်တော်ဖြင့် သူလာတယ်ရယ်လို့ လည်း တယ်သတိမထားမိပါဘူး။ အိမ်ရှင်က လက်မခံ ဘူးဆိုရင် ဧည့်သည်ဆိုတာ ပြန်သွားရတဲ့ သဘောမျိုး

ဖြစ်မှာပေါ့’တဲ့။

ဆရာတော် မိန့်ကြားသလို လူတိုင်းကသာ ဒုက္ခကိုဝိုင်းပြီး ဒဏ်ခတ်လိုက်မယ်ဆိုရင် ဒုက္ခမျာ ခိုကပ်နှိပ်စက်စရာ ခန္ဓာကိုယ် ရှာမရတဲ့အတွက် သိမ်သိမ် ငယ်ငယ်ဖြစ်ပြီး လူကြားသူကြားတောင် တိုးဝှဲ့တော့မှာ မဟုတ်တော့ဘူး။ ဒီတစ်ခါ ဒုက္ခလာရင်တော့ ဒဏ်ကို ခတ်ပစ်မယ်လို့ စိတ်ထဲက ဆုံးဖြတ်လိုက်တာကို သိရင် တောင် ဒုက္ခမျာ အတော်ဖြုံသွားမယ်။ ခုလောက်ဆို သူ့ခမျာ ‘ဒုက္ခစိတ်ညစ်ရတဲ့ အထဲမှာ ဒါတွေ ပါတယ် နော်’လို့ များတောင် ညည်းနေရှာရော့မလားဘဲ။

ဘာပဲဖြစ်ဖြစ်၊ ဒီတစ်ခါ ဒုက္ခလာရင်တော့ ဒဏ်ခတ် ကြည့်ကြစို့လေ။ သူ့အကြောင်း သိရတာပေါ့။

ဒုက္ခကို ဒဏ်ခတ်နိုင်ကြပါစေ။

❑

## မှန်၊ ကောင်း၊ သက်သာ

ခြောက်ရက်နဲ့ပြီးတဲ့ ရထား(လှည်း)ဘီးဟာ အကွပ်၊ အကန့်၊ ပုံတောင်း(ဗဒေါင်း)တို့ ကောက်ကွေ့ပြီး အကာအဆွေး အပြစ်အနာ ရှိတဲ့အတွက် တွန်းလှိမ့်မှု အင်အားအရှိန် ရှိသလောက် လိမ့်သွားပြီးနောက် ပတ်ပတ် လည်ပြီး မြေမှာလဲကျတယ်။

ခြောက်လ ခြောက်ရက်လျော့ (ငါးလနဲ့ နှစ်ဆယ့်လေးရက်ခန့်) နဲ့ ပြီးတဲ့ ရထား(လှည်း)ဘီးကတော့ အကွပ်၊ အကန့်၊ ပုံတောင်းတို့ ကောက်ကွေ့မှု မရှိဘဲ၊ အကာ အဆွေး အပြစ်အနာလည်း ကင်းစင်တဲ့ အတွက် တွန်းလှိမ့်မှု အင်အားအရှိန် ရှိ သလောက် လိမ့်သွားပြီးတဲ့အခါ ဝင်ရိုးမှာ စွပ်ထားသလို ရပ်တည်နေပါတယ်။

(အင်္ဂုတ္တိုရ်၊ ရထကာရဝဂ်၊ သစေတနသုတ်]

တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိ စာသင်တိုက်မှာ သာမဏေကျော်လေးဘွဲ့ရတဲ့ ပဥ္စင်းလောင်းကို ရဟန်းခံ

တဲ့ပွဲမှာ တိပိဋကဓရ(ယော)ဆရာတော် ကြွရောက်ချီးမြှင့်ပါတယ်။ နေ့ခင်းပိုင်းမှာ စာချဘုန်းကြီးနဲ့စာသင်သားအားလုံးတို့က ဆရာတော်ကို ကန်တော့ကြတော့ ဆရာတော်က–

* ကျမ်းရင်းမပေါက်၊ မှတ်စုလောက်သာ၊ ဘွဲ့ယူကာဖြင့်၊ ပညာညွှန့်ကို၊ ရူးယူလိုကြား၊ ဖြတ်လမ်းသွား၊ စွမ်းအားမစုံ ရက်ဖွယ်ပ။
* ထိုက်တန်လောက်အောင်၊ မကျင့်ဆောင်ဘဲ၊ အချောင်နေကာ၊ ပေးတာကိုစား၊ အပျင်းပွား၊ ယောကျ်ားမပီ ရက်ဖွယ်ပ။
* စွမ်းရည်မကြွယ်၊ ရက်စဖွယ်၊ တကယ်အောက်တန်းကျ။

ဆိုတဲ့ လင်္ကာလေးသုံးပုဒ်ကို အသေးစိတ်ရှင်းပြရင်း အရည်အချင်းပြည့် သာသနာ့ဝန်ထမ်းကောင်းများဖြစ်အောင် လမ်းညွှန်ဆုံးမပေးတော် မူပါတယ်။

ဆရာတော်ရဲ့ ဆုံးမလမ်းညွှန်ချက်များက ပညာရေးမှာ နည်းမှန်လမ်းမှန် အချိန်မှန်နဲ့ မမေ့မလျော့ကြိုးစားရင် အရည်အချင်းလည်းကောင်း၊ ကိုယ်ကျင့်တရားလည်းကောင်းပြီး မိမိတို့လိုရာ စာမေးပွဲ၊ လိုရာပန်းတိုင်ကို သက်သက်သာသာနဲ့ ရောက်နိုင်တယ်လို့ ညွှန်ပြတဲ့ သဘောဖြစ်လို့ မိမိကိုယ်တိုင် စာသင်သားများ၊ ပညာသင်နေကြတဲ့ ကျောင်းသူကျောင်းသားများ

ကို ဟောပြောဖို့ ကြုံလာတဲ့အခါ ဆရာတော်ရဲ့ ဆုံးမချက်များကို အခြေခံပြီး 'မှန်၊ ကောင်း၊ သက်သာ'ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောပြောခဲ့ပါတယ်။

ပြီးခဲ့တဲ့ စာဆိုရာသီက ဟုမ္မလင်းတစ်ဝိုက်မှာ ဟောပြောကြတော့ ဟုမ္မလင်း အ–ထ–က ဆရာ၊ ဆရာမများနဲ့ ကျောင်းသူကျောင်းသားများအတွက် နေ့ခင်းပိုင်းမှာ သီးသန့်ဟောပြောရတဲ့အခါမှာရော၊ မြင်သာရွာ ဟောပြောပွဲကလည်း အများစုက အလယ်တန်းနဲ့ တွဲဖက်အထက်တန်းကျောင်းသူ ကျောင်းသားတွေဖြစ်လို့ အဲဒီမှာပါ ဒီခေါင်းစဉ်ကိုပဲ ဟောပြောခဲ့ပါတယ်။

မကြာသေးမီက ဟုမ္မလင်း၊ နောင်ပကျစ်မြို့လယ်ကျောင်း ဆရာတော်နဲ့ ရန်ကုန်မှာ တွေ့တော့ ဒီအကြောင်းအရာဟာ ရှင်ရဟန်း စာသင်သားများရော၊ ကျောင်းသူကျောင်းသားများပါ သိထားသင့်တဲ့အတွက် အတွေးသစ်မှာ ရေးပေးဖို့ တိုက်တွန်းပါတယ်။ ဟောပြောပွဲမှာ ဟောခဲ့တာတွေကို အတွေးသစ်မှာရေးတဲ့အခါ ကိုယ်တိုင်ဟောပြောချက်များ ဖြစ်နေတဲ့အတွက် 'မထေရ်မြတ်တို့ စကားဝိုင်း'ဆိုတဲ့ ခေါင်းစဉ်နဲ့ လိုက်ပါမလားလို့လည်း ရင်းနှီးတဲ့ ကျောင်းအုပ်ဆရာကြီးတစ်ဦးက မေးဖူးပါတယ်။

ထေရဝါဒ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ဆိုတာ မထေရ်အဆက်ဆက်တို့ရဲ့ ဆုံးမလမ်းညွှန်ချက်များ

ကို အဆင့်ဆင့်နာယူ မှတ်သားခဲ့ကြတာဖြစ်လို့ နောင်လာနောင်သား ရှင်ရဟန်းတို့ရဲ့ စကားမှန်သမျှဟာလည်း မထေရ် အဆက်ဆက်တို့ရဲ့ စကားအမွေများပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း တချို့က 'အရှင်ဘုရား၊ ဘာတွေကို ဘယ်လိုလေ့လာပြီး ဟောပြောပို့ချနေပါသလဲ'လို့ မေးတိုင်း 'ဆရာတို့ရဲ့ အာငွေ့နဲ့ မှုတ်နေရတာပါ'လို့ ဖြေခဲ့ပါတယ်။ အခုပြောမယ့် အကြောင်းအရာများဟာလည်း ဘုရားရှင်နဲ့ မထေရ်အဆက်ဆက်တို့ရဲ့ အာငွေ့များသာ ဖြစ်ပါတယ်။

လောကမှာ 'မြန်၊ ကောင်း၊ သက်သာ'ဆိုတဲ့ စကားကတော့ လူတိုင်းကြိုက်ချင်စရာကောင်းတဲ့ စကားပဲ။ ကိုယ်လိုချင်တဲ့ အရာဟာ မြန်လည်းမြန်၊ ကောင်းလည်းကောင်း၊ အချိန်ကုန် ငွေကုန်လည်းသက်သာ ဖြစ်ချင်ကြတာဟာ လူတိုင်းတောင့်တတဲ့ဆန္ဒတစ်ခုတောင် ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ ဒီဆန္ဒမျိုးဟာ တခြားကိစ္စရပ်တွေမှာသာ ထားချင်ရင်လည်း ထားနိုင်တယ်။ ရှိချင်လည်း ရှိမယ်။ ပညာနဲ့စီးပွားကို ရှာဖွေတဲ့နေရာမှာတော့ 'သိန္နေသိပ္ပံ၊ သိန္နေဓနံ'ဆိုတဲ့ အတိုင်း ဖြည်းဖြည်းနဲ့မှန်မှန် ရှာဖွေမှသာ အစ၊ အလယ်၊ အဆုံး ကောင်းခြင်းသုံးဖြာနဲ့ ပြည့်စုံမယ်လို့ ပညာရှိများ ဆုံးမခဲ့ပါတယ်။

ဒါနဲ့ ပတ်သက်လို့ မြတ်စွာဘုရားရှင်ကလည်း ရဟန်းတို့ကို ဆုံးမခဲ့ဖူးတယ်။ မြတ်စွာဘုရားအလောင်း

တော် ရထားလုပ်သမား(စက်ခေါင်းနဲ့ဆွဲတဲ့ရထားတွေ မပေါ်သေးတဲ့ အဲဒီခေတ်က မြင်းနဲ့ဆွဲတဲ့ လှည်းကိုပဲ ရထားလို့ခေါ်ကြတယ်)ဖြစ်တဲ့ ဘဝတစ်ခုမှာ သစေတန ဆိုတဲ့ ဘုရင်မင်းက စစ်ပွဲမှာသုံးဖို့အတွက် ရထားဘီး တစ်စုံ လုပ်ပေးဖို့ ဘုရားအလောင်းကို စေခိုင်းပါတယ်။ အချိန်ကတော့ ခြောက်လနဲ့အပြီး လုပ်ပေးရမှာ ဖြစ် ပါတယ်။

ခြောက်လပြည့်ဖို့ ခြောက်ရက်လိုတဲ့အခါ အခြေ အနေကိုမေးတော့ 'ဘီးတစ်ဖက်တော့ ပြီးပါပြီ'လို့ ဖြေတဲ့အခါ 'ကျန်တဲ့ခြောက်ရက်အတွင်း နောက်ထပ် တစ်ဖက်ကို ဘယ်လိုလုပ်မလဲ'ဆိုတော့ 'ပြီးနိုင်ပါတယ်' ဆိုပြီး လုပ်ပေးတယ်။ သတ်မှတ်တဲ့ရက်ရောက်လို့ ရထားဘီး အစုံကို သွားပို့တဲ့အခါ ဘီးနှစ်ခုလုံးဟာ အပြင်ပန်းအရ ဘာမှ မထူးခြားဘဲ အတူတူဖြစ်နေ တယ်။ ဘယ်လို ထူးခြားမှုရှိပါသလဲဆိုတော့မှ၊

ဘုရားအလောင်းက ခြောက်ရက်နဲ့ပြီးတဲ့ ရထား ဘီးကို ထောင်ပြီး လက်နဲ့ တွန်းလွှတ်လိုက်တယ်။ ဘီးက တွန်းလိုမ့်လိုက်တဲ့ အင်အား အရှိန်ရှိသလောက် လိမ့်သွားပြီးတဲ့အခါ ပတ်ပတ်လည်ပြီး လဲကျသွား တယ်။

နောက်တစ်ခါ ခြောက်လ ခြောက်ရက်လျော့နဲ့ ပြီးတဲ့ ဘီးကို အလားတူ တွန်းလိုက်တဲ့အခါ တွန်းလိမ့်တဲ့ အင်အား အရှိန်ရှိသလောက် လိမ့်သွားပြီးတဲ့နောက်မှာ

ဝင်ရိုးနဲ့ စွပ်ထားသလို ထောင်လျက် ရပ်တည်နေတယ်။

ဒီလိုဖြစ်ရတာ ဘာကြောင့်ပါလဲလို့ မေးတော့၊

"ခြောက်ရက်နဲ့ပြီးတဲ့ ရထားဘီးဟာ သစ်ကောက် သစ်ဆွေးကင်းအောင် ရွေးချိန်၊ သစ်ကြောသေအောင် ထားချိန်မရတဲ့အတွက် အကွပ်၊ အကန့်၊ ပုံတောင်းတို့ဟာ ကောက်ကွေ့ပြီး အကာအဆွေး အပြစ်အနာ မကင်းတဲ့အတွက် အရှိန်ကုန်တဲ့အခါ ပတ်ပတ်လည်ပြီး လဲကျတယ်။

ခြောက်လ ခြောက်ရက်လျော့နဲ့ပြီးတဲ့ ရထားဘီးကတော့ သစ်ကောက်သစ်ဆွေးကင်းအောင် ရွေးချိန်လည်းရ၊ သစ်ကြောသေအောင်လည်း ထားချိန်ရတဲ့အတွက် အကွပ် (တံကူ=တကူ)အကန့် (ထောက်=ဒေါက်)ပုံတောင်း (ဗဒေါင်း)တို့ဟာ အကောက်အကွေ့လည်းမရှိ၊ အကာအဆွေး အပြစ်အနာအဆာကင်းတဲ့အတွက် အရှိန်ကုန်ပေမယ့် လဲမကျဘဲ မတ်မတ်တည်နေနိုင်ပါတယ်'လို့ ရှင်းပြပါတယ်။

မြတ်စွာဘုရားရှင်က ဒီအတိတ်ဖြစ်ရပ်ကို ပြဆိုပြီးတော့မှ 'ရဟန်းတို့ အလောင်းတော်ဘဝ ရထားလုပ်သမားဖြစ်ခဲ့စဉ်က သစ်ကောက် သစ်ဆွေး အပြစ်အနာတို့နဲ့ ပတ်သက်လို့ ကျွမ်းကျင်သလို အခုဘုရားဖြစ်တဲ့အခါမှာလည်း ကိုယ်၊ နှုတ်၊ စိတ်တို့ရဲ့ အကောက်အဆွေး၊ အပြစ်အနာတို့နဲ့ ပတ်သက်ပြီး ကျွမ်းကျင်တယ်။ ဘယ်သူမဆို ကိုယ်၊ နှုတ်၊ စိတ်တို့မှာ ဒုစရိုက်

ဆိုတဲ့ အကောက်အဆွေးတို့ကို မပယ်ရှားနိုင်ရင် ဂုဏ်အားဖြင့် သာသနာတော်က လျှော့ကျမယ်၊ ဒုစရိုက်အကောက်အဆွေးတို့ကို ပယ်ရှားနိုင်သူသာ ဒီသာသနာတော်မှာ ဂုဏ်ရှိရှိ ရပ်တည်နေနိုင်မယ်’လို့ ဆက်လက်ဆုံးမပါတယ်။

မြတ်စွာဘုရားက ရဟန်းတော်တို့ကို ဆုံးမတဲ့အထဲမှာ ‘ဂုဏ်အားဖြင့် ရပ်တည်နိုင်မယ်’ဆိုတဲ့ စကားကို အထူးသတိပြု ကြည့်စေချင်ပါတယ်။ ဘဝတစ်ခုမှာ ရပ်တည်တယ်ဆိုတာ အသွင်သဏ္ဌာန်၊ ဒြပ်အနေနဲ့ ရပ်တည်တာရယ်၊ အသွင်သဏ္ဌာန်နဲ့ လိုက်လျောညီထွေရှိသင့်တဲ့ ဂုဏ်နဲ့ပြည့်စုံပြီး ရပ်တည်နိုင်တာရယ်လို့ နှစ်မျိုးရှိပါတယ်။

ဘယ်သူမဆို ကိုယ်၊ နှုတ်၊ စိတ်တို့ရဲ့ အကောက်အဆွေးဖြစ်တဲ့ ဒုစရိုက်တွေ (မရိုးသားမှုတွေ)ကို မပယ်နိုင်ရင် အသွင်သဏ္ဌာန်အနေနဲ့ ရဟန်းဖြစ်နေပေမယ့်လည်း ရဟန်းရဲ့ ဂုဏ်သိက္ခာအပြည့်နဲ့ မရပ်တည်နိုင်ဘူး။ လူဖြစ်ရင်လည်း လူ့ဂုဏ်သိက္ခာအပြည့်နဲ့ မရပ်တည်နိုင်ဘူးလို့ ဆိုလိုတာပါ။

ပညာသင်ကြားရာမှာလည်း အသွင်သဏ္ဌာန်အနေနဲ့ ဆယ်တန်းဆိုရင်လည် ဆယ်တန်းသမားတစ်ယောက်မှာ အရည်အချင်း ဂုဏ်ပြည့်စုံစေရမယ်။ ရှစ်တန်းဆိုရင်လည်း ရှစ်တန်းအလျောက် ရှိရမယ်။ အတန်းကြီးတာငယ်တာ ပဓာနမဟုတ်ဘူး။ မိမိရောက်

နေတဲ့ အတန်းနဲ့ ကိုက်ညီတဲ့ အရည်အချင်းဂုဏ်ရှိဖို့က ပဓာနဖြစ်တယ်ဆိုတာ အလေးအနက် ခံယူထားရမယ် ဆိုတဲ့ အကြောင်း ရှင်းပြပြီးတော့မှ အခုရောက်လာကြတဲ့ ကျောင်းသူကျောင်းသားတို့ကို ဆယ်တန်းမှာ ခြောက် ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပြီး သာသနာ့ဘောင် ရောက်တော့လည်း လူတွေရဲ့ ဆယ်တန်းစာမေးပွဲလိုပဲ အောင်ဖို့ခဲယဉ်းလှတဲ့ ပထမကြီးတန်းမှာ ဂုဏ်ထူးမှတ် အပြည့်နဲ့ အောင်မြင်ခဲ့တဲ့ ရွှေပါရမီ အရှင်ဆန္ဒာဓိကရဲ့ စာမေးပွဲ ဘယ်တော့မှ မကျတဲ့နည်းကို ပြောပြရဦးမယ် လို့ ဆိုလိုက်တော့ ကျောင်းသူကျောင်းသားတွေက ရေးမှတ်ကြဖို့ စာအုပ်နဲ့ဘောပင်တွေကို အဆင်သင့် ပြင်လိုက်ကြတယ်။

အေး...သူ့နည်းကတော့ ကျောင်းစဖွင့်တဲ့နေ့က စပြီး စာမေးပွဲဖြေပြီးတဲ့အထိ နေ့တိုင်းဟာ သူ့အတွက် ပုံမှန် အတူတူပဲ။ ဘယ်နေ့ ဘယ်လရောက်မှ အရေး ကြီးတယ်ဆိုတာ မရှိဘူး။ နေ့တိုင်း လုပ်စရာရှိတာကို မှန်မှန်လုပ်တယ်၊ တွက်တယ်၊ ကျက်တယ်၊ မှတ်တယ်။ အချိန်တန်တော့ သင်ရိုးအားလုံး အစကအဆုံးထိ အားလုံး အခြေအနေကောင်းနေပြီ။ အနားနီးမှ ကိုယ် မငြိမ်၊ စိတ်မငြိမ် ပျာလောင်ခတ်ရတဲ့ 'အနားပျာ' ပြဿနာမရှိဘဲ ဖြေတဲ့အခါ သက်သောင့်သက်သာနဲ့ ဖြေလိုက်နိုင်တာပါပဲ။ ဘယ်အတန်းမှာမှ စာမေးပွဲကျ တယ်ဆိုတာလည်း မရှိခဲ့ဘူး။ ဒါကြောင့် သူ့နည်း

ကတော့ မှန်၊ ကောင်း၊ သက်သာနည်းပဲ ဖြစ်ပါတယ်… ဆိုလိုက်တော့ အားလုံးက 'ဟာ' ဆိုပြီး စာအုပ်တွေကို ပြန်ပိတ်လိုက်ကြတယ်။ (သူတို့က ဖြတ်လမ်းနည်းကို လိုချင်ကြပုံ ရပါတယ်) ဆရာ၊ ဆရာမတွေကတော့ ခေါင်းတညိတ်ညိတ်နဲ့ ပြုံးပြီး ရေးမှတ်နေကြလေရဲ့။

တိပိဋကဓရ (ယော)ဆရာတော် ဆုံးမတဲ့ အတိုင်းပါပဲ။ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဘာသာရပ်တွေကို ပြီးမြောက်ပေါက်ရောက်အောင် မသင်ကြားဘဲ ဘွဲ့ထူး ရချင်တယ်ဆိုတာဟာ ပညာညွှန့်ကို ခူးယူလိုတဲ့ သဘောမျိုး ဖြစ်တယ်။ ပညာညွှန့်ဆိုတာ ခူးယူရတာမျိုး မဟုတ်ဘူး။ မိမိအသိဉာဏ်ထဲက ပေါက်ရောက် ထွက်ပေါ်စေရမယ့် အရာသာဖြစ်ပါတယ်။ လူ့လောကမှာ 'လူညွှန့်ခူးတယ်'ဆိုတာဟာ ရိုးသားကြိုးစားမှု မပါဘဲ အချောင်လိုချင်သူတွေကို ခေါ်တာ ဖြစ်သလို ပညာညွှန့် ခူးယူလိုသူဟာလည်း ရိုးသား ကြိုးစားမှု မပါတဲ့အတွက် အချောင်သမားလို့သာ ဆိုရမယ်။

ဒီလိုအချောင်သမားများကို ဆရာတော်က 'ဖြတ်လမ်းသွား'တဲ့။ ဖြတ်လမ်းဆိုတာ ပုံမှန် လမ်းမှန် မဟုတ်ဘဲ ခန့်မှန်းခြေသာဖြစ်လို့ ထင်သလောက် မပေါက်ဘဲ ဆူးငြောင့်ခလုတ်၊ ချောက်ကမ်းပါး၊ သားရဲ တိရစ္ဆာန်စတဲ့ အန္တရာယ်များနဲ့ ကြုံရတတ်တယ်။ မတော်တဆ ခန့်မှန်းတဲ့အတိုင်း ပေါက်ရောက်သွားသည့်တိုင်အောင်လည်း ဖြတ်လမ်းဆိုတာ နောက်လူ

အတုလိုက်သင့်တဲ့လမ်း မဟုတ်တဲ့အတွက် ဒီလမ်းမျိုး လျှောက်သူဟာ လမ်းဖောက်သူလို့ မဆိုနိုင်ဘူး။ ကိုယ်တိုင်တောင် နောက်တစ်ခါ ပြန်လျှောက်လို့ ရခဲ တယ်။ ဒီလို ဖြတ်လမ်းနည်းနဲ့ ပေါက်ရောက်လာသူ များဟာ တကယ်ရှိသင့်တဲ့ အရည်အချင်းစွမ်းအား မစုံတဲ့အတွက် ရွှေတုစိန်တုတွေ ဝတ်ဆင်ပြီး ပွဲဝင်ချင် သူလိုပဲ ချီးကျူးခံရဖို့ထက် အရှက်ရဖို့များတဲ့အတွက်–

'စွမ်းအားမကြွယ်၊ ရှက်စဖွယ်၊ တကယ် အောက် တန်းကျ'လို့ ဆရာတော် မိန့်ကြားတာပါ။ ဟုတ်ပါ တယ်။ ရှက်ဖွယ် ကောင်းရုံမကပါဘူး အတန်းတူ၊ ဘွဲ့တူချင်း ယှဉ်လိုက်ရင်လည်း အောက်တန်းကျတယ်။ လူ့ဂုဏ်သိက္ခာအရ ကြည့်ရင်လည်း အောက်တန်းကျ ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်ကလည်း ဂုဏ် အားဖြင့် မရပ်တည်နိုင်ဘူး၊ အောက်တန်းကျတယ်လို့ ဆုံးမတော်မူတာပါ။ ဒါဟာ ပညာရေးနယ်ပယ်မှာသာ မကပါဘူး။

'သိန္နေ သိပ္ပ၊ သိန္နေ ခန့်'ဆိုတဲ့ နီတိ စကား အတိုင်း ပညာရေး၊ စီးပွားရေးနဲ့ တခြားလူမှုရေး နယ် ပယ်အသီးသီးမှာလည်း အလေးထား လိုက်နာသင့်တဲ့ အချက်များ ဖြစ်ပါတယ်။

ဂုဏ်နဲ့ဒြပ် ထပ်မိအောင် ကျင့်ဆောင်နိုင်ကြ ပါစေသော်။ ။

❑

## ကျော်ကြားမှု၊ ကုသိုလ်နှင့်ပါရမီ

**ပါရမီမြောက်အောင် လုပ်ရင် ကုသိုလ်လည်း ရတယ်။ ကျော်ကြားမှုလည်း ဖြစ်တယ်။ ကုသိုလ်ရဖို့ လုပ်ရင် ကုသိုလ်နဲ့ကျော်ကြားမှု နှစ်မျိုးတော့ရမယ်။ ပါရမီမဖြစ်ဘူး။ ကျော်ကြားမှုအတွက် လုပ်ရင်တော့ ကျော်ကြားမှုကလွဲလို့ ဘာမှ မရနိုင်ဘူး။**

**[လက်ဦးဆရာတော် ဘဒ္ဒန္တကောလာသ]**

မိမိငယ်စဉ်က ပထမဆုံး ပညာသင်ကြားခဲ့ရတဲ့ လက်ဦးဆရာတော်က နတ်မောက်မြို့ အရှေ့လက် ဥယျာဉ်တောင်ကျောင်း ဆရာတော် ဘဒ္ဒန္တကောလာသ ဖြစ်ပါတယ်။ ဆရာတော်က ကား၊ ရထားစီးရင် မူးတတ်လို့ မန္တလေးတို့ ပခုက္ကူတို့လို မြို့ကြီးတွေမှာ ပညာမသင်ခဲ့ရဘူး။ ခြေကျင်သွားလို့ရတဲ့ ပျော်ဘွယ်မြို့က ပေါ်အင်းတောရ ကျောင်းမှာပဲ ပညာသင်ခဲ့ရတယ်။ အခြေခံကျမ်းစာများနဲ့ သင်ရိုးပိဋကတ်ကို ကျေကျေညက်ညက်သင်ခဲ့ဖူးပြီး မိမိတတ်သလောက်ကို စနစ်တကျပြန်လည်သင်ပြနိုင်သလို အသုံးလည်း ချတတ်တယ်။

ဥယျာဉ်ရွာဇာတိသားတော့ မဟုတ်ဘူး။ ဥယျာဉ်တောင်ကျောင်းမှာ ကျောင်းထိုင် ဆရာတော် ပျံတော်မူသွားတော့ ရပ်မိရပ်ဖဖြစ်ကြတဲ့ မိမိတို့ အဘိုးအပါအဝင် လူကြီးများက ဂိုဏ်းအုပ်ဆရာတော်ကြီးရဲ့ ခွင့်ပြုချက် ရယူပြီး အရင်ကတည်းက သိက္ခမ်းခင်မင်ပြီးဖြစ်တဲ့ ဆရာတော် ဦးကေလာသကို ပင့်ဆောင်ပြီး ကျောင်းထိုင်ဘုန်းကြီးအဖြစ် ကိုးကွယ်ခဲ့ကြတာပါ။

ဆရာတော်က အနေအထိုင်မှာ ရေးရိုးဆန်ပြီး ဝိနည်းခိုရ်ပေမယ့် သတင်းစာ အမြဲဖတ်တယ်။ အုပ်ချုပ်မှုလည်း စည်းကမ်းအလွန်ကျတယ်။ ရပ်ရွာမှာပညာရေး၊ ဘာသာ သာသနာရေးသာ မကဘူး။ တခြားလူမှုရေးကိစ္စတွေကို ဦးဆောင်ညွှန်ကြားရာမှာလည်း ရပ်ရွာအပေါ် အတော်ကျေးဇူးများပါတယ်။ မိုးခေါင်ရေရှားဖြစ်နေတဲ့ မိမိတို့အရပ်မှာ ရေးက ရှိခဲ့ဖူးတဲ့ လယ်ရေသောက်ဆည်အို၊ ဆည်ကျိုးတွေကို ဆည်ဝင်ရေသောက်လယ်မြေပိုင်ဆိုင်မှု အချိုးကျ လုပ်အားငွေအား ခွဲတမ်းချခြင်း၊ ရပ်ရွာအတွင်း ခွဲတမ်းကျ ပါဝင်ကူညီစေခြင်းဆိုပြီး စီမံကိန်းချ အကောင်အထည် ဖော်ပေးတယ်။ သာရေးနာရေးမှာ ရပ်ရွာက တာဝန်ယူရမယ့် လုပ်ငန်းရပ်တွေ စနစ်တကျ ချမှတ်တယ်။ ရပ်ရွာ ဘုံပိုင်ဆိုင်တဲ့ ဧည့်ခံကျွေးမွေးစရာ အိုးခွက် ပန်းကန်တွေ တည်ထောင်ဆောင်ရွက်ပေးတယ်။ အနီးအနား တစ်ဝိုက်မှာတော့ ဥယျာဉ်ရွာဟာ အရာရာမှာ စံပြတစ်ခုလိုဖြစ်လာခဲ့တယ်။

ဥယျာဥ်တောင်ကျောင်းဆိုတာ ရှေးကတော့ ပတ်ဝန်းကျင်မှာ ကျောင်းကော ဘုရားပါ အကြီးကျယ် အခမ်းနားဆုံး ကျောင်းကြီးပါ။ ဘုံငါးဆင့်စီပါတဲ့ ပြာသာဒ်ငါးဆောင်နဲ့ ဘုရားဆောင်ကြီး အပါအဝင် ကိုးခန်း၊ ဆယ့်တစ်ခန်းပတ်လည် ဇရာမကျောင်းကြီး မှာ ကျောင်းတိုင်ကြီးတွေကလည်း ရှေးခေတ်ကမို့သာ ဆောက်နိုင်ပလေတယ်လို့ ထင်မှတ်ရတယ်။ လူ တစ်ထိုင်စာ မကတဲ့ ရွှေပိန်းချ တင်ပျဉ်ခွေ ရုပ်ပွား တော်ကြီး ရှစ်ဆူနဲ့ (၇)ပေကျော် မတ်ရပ်ရုပ်ပွားတော် ကြီးတွေရယ်၊ ရှေးဟောင်း မှန်စီရွှေချ စာတိုက်ဗီရိုကြီး တွေရယ်နဲ့ ကျောင်းအင်္ဂါ အတော်ပြည့်စုံတယ်။

ဆရာတော် ဦးကေလာသ ကျောင်းထိုင်လို့ ငါးဝါကျော်ကျော်လောက်ကြာတော့ ကျောင်းအိုကြီးရဲ့ အခြေအနေက အတော်ယိုယွင်းလာပြီး ကျောင်းသက် ကလည်း နှစ်ပေါင်း ကိုးဆယ်ကျော်ပြီလေ။ အခြေအနေ အရ ရာသီဥတု၊ လေဒဏ်၊ မိုးဒဏ် ပြင်းထန်ရင် ကျောင်းကြီးက ပြိုလဲမယ့် အနေအထားရောက်နေပြီ။ ကျောင်းကြီးပြိုသွားခဲ့ရင် အစားထိုးမရနိုင်အောင် ဆုံးရှုံး ရမှာက ဆင်းတုတော်ကြီးတွေနဲ့ ရှေးဟောင်း စာတိုက် ဗီရိုတွေ။ ဒါနဲ့ မဖြစ်မနေ ကျောင်းတစ်ဆောင်ဆောက် လုပ်ပြီး ဆင်းတုတော်တွေ ရွှေ့ပြောင်းဖို့ စီစဉ်ရတော့ တယ်။

ဒီရွာ၊ ဒီကျောင်းကို ဓားမဦးချ စတင် တည်

ထောင်ခဲ့ကြတဲ့ ရပ်မိရပ်ဖတွေ လက်ထက်တုန်းကတော့ ပုဂံခေတ်ကို အားကျခဲ့ပုံရပါတယ်။ လုပ်လို့ ကိုင်လို့ ရသမျှကို ချွေတာ စားသောက်သုံးစွဲကြပြီး ငွေပိုငွေလျှံ ကလေး ရှိလာပြီဆိုရင် ဘုရားဒကာ၊ ကျောင်းဒကာ အမည်ခံနိုင်အောင် ကြိုးစားခဲ့ကြသတဲ့။ တစ်ဆင့် စကားအရ ပြောကြတာကတော့ ဆင်းတုတော်ကြီးတွေ ပူဇော်ကြတုန်းကဆို ငွေဒင်္ဂါး တစ်ရာကျော်လောက်ပဲ ကုန်ကျသတဲ့။ နောက်ပိုင်း လူတွေကျတော့ သဒ္ဓါတရား ကလည်း အတော်ကွာခြားကြပြီး မိုးလေသဝကလည်း မမှန်တော့လို့ စီးပွားရေးအရလည်း တစ်နယ်လုံးလိုလို ကျပ်တည်းကြဆိုတော့ ရိုးမတောင်ခြေမှာနေပြီး သစ်ဝါး မရှားပေမယ့် အိမ်ကြီး အိမ်ကောင်းရယ်လို့လည်း သိပ်မရှိ၊ ယိုယွင်းနေတဲ့ ကျောင်းကြီးကိုလည်း ပြုပြင် မွမ်းမံ မလုပ်ကြတော့ဘူး။

အခြေခံ သစ်ဝါးနဲ့ ပတ်သက်လို့ကတော့ ရိုးမ နဲ့ သိပ်မဝေးတဲ့ အရပ်လည်းဖြစ်၊ သစ်ဝါးကလည်း ပေါတုန်းဆိုတော့ လှည်းအုပ်အစီးနှစ်ဆယ်လောက်နဲ့ လေးညအိပ် ငါးရက်လောက် တောတက်ပြီး ခုတ်ဖျင်း တိုက်လိုက်ကြရင် နှစ်ခေါက်လောက်ကြိုးစားလိုက်ရုံနဲ့ ခပ်သင့်သင့် ကျောင်းကြီးတစ်ဆောင်စာလောက် ရနိုင်တဲ့ အရပ်ပါ။ ခက်တာက ငွေကြေးရှားပါးတာထက် သဒ္ဓါ တရားက ပိုရှားပါးနေကြလို့သာ အထမမြောက်အောင် ဖြစ်နေကြရတာ။

ရွာမှာ ပစ္စည်းဥစ္စာ အတော်အသင့် ပြည့်စုံသူ နှစ်ဦးလောက်တော့ ရှိတယ်။ တစ်ဦးက သူကြီးဟောင်း၊ တစ်ဦးကသူကြီးနဲ့ပြိုင်ဘက် မိဘလက်ငုတ် တောသူဌေး ဆိုပါတော့။ ကျောင်းဆောက်ဖို့ တိုင်ပင်ကြတော့ လူအား နွားအားနဲ့ ကူညီကြမယ့် သူတွေကတော့ ဘာပဲလုပ်ရလုပ်ရ၊ မိဘလက်ငုတ် ဆင်းတုတော်ကြီး တွေ အချိန်မီ မိုးလုံလေလုံအောက် ရွှေ့ပြောင်းနိုင် အောင်တော့ ကြိုးစားကြမယ်လို့ တစ်သံတည်း ထွက်ကြ ပေမယ့် ငွေကြေးအဓိက စိုက်ထုတ်နိုင်သူတွေက ခပ်အင် အင် လုပ်နေကြတယ်။

အဓိက အဖုအထစ်ဖြစ်နေတဲ့ကိစ္စကတော့ ငွေ ကြေးအများဆုံး စိုက်ထုတ်နိုင်သူ နှစ်ဦးလုံးက ဘုရား ဆောင် မျက်နှာကြက်မှာ ကောင်းမှုရှင် ကမ္ပည်းထိုးခွင့် သူရမှ၊ ငါရမှ ငြင်းနေကြတဲ့ကိစ္စကြောင့် နှစ်ကြိမ်လောက် စည်းဝေးတိုင်ပင်ကြတဲ့အထိ ဘာမှ မည်မည်ရရ မဆုံး ဖြတ်နိုင်အောင် ဖြစ်နေကြရတာ။

သုံးကြိမ်မြောက် တိုင်ပင်ကြတဲ့ညမှာတော့ ဆရာ တော်က ဩဝါဒအနေနဲ့ စပြီးပြောတဲ့အခါ

"ကဲ အားလုံးလည်းစုံပြီ ထင်ပါတယ်။ ဘုန်းကြီး ပြောမယ့်စကားကို သေသေချာချာ စဉ်းစားပြီး နား ထောင်ကြဦး"ဆိုပြီးတော့၊

"လောကကျိုး၊ သာသနာကျိုးအတွက် ဆောင် ရွက်ကြတဲ့အခါမှာ ကောင်းတဲ့အလုပ်ပင်ဖြစ်ပေမယ့်

စိတ်ထားနဲ့ ရည်ရွယ်ချက်အလိုက် အမျိုးအစား အဆင့်ဆင့် ကွာခြားတယ်။ စိတ်စေတနာထားတဲ့အခါ ပါရမီမြောက်အောင် ထားတာရယ်၊ ကုသိုလ်ရအောင် ထားတာရယ်၊ ထင်ပေါ်ကျော်ကြားဖို့ ထားတာရယ် ဆိုပြီး သုံးမျိုးသုံးစား ရှိတယ်။

ပါရမီမြောက်အောင် စိတ်စေတနာထားပြီး ပြုလုပ်တယ်ဆိုတာ ဘုရားအလောင်းတော်တို့ ပါရမီဖြည့်စဉ်တုန်းကလို ကိုယ့်အတွက်ဆိုရင် သဗ္ဗညုတဉာဏ်တော်ရဲ့အထောက်အကူဖြစ်ဖို့၊ နိဗ္ဗာန်ရဲ့အထောက်အကူဖြစ်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်ကလွဲလို့ လောကီကောင်းကျိုးကိုလည်း မမျှော်ကိုး၊ ထင်ပေါ်ကျော်ကြားမှုအတွက်လည်း မငဲ့ကွက်ဘဲ လောကရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ဆိုတဲ့ စေတနာသန့်သန့်နဲ့လုပ်တဲ့ ကောင်းမှုမျိုးကို ပြောတာ။ ဘုရားရှင် လက်ထက်တော်က ကျောင်းဒကာကြီးတွေ ဆိုတာလည်း ဒီစိတ်ထားမျိုးပဲ ထားကြတယ်။

လောကီကျိုးအတွက်လည်း မမျှော်ကိုးဘူး။ ထင်ပေါ်ကျော်ကြားမှုဆိုတာကတော့ ဝေလာဝေးပဲ။ အနာထပိဏ်သူဌေးကြီး ကျောင်းဆောက်တုန်းက ကြည့်ပါလား။ ထင်ပေါ်ကျော်ကြားချင်တဲ့ ဇေတမင်းသားက မုခ်ဦးတစ်နေရာစာ ကုသိုလ်ပါဝင်ပြီး သူ့အမည်ကမ္ပည်းထိုးပါရစေလို့ တောင်းတာကို ကြည်ကြည်ဖြူဖြူပေးလိုက်တာပဲ။ ဒါဘာကြောင့်လဲ။ ကမ္မသတ္တိ၊ ပါရမီ

သတ္တိဆိုတာ ရေးထားတဲ့ ကမ္ပည်းကိုကြည့်ပြီး အကျိုးပေးတာ မဟုတ်ဘူး။ ကိုယ်ထားတဲ့ စေတနာအလျောက်အကျိုးပေးတာ။

ဒီလို စိတ်ထားမျိုးဟာ ကုသိုလ်ကောင်းမှုပြုရာမှာ အမြင့်ဆုံးစိတ်ထားဖြစ်လို့ ပါရမီလို့ခေါ်တယ်။ ဒီလို အမြင့်ဆုံးစိတ် ထားလိုက်ရင် သူ့ထက်နိမ့်တဲ့ ကုသိုလ်ရမှု၊ ထင်ပေါ်ကျော်ကြားမှုတွေဆိုတာ အလိုလိုပြီးတယ်။ ကြည့်ပါလား၊ ဘုရားရှင် ကျောင်းတော်ကြီးကို ဇေတမင်းသားက 'ဇေတဝန'လို့ ဘယ်လိုပဲကမ္ပည်းထိုးထားထား၊ တစ်လောကလုံးမှာတော့ ဘုရားရှင်ကျောင်းဒကာကြီးဟာ အနာထပိဏ်လို့ပဲ ကျော်ကြားအသိများနေတာပဲ မဟုတ်လား။ ဒီကျော်ကြားမှုဟာနောင်ဘုရားအဆူဆူတို့ လက်ထက်တော်အထိလည်း မပြတ်ထင်ရှားနေမှာ သေချာတယ်။

ကုသိုလ်ရအောင်ပဲ စိတ်ထားပြီး လုပ်တယ်ဆိုတာက နိဗ္ဗာန်ရဲ့ အထောက်အပံ့ဖြစ်ဖို့တို့ လောကကျိုး ဆောင်ရွက်ဖို့တို့ဆိုတာအထိ မရည်မှန်းဘူး။ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးတယ်။ 'ရှေးကကောင်းလို့ ခုကောင်းတယ်၊ ခုကောင်းမှ နောင်လည်းကောင်းမယ်'ဆိုတဲ့ ကမ္မသကတ သမ္မာဒိဋ္ဌိနဲ့ ကိုယ့်အတွက် နောင်ကောင်းဖို့ဆိုပြီး ပြုလုပ်တဲ့ ကုသိုလ်မျိုးပဲ။ သူက အလယ်အလတ် ကုသိုလ်မျိုးဖြစ်လို့သူ့ထက်မြင့်တဲ့ ပါရမီအဆင့်အထိတော့ မရောက်ဘူး။

သူ့ထက် အဆင့်နိမ့်တဲ့ ကျော်ကြားမှုကတော့ ဖြစ်ပါတယ်။ ရုပ်အဆင်း လှချင်လို့ သုံးနှစ်သုံးမိုး ကျွန်ခံပြီးမှ ရရှိတဲ့ ဝတ်ပန်းပုဆိုးကို လှူတဲ့ ဥမ္မာဒန္တီ တို့ အလှူမျိုးပေါ့။

အဲ…ထင်ပေါ်ကျော်ကြားဖို့ သက်သက်လုပ်တဲ့ ကောင်းမှုမျိုးကတော့ လှူတုန်းခဏမှာ ပတ်ဝန်းကျင်က ချီးကျူး အသိအမှတ်ပြုရုံ သက်သက်ပဲ။ ဘာမှ ကုသိုလ်လည်းမဖြစ်၊ ပါရမီလည်း မဖြစ်ပါဘူး။ ခုကာလ တချို့ ပစ္စည်းရှိတဲ့လူတွေ မွေးနေ့ပါတီပွဲဆိုတာတွေ လုပ်ပြီး အကြီးအကျယ်သောက်စား ပျော်ပါးလုပ်ကြတာမျိုးပေါ့။ သောက်စားပျော်ပါးမှုတွေ မပါလည်း ကျော်ကြားမှုအတွက် သက်သက်လုပ်ရင် အကျိုးမကြီးပါဘူး။ မြတ်စွာဘုရား လက်ထက်တော်က ကောသလမင်းကြီးရဲ့ အသဒိသ အလှူကြီးဆိုတာ ကြားဖူးကြမှာပေါ့။

အလှူခံပုဂ္ဂိုလ်တွေကို ကြည့်မယ်ဆိုရင်လည်း ဘုရားရှင်နဲ့ နောက်ပါသံဃာတော်တွေဆိုတာ ဘာပြောစရာ ရှိမလဲ။ လှူဒါန်းတဲ့ဒါန ဝတ္ထုတွေ အခြံအရံတွေဆိုတာကလည်း ဘုရင်မင်းများသာ သုံးဆောင်နိုင်တဲ့ တကယ့် ထိတ်ထိတ်ကြဲတွေပဲ။ ဒါပေမဲ့ လှူသူရဲ့ ရည်ရွယ်ချက်နဲ့ စိတ်နေစိတ်ထားကို ကြည့်လိုက်တော့ တိုင်းသူပြည်သားတွေနဲ့ သူနိုင်ကိုယ်နိုင် ပြိုင်လှူကြတာ။ ကိုယ်ကနိုင်ဖို့နဲ့ ကျော်ကြားဖို့လောက်ပဲ စိတ်ထားပြီး လှူတာ။ ဒါကြောင့် ဒီအလှူဟာ ဘယ်သူမှ မမီနိုင်တဲ့

အသဒိသ အလှူကြီးလို့ပဲ ပိဋကတ်မှာ မှတ်တမ်းဝင်တယ်။ အတုယူ အားကျစရာလည်းမရှိဘူး။ အကျိုးတရားကိုကြည့်ရင်လည်း ဘာမှ ထူးထူးခြားခြား မရှိဘူးဆိုတာ ကောသလမင်းကြီးရဲ့ ဇာတ်သိမ်းခန်းကို ကြည့်ရင် ခန့်မှန်းသိနိုင်တယ်။

အဲဒီတော့ ကိုယ့်ချွေးနဲ့စာလေးတွေ စိုက်ထုတ်ပြီး သာသနာနဲ့ ကြုံတုန်းမှာ သာသနာကို ချီးမြှောက်တဲ့အနေနဲ့ ကုသိုလ်ပြုကြတဲ့အခါ ဘယ်လိုရည်ရွယ်ချက်ထားပြီး ပြုကြမလဲ။ အဲဒါ စဉ်းစားကြပါ။ အမြင့်ဆုံးအထိ ရည်မှန်း စေတနာထားခဲ့ရင် နိမ့်တဲ့အရာတွေက အလိုလို ပြီးပြည့်စုံသွားမယ်။ အနိမ့်ဆုံးအဆင့်မှာ ထားပြီး ပြုကြရင်တော့ သူ့ထက်မြင့်တဲ့ အရာတွေ မပြီးနိုင်ဘူး။ ဘယ်လိုစိတ်ထားနဲ့ လုပ်တာက ပစ္စည်းလည်း ကုန်ကျိုးနပ်၊ သာသနာလည်း ကြုံကျိုးနပ်မယ်ဆိုတာ အထူးပြောစရာမလိုတော့ဘူး” ဆိုပြီး ဩဝါဒပေးပါတယ်။

အပြိုင်အဆိုင် လုပ်ချင်ကြတဲ့ ဒကာကြီးတွေလည်း သဘောပေါက်သွားကြပုံ ရပါတယ်။ နောက်ဆုံးတော့ ‘လုပ်အားနဲ့ စိုက်ထုတ်ရမယ့် သစ်ဝါးကိစ္စကို ရွာသားများက တာဝန်ယူကြ၊ ဝယ်ရမယ့် သွပ်သံစတဲ့ ပစ္စည်းများအတွက် လိုတဲ့ငွေကြေးကို သူတို့လှူမယ်။ ကျောင်းကို ဘယ်နေရာမှာမှ ဘယ်သူ့အမည်မှကမ္ဗည်း မထိုးဘဲ အများကောင်းမှုအဖြစ်နဲ့ လှူကြမယ်’

လို့ သဘောတူ ဆုံးဖြတ်ပြီး လုပ်ကိုင်ကြလို့ ကျောင်းအိုကြီးမပြိုမီ ဆင်းတုတော်ကြီးတွေနဲ့ စာတိုက်ဗီရိုအချို့ကို ရွှေ့ပြောင်းနိုင်ခဲ့ပါတယ်။ ကျောင်းကြီးမှာ တပ်ဆင်ထားတဲ့ ရှေးဟောင်း ဗိသုကာလက်ရာ မျက်နှာကြက်ပန်းဆွဲတွေ ထွင်းပန်းတွေတော့ ကျောင်းကြီး ပြိုလဲပြီးတော့ အနည်းအပါးပဲ အကောင်းကျန်ရစ်တော့တယ်။

အားလုံးကို ပြီးပြည့်စုံစေတဲ့ အမြင့်ဆုံး စိတ်စေတနာကို ထားတတ်ကြပါစေ။

❑

# ပြည့်စုံမှု သံသရာ

**ရှင်ဒေဝဒတ်သည် ပတိရူပဋ္ဌလည်း ဖြစ်ရ၊ တကယ့် သပ္ပုရိသဘုရားရှင်ကိုလည်း မှီရ၏။ ရှေးကောင်းမှုလည်း ရှိခဲ့သည်သာ။ သို့သော် အတ္တသမ္မာပဏိဓိပျက်ကာ အကျိုးမဲ့ ဆုံးရှုံးခဲ့ရရှာ၏။**

**[သပြေကန် ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ]**

ဟုမ္မလင်းတစ်ဝိုက်မှာ ဟောပြောဖြစ်ခဲ့တဲ့ ဟောပြောချက်ကလေးတွေကို အကျဉ်းရုံးပြီး အတွေး သစ်မှာ ရေးဖြစ်ခဲ့တာနဲ့ပတ်သက်လို့ အဲဒီ ခရီးစဉ်မှာ မန္တလေးက ဟုမ္မလင်းအထိ ခရီးသွားလာရေး ခေါင်း ဆောင်လည်းဟုတ်၊ ဟောပြောပွဲတစ်လျှောက် ကိုယ့်ဟာ ကိုယ်ခန့် အကဲဖြတ်ဆရာလည်းဟုတ်တဲ့ မန္တလေး မြတောင်တိုက် ရွှေဝါဝင်းကျောင်း စာချဦးအဂ္ဂဝံသက ဒီတစ်ခေါက် အမရပူရကို နွေရာသီပဋ္ဌာန်းစာဝါ ပို့ချဖို့ ရောက်တော့ တကူးတကလာပြီး အကြံပေးပြန်တယ်။ ဟောပြောပွဲတစ်လျှောက်လုံးမှာ သူ့အနေနဲ့ အကြိုက်

ဆုံးလို့ အကဲဖြတ် အမှတ်ပေးခဲ့တာက 'နမ့်တော'မှာ ဟောခဲ့တဲ့ 'ပြည့်စုံမှုသံသရာ'ဆိုတဲ့ အကြောင်းအရာ ဖြစ်တယ်။ အဲဒါကိုလည်း အကျဉ်းရုံး ပြန်ရေးပြီး မှတ်တမ်းပြုထားသင့်တယ်တဲ့။

သူက ကိုယ့်ဘာသာကိုယ်ခန့် အကဲဖြတ်ဆရာ ဆိုပေ မယ့် သူ့စကားကို မထီမဲ့မြင်တော့ ပြုလို့မရဘူး။ သူက စိတ်ဝင်တစားလည်း နားထောင်တယ်။ ပြီးရင် ဘယ်အချက်တော့ဖြင့် ဒီအရပ်ရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီ တယ်၊ ဘယ်အချက်ကတော့အရပ်ရဲ့ ဓလေ့ထုံးစံနဲ့ သိပ်မကိုက်လှဘူး၊ ဘယ်မှာဟောတာက သွက်လက် တယ်၊ ဘယ်မှာဖြင့် ပရိသတ် ငြီးငွေ့သွားနိုင်တယ် စသည်ဖြင့် ဝေဖန်ထောက်ပြပေးတယ်။ ပြီးတော့တခြား နေရာမှာ ဟောခဲ့ပြီးသားထဲက ဘယ်အချက်ကိုတော့ဖြင့် ဒီနေရာမှာ ထပ်ဟောသင့်တယ် ဆိုပြီးတော့လည်း စေတနာနဲ့ အကြံပြုပေးသေးတယ်။ ဒါကြောင့်လည်း ဟောပြောပွဲမှာပါတဲ့ ဆရာဖေမြင့်တို့၊ မောင်စိန်ဝင်းတို့ ကလည်း သူ့ကို လေးစားခင်မင်ကြတယ်။ ခုလည်း သူတိုက်တွန်းတဲ့အတွက် ဒီအကြောင်းအရာကို အကျဉ်း ရုံးရေးလိုက်ရတာပါ။

ပြည့်စုံမှု သံသရာဆိုတာ အင်္ဂုတ္တိုရ်မှာ မြတ်စွာ ဘုရား ဟောကြားတော်မူတဲ့ 'သမ္ပတ္တိစက္က"ဆိုတာကို တိုက်ရိုက်မြန်မာပြန်ပြီး သုံးလိုက်တာပါ။ အဓိပ္ပာယ် ကတော့ သံသရာခရီးတစ်လျှောက်မှာ စည်းစိမ်ဥစ္စာ၊

ဘုန်းကျက်သရေ၊ ကုသိုလ်ပါရမီတွေနဲ့ ပြည့်စုံပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ ပြည့်စုံမှု အမျိုးမျိုးနဲ့ လည်ပတ်နိုင်ခြင်းရဲ့ အကြောင်းတရားများလို့ ဆိုနိုင်ပါတယ်။ အဲဒီအကြောင်းတရား လေးပါးဆိုတာကတော့–

၁။ ကြိုတင် လေ့လာဆည်းပူးထားပြီး ဖြစ်တဲ့ ကောင်းမှု ကုသိုလ်ရှိခြင်း၊ (ပုဗ္ဗေကတပုညတာ)

၂။ ကုသိုလ်၊ ပညာ၊ ဥစ္စာရမှုအတွက် သင့်တင့်လျောက်ပတ်တဲ့ အရပ်မှာ နေထိုင်ခွင့်ရခြင်း။ (ပတိရူပဒေသဝါသ)

၃။ ကောင်းရာကောင်းကြောင်းကို ကူညီညွှန်ပြနိုင်တဲ့ သူတော်ကောင်းများကို မှီခိုဆည်းကပ်ခွင့်ရခြင်း။ (သပ္ပုရိသူပနိဿယ)

၄။ မိမိရဲ့ ကိုယ်စိတ်တို့ကို ကောင်းအောင် ဆောက်တည်နိုင်ခြင်း။ (အတ္တသမ္မာပဏိဓိ) တို့ ဖြစ်ပါတယ်။

အဋ္ဌကထာ ဆရာကတော့ ဒီလေးမျိုးထဲမှာ ပုဗ္ဗေကတပုညတာက လိုရင်းပဓာန ဖြစ်တယ်။ ကုသိုလ်ကောင်းမှု ပြုထားပြီးရှိသူကို သူပြုတဲ့ ကုသိုလ်ကံက ပတိရူပအရပ်ကို ပို့ပေးတယ်။ သူတော်ကောင်း အမှီရအောင် စီမံပေးတယ်။ မိမိရဲ့ကိုယ်စိတ်တို့ကို ကောင်းအောင် ဆောက်တည်ထားသူဖြစ်အောင်လည်း ပြုလုပ်ပေးတယ်လို့ ဆိုပါတယ်။

ဒီအဆိုနဲ့ပတ်သက်လို့ သပြေကန် ဆရာတော်ဘုရားကြီး သုံးသပ်ပြတာကတော့ အဋ္ဌကထာဆရာဆိုခဲ့တဲ့ အချက်များဟာ တကယ်ပါရမီ ပြည့်စုံပြီးဖြစ်တဲ့ ပစ္ဆိမဘဝိက (ခုဘဝ မုချ ရဟန္တာဖြစ်မယ့်ပုဂ္ဂိုလ်မျိုး)တို့ အတွက်သာ လုံလောက်စရာ ရှိတယ်။ သာမန်ကောင်းမှုရှင်များ အတွက်တော့ ရေးကံလောက်နဲ့ စိတ်မချရသေးပါဘူးတဲ့။ အတ္တသမ္မာပဏိဓိ ရှိမှသာစိတ်ချရမယ်လို့ ဆိုပါတယ်။

ဆရာတော်က ဥပမာအဖြစ် ထုတ်ဆောင်ပြတာကတော့ ရှင်ဒေဝဒတ်ဟာ ပတိရူပမှာလည်း ဖြစ်ရတယ်။ လူ့ဘဝမှာလည်း နန်းတွင်းမှာ ဘုရင့်သား၊ ရဟန်းဖြစ်တော့လည်း ဘုရားရှင် သီတင်းသုံးတဲ့အရပ်မှာ နေခွင့်ရတာကိုး။ တကယ့်သပ္ပုရိသ ဘုရားရှင်ကိုလည်း မှီရတယ်။ ရှေးကောင်းမှုလည်း ရှိခဲ့တာပဲ။ ရှိလို့လည်း ရှင်ဘုရင့်သားလည်းဖြစ်ရ၊ သာသနာ့ဘောင်မှာလည်း ရဟန်းဖြစ်ရတာပါ။

ဒါပေမဲ့ ရှင်ဒေဝဒတ်ဟာ အကျိုးမဲ့ ဆုံးရှုံးခြင်းမလှ ဆုံးရှုံးရရှာတယ်။ ဒီလိုဖြစ်ရတာဟာ အတ္တသမ္မာပဏိဓိပျက်လို့ ဖြစ်ရတာပါ။

အဇာတသတ်ဟာလည်း ရှေးက ကောင်းမှုရှိခဲ့သူတစ်ဦး ဖြစ်တယ်ဆိုတာ ထီးမွေနန်းလျာ မင်းသားဖြစ်လာရတာကို ကြည့်ရင် သိနိုင်တယ်။ ဖခင်ဖြစ်တဲ့သောတာပန် သူတော်ကောင်းနဲ့ ပေါင်းဆုံမှီခိုခွင့်လည်း

ရခဲ့တာပါ။ ဒါပေမဲ့ အတ္တသမ္မာပဏိဓိ ပျက်စီးနေတဲ့ ရှင်ဒေဝဒတ်နဲ့ ပေါင်းမိတဲ့အခါ သူလည်း အတ္တသမ္မာ ပဏိဓိ ပျက်စီးပြီး နစ်နာရရှာတယ်တဲ့။

ဟုတ်ပါတယ်၊ မိမိကိုယ်စိတ်ကို ကောင်းအောင် ဆောက်တည်ထားနိုင်တဲ့ ဥပတိဿနဲ့ ကောလိတတို့ ကျတော့ ပထမ သိဥ္စည်းဆရာကြီးနဲ့ ပေါင်းဆုံမိပေမယ့် သိဥ္စည်းရဲ့ အယူဝါဒမှာ နစ်မွန်းမသွားခဲ့ဘူး။ ကိုယ့်ရည် မှန်းချက် မကိုက်မချင်း ဆက်လက် ရှာဖွေလို့ ဘုရား ရှင်ရဲ့ သာသနာတော်မှာ အမြင့်ဆုံး သာဝကကြီးတွေ အဖြစ် ရောက်ကြရတယ်။

ဒီဖြစ်ရပ်တွေကို လေ့လာကြည့်ရင် အတ္တသမ္မာ ပဏိဓိလို့ခေါ်တဲ့ မိမိရဲ့ ကိုယ်စိတ်ကို (အဓိကကတော့ မိမိရဲ့စိတ်ဓာတ်ကို) ကောင်းအောင် ဆောက်တည်ထား နိုင်မှုဟာ ပုဂ္ဂိုလ်နေရင့် မရွေးအတွက် အလွန်အရေးပါ နေတာ တွေ့ရတယ်။

ကိုယ့်စိတ်ကို ကောင်းအောင် ဘယ်လိုဆောက် တည်ရမလဲဆိုတာနဲ့ ပတ်သက်လို့တော့ ရှင်ရာဟုလာ ကို မြတ်စွာဘုရား ဆုံးမပုံကို အတုယူ လိုက်နာသင့် ပါတယ်။

မြတ်စွာဘုရားက ရှင်ရာဟုလာကို ‘မှန်ဆိုတာ ဘာအကျိုးရှိသလဲ’ လို့ မေးတော်မူတဲ့အခါ ရှင်ရာဟုလာ က ‘ဆင်ခြင်ခြင်းအကျိုး ရှိပါတယ် ဘုရား’ လို့ ဖြေတယ်။ မှန်ကြည့်တယ်ဆိုတာ မိမိဝတ်ဆင်ပုံ၊

ဖြီးလိမ်းထုံးဖွဲ့ပုံ အချိုးကျမကျ၊ မိမိရဲ့ မျက်နှာနဲ့ ကိုယ်ပေါ်မှာ အစွန်းအပြစ် ရှိမရှိ သိရအောင် ဆင်ခြင်ကြည့်တာပါ။ မြတ်စွာဘုရားရှင်ကတော့ ရှင်ရာဟုလာကို မိမိရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို မှန်ကြည့်သလို ကြည့်ရှုဆင်ခြင်ပြီး ပြုရမယ်လို့ ဆုံးမပါတယ်။ မိမိတို့ရဲ့ ကိုယ်၊ နှုတ်၊ စိတ်ထားများကို ပညာမှန်ပြင်မှာတင်ပြီး ကောင်းမကောင်း၊ အပြစ်ကင်းစင်မှုရှိမရှိ သုံးသပ်ဆင်ခြင်ပြီး ကောင်းအောင် ပြုပြင်ပေးရမယ်လို့ မိန့်တော်မူလိုရင်းပါ။

(မဇ္ဈိမပဏ္ဏာသ–၇၈)

ပညာမှန်ပြင်မှာ တင်ကြည့်လို့ အပြစ်မကင်းတာကို သိရပေမယ့် ပြုပြင်ဖို့ကျတော့ တွန့်ဆုတ်နေတယ်ဆိုရင်တော့ ဒီလို စိတ်မျိုးကို အဓိပတိလို့ခေါ်တဲ့ အလေးအနက် တန်ဖိုးထားမှု သုံးမျိုးနဲ့ တွန်းအားပေးပြီး ပြုပြင်သင့်ပါတယ်။

တန်ဖိုးထားမှု(အဓိပတိ)သုံးမျိုးဆိုတာ အမြင့်ဆုံးကစပြီး ပြောရမယ်ဆိုရင်–

၁။ ဓမ္မာဓိပတိတရားကို အလေးအနက် တန်ဖိုးထားမှုဖြစ်ပါတယ်။ မိမိလက်ခံကျင့်သုံးတဲ့ တရား၊ ယုံကြည်ကိုးစားတဲ့ တရားဆိုတာ ဗုဒ္ဓဘာသာဝင်များအတွက်ဆိုရင် လူနတ် နိဗ္ဗာန်ဆိုတဲ့ ချမ်းသာသုံးမျိုးကို ပေးစွမ်းနိုင်တဲ့ အရိယာလမ်းစဉ် တရားမြတ်ဖြစ်ပါတယ်။

တစ်နည်းပြောရရင်တော့ မိမိဟာ လူပရိသတ်၊ နတ်ပရိသတ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ အရိယာ ပရိသတ်ထဲအထိ ဝင်ဆံ့ သွားလာလိုတဲ့ သဘောပါ။ မိမိတို့ရဲ့ လက်ရှိ ကျင့်သုံးထားရှိနေတဲ့ ကိုယ်နှုတ် စိတ်ထားများဟာ မိမိဝင်ဆံ့လိုတဲ့ ပရိသတ်အလယ်မှာ တင့်တယ်နိုင်ပါ့မလား၊ ပရိသတ်က အဆင့်တူထားပြီး လက်ခံနိုင်လောက်ပါ့မလားလို့ ဆင်ခြင်ပြီး အဆင့်မီ အောင် ပြုပြင်ပေးရမှာပါ။

ဒီလောက်အထိတော့ အလှမ်းမမီတတ်သေးဘူး ဆိုရင်လည်း၊

၂။ လောကာဓိပတိ= ပတ်ဝန်းကျင်လောကကို အလေးအနက် တန်ဖိုးထားခြင်းပါတဲ့။ ပတ်ဝန်းကျင်မှာ မိမိရဲ့ ကိုယ် နှုတ် စိတ်ထား အကောင်းအဆိုးတို့ကို သိနေတဲ့ မြင်အပ် မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်။ ကိုယ်ကသာ ဘယ်သူမှ မသိဘူးလို့ ထင်ပေမယ့် သူတို့ကတော့သိပြီး ကဲ့ရဲ့စရာရှိရင် ကဲ့ရဲ့မယ်၊ ချီးမွမ်း စရာရှိရင်လည်း ချီးမွမ်းလိမ့်မယ်လို့ တွေးသိပြီး ပြုပြင် ပေးရမယ်လို့ ဆိုလိုပါတယ်။

ဒီလိုလည်း ဉာဏ်မမီတော့ သိပ်ပြီး မထိရောက် လှဘူးဆိုရင်၊

၃။ အတ္တာဓိပတိ = ကိုယ့်ကိုယ်ကိုယ် လေးစား တန်ဖိုးထားပြီး တွန်းအားပေးပါတဲ့။ ကိုယ့်ကိုယ်ကိုယ် ဆိုတဲ့အထဲမှာ ကိုယ်နဲ့အနီးကပ် ဆက်စပ်နေတဲ့မိဘ၊

ဆရာသမား၊ တပည့်၊ သားသမီး စသူတွေကိုလည်း ထည့်သွင်းပြီး တန်ဖိုးထားရမှာပါ။ ကိုယ့်ရဲ့ လက်ရှိ ဘဝတန်ဖိုးဟာ သာသနာတွင်းမှာ လူဖြစ်ရတာဖြစ်လို့ နိဗ္ဗာန်အထိ တန်တယ်လို့ ပြောနိုင်ပါတယ်။ ကိုယ်လုပ် နေတဲ့ ကိုယ်နှုတ်စိတ်ထားများက ဒီတန်ဖိုးဆီ ဦးတည် နေသလား၊ ဆန့်ကျင်နေသလား တွက်ကြည့်ရမှာပါ။

ပြီးတော့ ကိုယ့်ရဲ့ကောင်းခြင်း ဆိုးခြင်းတို့ ကြောင့် ကိုယ်နဲ့ဆက်စပ်ရာ မိဘ၊ ဆရာသမား၊ သားသမီး စသူတွေအပေါ်မှာ ရိုက်ခတ်လာမယ့် ဂုဏ်နဲ့ အပြစ်များကိုလည်း ထည့်တွက်ရမှာ ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ အမျိုးသားနေ့ ရွှေရတုသဘင် အထိမ်းအမှတ်အဖြစ်နဲ့ ပဲခူး အ–ထ–က(၃)က ထုတ်ဝေ ခဲ့တဲ့ မဂ္ဂဇင်းထဲမှာ ကဗျာကဝိတစ်ဦးရဲ့ ကဗျာတစ်ပုဒ် ဟာ အတော်လေး အတုယူစရာကောင်းတယ်။ သူ့ကဗျာက–

"ငါ့အဖေကား
ရွှေငွေဥစ္စာ
အာဏာမင်းစက်
ရာထူးမက်ဟု
သားရှက်မခံတော့ပါပြီ။

ငါ့အဖေကား
နေရာတစ်ခု
ရလိုမှုတွက်

အလုအယက်
ခြေကိုဖက်ဟု
သားရက် မခံတော့ပါပြီ။

ငါ၏စိတ်ထား၊ ငါ့စကားသည်
သားတို့ရှေ့ဆောင်
သားတို့တန်ဆောင် ဖြစ်ချေပြီ" ...တဲ့။

သူ့ရဲ့ မသန့်စင်တဲ့ စိတ်ထားတွေကြောင့် သားသမီးများ အရှက်ရစရာ မဖြစ်စေရဘူးလို့ တွေးပြီး ကိုယ့်ကိုယ်ကိုယ် ဆောက်တည် ပြုပြင်သွားတဲ့ သဘောပါ။

ဒါကို အားကျနည်းယူပြီး သားသမီးများက လည်း ကိုယ့်ကြောင့် မိဘ ရှက်စရာ မဖြစ်အောင်၊ တပည့်များကလည်း ဆရာ ရှက်စရာ မဖြစ်အောင်၊ ဆရာများကလည်း တပည့် ရှက်စရာ မဖြစ်အောင်ဆိုတဲ့ အလေးထားမှုမျိုးနဲ့ ကိုယ့်စိတ်ကို တွန်းအားပေးပြီး အကောင်းဆုံးဖြစ်အောင် ဆောက်တည်ကြရမှာပါ။

မြဝတီရပ်သံက လွင့်တဲ့ ပေါင်ချိန်ဇာတ်လမ်းတွဲတွေထဲက 'မိုက်ခဲညီနောင်'ဆိုတဲ့ ကားထဲမှာလည်း တဇောက်ကန်း မိုက်နေတဲ့ သိုင်းသမားက နောက်ဆုံး သူ့မှာ သားကလေး ရတော့မယ်ဆိုတာ သိရတော့ ငါ့သားဟာ ငါလိုလူမျိုး မဖြစ်စေရဘူးဆိုပြီး သူ့အပြစ်တွေကို ဝန်ခံစွန့်လွှတ်သွားတာ ကြည့်လိုက်ရဖူးတယ်။

ဒါဟာလည်း သားသမီးကို အလေးအနက် တန်ဖိုးထားပြီး ကိုယ့်ကိုယ်ကိုယ် ဆောက်တည်သွားတဲ့ သဘောပါပဲ။

ဒီလို ဆောက်တည်နိုင်ကြရင် မကောင်းမှုကင်းစင်ပြီး ကောင်းမှုတွေ တိုးလာမယ်။ မိုဝဲဆည်းကပ်ထိုက်တဲ့ ပုဂ္ဂိုလ်၊ နေထိုင်သင့်တဲ့ အရပ်တို့ကိုလည်း အမှန်အကန် ရွေးချယ်တတ်လာမယ်။ ဒီလိုဆိုရင် သံသရာခရီးမှာ ပြည့်စုံမှုများနဲ့သာ လည်ပတ်နေရမယ်လို့ ဆိုလိုတာပါ။

စည်းစိမ် ဥစ္စာ ဂုဏ်သိက္ခာ တို့နဲ့ ပြည့်စုံတဲ့ သံသရာ ဖြစ်ပါစေ။

❑

# ဖြတ်စားနဲ့ စွန့်စား

**"မြတ်စွာဘုရားရှင်နဲ့ အဂ္ဂသာဝက မဟာသာဝကကြီးတွေရဲ့ ဖြစ်တော်စဉ်တွေကို ကြည့်မယ်ဆိုရင် ရည်မှန်းချက်နဲ့ ထိုက်တန်တဲ့ အချိန်ကာလ တစ်လျှောက်လုံး အလွန်စွန့်နိုင်ခဲ့တဲ့ အရာတွေကို စွန့်လွှတ်ပြီး ပါရမီတွေကို ဖြည့်ခဲ့ကြတာ။ ကိုယ်က ထိုက်တန်အောင် စွန့်ခဲ့ပြီးမှ ကိုယ်နဲ့ ထိုက်တန်တဲ့ အဆင့်ကို ရောက်ရှိပြီး အကျိုးကို ခံစားကြတာ။**

**[သိမ်တောင်ဆရာတော်ဘုရားကြီး၊ တောင်ကြီး]**

တောင်ကြီးမြို့ သိမ်တောင် ပရိယတ္တိစာသင်တိုက်၊ ပဓာန နာယက ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဆန္ဒာဓိက အရှင်မြတ်က စာမေးပွဲမသမာဖြေဆိုခြင်းကို အလွန်စက်ဆုပ်တော်မူတယ်။ ကျောင်းတိုက်တွင်း လေ့ကျင့်ခန်းစာမေးပွဲမှာပဲဖြစ်ဖြစ် မသမာဖြေဆိုသူ တွေ့ခဲ့ရင် ကျောင်းတိုက်မှာ ဆက်လက်နေခွင့် မပြုဘူး။ ကိုယ်တိုင်

စာမေးပွဲကြီးကြပ်ရေး ဥက္ကဋ္ဌ လုပ်ခဲ့စဉ်ကလည်း ဒီကိစ္စကို အထူးအလေးအနက်ထားတယ်။

စာမေးပွဲကြီး ဖြေခါနီး သံဃာကို ဩဝါဒပေးတဲ့အခါ၊

စာမေးပွဲဆိုတာ အောင်တာနဲ့ ရှုံးတာ နှစ်မျိုးလုံးရှိရတာမျိုးပဲ။ ဒီနှစ်မျိုးလုံးကို လက်ခံနိုင်တဲ့ သတ္တိရှိမှ စာမေးပွဲလောကကို ဝင်ရတယ်။ ဒီတိုက်မှာ စာမေးပွဲကျလို့ နှင်ထုတ်တယ်ရယ်လို့ မရှိဘူး။ စာကို အချိန်မှန်မှန်ကြိုးစားပြီး စည်းကမ်းလိုက်နာဖို့ပဲ လိုတယ်။ အေး... စာမေးပွဲမှာ မသမာတဲ့နည်းနဲ့ ဖြေဆိုတာမျိုးကိုတော့ လုံးဝ လက်မခံနိုင်ဘူး။ အဲဒါကို ကင်းအောင်ရှောင်ကြရမယ်။

စာသင်တယ်ဆိုတာ အဓိကကတော့ စာတတ်ဖို့ပါ။ စာမေးပွဲဆိုတာကတော့ လောကအမြင်အရ သိသာတဲ့ ဂုဏ်တစ်ခုပဲ။ ဒီလိုဂုဏ် ထင်ရှားအောင်လုပ်တဲ့အလုပ်မှာ မသမာတဲ့နည်းနဲ့ လုပ်ယူပြီး ရထားတဲ့ဂုဏ်ဆိုရင် ဂုဏ်အစစ်မှ မဟုတ်ဘဲ။ ဘယ်လိုလုပ်ဂုဏ်ရှိနိုင်မှာတုံး။ မသမာတဲ့ အလုပ်ဆိုတာ သူများမသိဘူးဆိုလည်း ကိုယ့်ဘာသာကိုယ်တော့ သိနေတာပဲ။ မသမာဘူး ဆိုကတည်းက ဒါဟာ အကျင့်ပျက်တဲ့ ဒုဿီလဖြစ်သွားပြီ။ ဒုဿီလရဲ့ အပြစ်တွေထဲမှာ မကောင်းသတင်း ကျော်ကြားခြင်း၊ ပရိသတ်အလယ်မှာ မျက်နှာပန်း မလှခြင်းဆိုတာတွေ ပါနေတာပဲ။

ဘယ်လောက် အဖိုးတန်တဲ့ စိန်ရွှေရတနာ ပစ္စည်းတွေကိုပဲ ဝတ်ဆင်ထားထား၊ အဲဒါတွေဟာ ခိုးရာပါပစ္စည်းတွေ ဖြစ်နေရင် ပရိသတ်အလယ်မှာ ဘယ်လိုလုပ် ဂုဏ်ရှိမလဲ။ တချို့က မသိလောက်ဘူး ထင်ပြီး ထောင်လွှားဝါကြွား လုပ်ချင်တာလည်းရှိတယ်။ ဒါပေမဲ့ သူ့အခြေအနေကို ကြည့်ရင် ဘယ်မသိဘဲ ရှိမလဲ။ မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာရယ်လို့ ရှိနိုင်တာမျိုးမှ မဟုတ်ဘဲ။ ကြွားတယ်ဆိုတာ အငှားနဲ့ကြွားတယ်ဆိုတာတောင်လွန်လှပြီ။ ခိုးရာပါပစ္စည်းနဲ့ ကြွားတယ်ဆိုတာမျိုးကတော့ လွန်ရုံ မကတော့ဘူး၊ အလွန်အရှက်နည်းရာ ကျတယ်။

လောကမှာ တကယ့်ဂုဏ်အစစ် ရှိကြတဲ့ မြတ်စွာဘုရားရှင်နဲ့ အဂ္ဂသာဝကကြီးတွေ၊ မဟာသာဝကကြီးတွေရဲ့ ဖြစ်တော်စဉ်တွေကို ကြည့်မယ်ဆိုရင် ရည်မှန်းချက်နဲ့ ထိုက်တန်တဲ့ အချိန်ကာလတစ်လျှောက်လုံး အလွန်စွန့်နိုင်ခဲတဲ့ ပစ္စည်းဥစ္စာ အင်္ဂါခြေလက် မျက်စိစတာတွေ၊ ပဒေသရာဇ် ဧကရာဇ်စတဲ့ စည်းစိမ်တွေကိုတောင် စွန့်လွှတ်ပြီးတော့မှ ပါရမီတွေကို ဖြည့်ကျင့်ခဲ့ကြတာ။ ကိုယ်က ထိုက်တန်အောင် စွန့်ခဲ့ပြီးမှ ထိုက်တန်တဲ့အကျိုးကို ခံစားကြတာ။ အဲဒါ တကယ့်ဂုဏ်သိက္ခာအစစ် ရရှိတဲ့နည်းပဲ။ တကယ် မြင့်မြတ်တဲ့ အဆင့်ဆိုတာ ဖြတ်လမ်းမရှိဘူး။ ဖြတ်စားလျှပ်စား ဆိုသလို မရိုးမသားလုပ်လို့လည်း ရနိုင်တာမျိုး

မဟုတ်ဘူး။

ဒါကြောင့် စာမေးပွဲဆိုတာလည်း ကိုယ်က ကိုယ်ဖြေမယ့် အတန်းနဲ့ထိုက်တန်အောင် အရင်ကြိုးစားထားရမယ်။ ဖြေချိန်ရောက်မှ မရိုးမသားဖြတ်လမ်းသွား မလုပ်ကြလေနဲ့။ ဒီလို မသမာမှုမျိုး ကျူးလွန်တယ်ဆိုရင်တော့ ကျောင်းတိုက်မှာ ဆက်လက်ပြီး နေခွင့်ပြုမှာ မဟုတ်ဘူး။ 'အောင်ချင်အောင်၊ ရှုံးချင်ရှုံး၊ ရိုးရိုးသားသား ကြိုးစားဖြေကြ'လို့ မိန့်ကြားပါတယ်။ ဒီစကားများဟာ နှစ်စဉ်စာမေးပွဲနား နီးချိန်တိုင်းလိုလို မိန့်ကြားလေ့ရှိတဲ့ ဩဝါဒပါ။

ဆရာတော်ကြီးရဲ့ ဩဝါဒကို စဉ်းစားပြီးမှ သတိထားမိတော့တယ်။ လောကမှာ အကျိုးတစ်ခုခုကို ရရှိတာ၊ ရယူတာနဲ့ပတ်သက်လို့ မြန်မာဗန်းစကားမှာ 'စားတယ်'လို့ သုံးကြတတ်ကြတယ်။ 'စားသာတယ်၊ နှာတစ်ဖျားနဲ့ စားသွားတယ်'ဆိုတာမျိုးလိုပေါ့။ ဒီလိုသုံးကြတဲ့နေရာမှာ ဖြောင့်ဖြောင့်ဆန့်ကျင်တဲ့ စကားနှစ်မျိုးရှိတယ်။ စွန့်စားနဲ့ဖြတ်စားဆိုတာ ခပ်ရှည်ရှည်သုံးတဲ့အခါမှာတော့ 'စွန့်စွန့်စားစား'နဲ့ 'ဖြတ်စားလျှပ်စား'လို့လည်း သုံးလေ့ရှိတယ်။

'စွန့်စား' ဆိုတာ ဆရာတော်မိန့်ကြားခဲ့သလိုပဲ။ ကိုယ်က ထိုက်တန်အောင် အရင်စွန့်ပြီးမှ ထိုက်တန်သလောက် အကျိုးကို ခံစားတဲ့သဘော ဖြစ်လို့ အကြောင်း အကျိုးဆိုတဲ့ ဓမ္မနိယာမ၊ ကမ္မနိယာမ

လမ်းစဉ်မှန်အတိုင်း ဖြစ်ရတဲ့သဘောပါ။

ဒီလို ကျင့်သုံးရယူသူများကို သူတို့ရဲ့ စွန့်လွှတ်မှုနဲ့ ရရှိမှု အတိုင်းအတာအလျောက်စွန့်စားသူ၊ ရဲဝံ့သူ၊ သူရဲကောင်း၊ အာဇာနည်စတဲ့ ဂုဏ်ပုဒ်များနဲ့ လူအပေါင်းက ချီးကျူးဂုဏ်ပြုလေ့ ရှိတယ်။

တိပိဋကဓရ(ယော) ဆရာတော်ဘုရားကတော့ ဒီလို ပြုတာဟာ ဓမ္မနိယာမ၊ ကမ္မနိယာမနဲ့အညီ ပြုလုပ်တာဖြစ်လို့ သူတို့ရဲ့အပြုအမူကို ကုသိုလ်(ပါရမီ) လို့ခေါ်တယ်။ ကုသိုလ်ရဲ့ သဘောသတ္တိက လိုရာအကျိုးကိုလည်း ပေးနိုင်တယ်။ အပြစ်ကင်းစင်တဲ့အတွက် နောင်တ ပူပန်စရာမရှိဘဲ စိတ်လည်းအေးချမ်းတယ်။ သူတို့ရရှိတဲ့ အကျိုးဆိုတာဟာ သူတို့က အကျိုးကို ရယူတာမဟုတ်ဘူး။ သူတို့ပြုတဲ့ ကုသိုလ်က သူတို့အပေါ် ပြန်လည်တာဝန်ယူပြီး ပေးဆောင်ခြင်းသာ ဖြစ်တယ်တဲ့။ ဆရာတော်ရဲ့ အဆုံးအမ လင်္ကာကလေးကတော့–

**ကုသိုလ်ကံမှာ၊ လိုရာကိုပေး၊ စိတ်လည်းအေး၍၊ သူကတစ်ဖန်၊ ကိုယ့်ကိုပြန် တာဝန်ယူပေးမှာ** တဲ့။

တကယ့် ဂုဏ်သိက္ခာဆိုတာ ဒါမျိုးကို ပြောတာပါ။

'ဖြတ်စား'ဆိုတာ ထိုက်တန်အောင် မကျင့်ဆောင် မစွန့်လွှတ်ချင်ဘဲ အကျိုးကို ဖြတ်လမ်းက

ရယူခံစားကြသူများကို ပြောတာပါ။ ဒါဟာ ဓမ္မနိယာမ၊ ကမ္မနိယာမနဲ့ ဆန့်ကျင်တဲ့အတွက် ဒီလိုရယူကြသူများကို အချောင်သမား၊ ဖြတ်စားလှျပ်စားသမား၊ မသမာသူများ၊ သူရဲဘောကြောင်သူများ၊ ကြောင်သူတော်များ စတဲ့ စကားလုံးများနဲ့ လူအပေါင်းကလည်း ကဲ့ရဲ့ ရှုတ်ချလေ့ ရှိကြတယ်။

'ဓမ္မဟဝေရက္ခတိဓမ္မစာရီ= တရားနဲ့အညီ ကျင့်သုံးသူကို တရားက စောင့်ရှောက်တယ်' ဆိုတဲ့ ဘုရားရှင်အဆုံးအမတော်အရ ဆန့်ကျင်ဘက် (ဗျတိရိက်) အနေနဲ့ တရားနဲ့မညီဘဲ ဓမ္မနိယာမကို သွေဖည် ကျင့်သုံးသူဟာ တရားအစောင့်အရှောက်ကင်းပြီး တရားရဲ့ဒဏ်ခတ်ခြင်းကို ခံရမယ်လို့ အဓိပ္ပာယ် ရပါတယ်။ ဆရာကြီး ဦးရွှေအောင်စကားနဲ့ ပြောရရင်တော့ ဒါဟာ ဓမ္မအပေါ် သစ္စာဖောက်တဲ့အတွက် ဓမ္မရဲ့ ဒဏ်ခတ်ခြင်း ကို ခံရတယ်လို့ ဆိုရမှာပါ။

သဘောကတော့ မိမိစေတနာထားတဲ့သက်ရောက်မှုအတိုင်း မိမိအပေါ် တန်ပြန်သက်ရောက်လာတာပါပဲ။ ဒီလိုတန်ပြန်သက်ရောက်တဲ့ နေရာမှာလည်း မိမိက သက်ရောက်စေတဲ့ စေတနာအရှိန်ရယ်၊ သက်ရောက်မှုကို ခံရတဲ့ပုဂ္ဂိုလ်တို့ရဲ့ သီလ၊ သမာဓိ၊ ပညာ စတဲ့ အမာခံ သိပ်သည်းမှု အခံဓာတ်ရယ်အပေါ်မှာ မူတည်ပြီး တန်ပြန်သက်ရောက်မှုအဟုန် ပြင်းထန်တယ်လို့လည်း တွက်မယ်ဆို တွက်နိုင်တယ်။

လောကအနေနဲ့ ပြောမယ်ဆိုရင်တော့ စွန့်လွှတ်မှု မပါဘဲ မိမိရယူတဲ့ ပမာဏကြီးမားသလောက် ပြန်လည်ပေးဆပ်ရတဲ့ အတိုးကလည်း အဆမတန်ကြီးမားတယ်လို့ ဆိုနိုင်ပါတယ်။ အရှင်ဒေဝဒတ်နဲ့ အဇာတသတ်တို့ရဲ့ ဖြစ်စဉ်ကိုကြည့်ရင် ဒီသဘောပိုပြီး ထင်ရှားမယ်။

အရှင်ဒေဝဒတ်ဟာ လောကုတ္တရာအတွက် မြင့်မြတ်တဲ့အဆင့်နဲ့ ထိုက်တန်အောင် စွန့်လွှတ်ပါရမီဖြည့်ခဲ့တာ မရှိဘူး။ နောက်ဆုံး ဘုရားရှင်နဲ့တွေ့တဲ့ဘဝမှာ မင်းသားဖြစ်ခဲ့ပြီး သာသနာ့ဘောင်ကိုတော့ ရောက်လာတယ်။ မိမိမှာရှိတဲ့ ပါရမီ ရှိစုမဲ့စုလေးနဲ့ လောကီအဘိညာဉ်ကိုလည်း ရလိုက်သေးတယ်။ သူက သူနဲ့ တန်ရုံလောက် ရနေတာကို မရောင့်ရဲ မကျေနပ်နိုင်ဘူး။ မြတ်စွာဘုရားရှင်နဲ့အဂ္ဂသာဝက၊ မဟာသာဝက မထေရ်မြတ်ကြီးတို့ကို လူနတ်ဗြဟ္မာအားလုံးက လေးစားကြည်ညိုကြတာကိုကြည့်ပြီး သူ့အပေါ်ကိုလည်း လောကသုံးပါးလုံးက ဒူးထောက်ခစားတာကို သူက ခံယူလိုတယ်။ အမှန်ကတော့ သူဟာ လူ့ပြည်မှာသာမက လူနတ်ဗြဟ္မာ သတ္တဝါအားလုံးအပေါ်မှာ လွှမ်းမိုးနိုင်တဲ့ အမြတ်ဆုံးအသာဆုံး အတုမဲ့ ပုဂ္ဂိုလ်ကြီးဖြစ်ချင်တာပါ။

ဒီလို ဩဇာအာဏာမျိုးကို လူ့လောကမှာ ရှင်ဘုရင်က အိမ်ရှေ့ဥပရာဇာ ခန့်ထားပြီး အာဏာလွှဲ

ပြောင်းပေးသလို ဘုရားရှင်က အာဏာလွှဲပြောင်းပေးရင် ရနိုင်တယ်လို့ သူထင်နေတယ်။ ဒါကြောင့် ဘုရားရှင်ထံ အရိုက်အရာ လွှဲအပ်ဖို့ တောင်းဆိုတယ်။ ဒီလို ရနိုင်တာမျိုး မဟုတ်ဘူးလို့ ဘုရားရှင်က ဆုံးမပေမယ့် လက်မခံဘူး။ အေးအေးဆေးဆေး တောင်းလို့မရတဲ့အခါ သံဃာကို အုပ်စုခွဲပြီး ဘုရားပြိုင်လုပ်ဖို့ ကြိုးစားကြည့်တယ်။ ဒါနဲ့လည်း မရတဲ့အခါ ဘုရားရှင်ရဲ့ အသက်အန္တရာယ်ကို ပြုဖို့အထိ အမျိုးမျိုး ကြိုးစားတယ်။ ဒီလို မသမာတဲ့ ဖြတ်စား လှျပ်စား စိတ်ဓာတ်ကြောင့်ပဲ အရှင်လတ်လတ် မြေမျိုပြီး အဝီစိငရဲမှာ အန္တရာယ်ကပ်ပေါင်း အများကြီး၊ နှစ်ပရိစ္ဆေဒနဲ့ ပြောရရင်တော့ ကုဋေပေါင်း အများကြီး ကျခံပေးဆပ်နေရဦးမှာ ဖြစ်ပါတယ်။

အဇာတသတ်ကတော့ လောကီအရာမှာလည်း ရှင်ဘုရင်ဖြစ်နိုင်လောက်တဲ့အထိ စွန့်လွှတ်တဲ့ ကုသိုလ်ကံကို ပြုခဲ့သလို လောကုတ္တရာမှာလည်း သောတာပန်အရိယာပုဂ္ဂိုလ်ဖြစ်လောက်တဲ့အထိ စွန့်လွှတ်ခဲ့တဲ့ ပါရမီဓာတ်ခံ အထိုက်အလျောက်ရှိတယ်။ ဒါပေမဲ့ သူက အချိန်ကျအောင် မစောင့်နိုင်ဘူး။ ခမည်းတော် ဗိမ္ဗိသာမင်းကြီး သက်တမ်းပြည့်နေပြီးလို့ နတ်ရွာစံပြီးမှ သူ့အလှည့်ရောက်လာမယ့် အချိန်အထိ မစောင့်ဘဲ ခမည်းတော်ကို သတ်ဖြတ်ပြီး ထီးနန်းစည်းစိမ်ကို ရယူခဲ့တယ်။ အရှင်ဒေဝဒတ်ကို ဆရာတင် မှားခဲ့မိလို့

ဆိုပေမယ့် 'ဘယ်သူမပြု မိမိမှု'ဆိုတဲ့အတိုင်း သူပြုတဲ့ ကံဟာ သူ့ကံပဲ။ ဒီကံကြီးကြောင့် သောတာပန် ဖြစ်နိုင်လောက်တဲ့ ပါရမီဓာတ်ခံလည်း ဆုံးရှုံးသွားခဲ့တယ်။

တစ်ခု ခံသာတာကတော့ သူက ပါရမီအရာမှာ အရှင်ဒေဝဒတ်လောက် ဒုံးမဝေးလှဘူး။ ဒါကြောင့် ထီးနန်းစည်းစိမ်ကို ရပြီးတဲ့အခါ သူထင်ကြေးမကိုက်ဘဲ ဆင်းရဲဒုက္ခနဲ့ ကြုံတွေ့ရတော့မှ သတိရပြီး ဘုရားရှင်ထံ ဆည်းကပ်တယ်။ ပြေရာပြေကြောင်းတွေ ကြိုးစားခဲ့တယ်။ သူ့ကံဟာလည်း အရှင်ဒေဝဒတ်နဲ့ အဆင့်တူ အနန္တရိယကံမျိုးပဲ ဖြစ်ပေမယ့် သူ့ရဲ့ အချိန်မီ ရရှိလိုက်တဲ့ အမြင်မှန်ကြောင့် အဝီစိငရဲအထိ မရောက်ဘဲ အဝီစိနဲ့စာရင် အလွန့်ကို သေးငယ်လှတဲ့ လောဟကုမ္ဘိငရဲမှာပဲ ကျခံရင်း သူမတန်မရာ ဖြတ်ယူခဲ့တဲ့ အကြွေးကို ပေးဆပ်နေရတယ်။

ဒါတွေဟာ သူတို့ ကျူးလွန်သက်ရောက်တဲ့ စေတနာအလျဉ်ကလည်းကြီး သက်ရောက်ခံရတဲ့ ပုဂ္ဂိုလ်များကလည်း တစ်ဦးကကျေးဇူးအနန္တရှိတဲ့ ဖခင်ဆိုတဲ့ အမာခံထုထည်ကြီးမားသလို တစ်ဦးကလည်း အနှိုင်းမဲ့ ဘုရားရှင် ဖြစ်တာကြောင့် တန်ပြန်သက်ရောက်တဲ့ အဟုန်က ပြင်းချင်တိုင်း ပြင်းထန်လာတဲ့ သဘောပါပဲ။

တိပိဋကဓရ(ယော) ဆရာတော်ဘုရားကတော့ ဒီအလုပ်ဟာ အကုသိုလ်အလုပ်ဖြစ်တဲ့အတိုင်း အကုသိုလ်ရဲ့ သဘောက မိမိထင်သလို လိုချင်တဲ့ချမ်းသာ

သုခကိုလည်း မပေးဘူး။ အပြစ်မကင်းတဲ့အတွက် စိတ်မအေးရဘဲ အဇာတသတ်တို့လို အမြဲတမ်း ထိတ်လန့်ပူပန် နေရတတ်တယ်။ ကိုယ်ပြုမှားမိသလောက် ကိုယ်က ပြန်ပြီး တာဝန်ယူ ပေးဆပ်ရမြဲ ဖြစ်တယ်တဲ့။ ဆရာတော့်လင်္ကာကလေးကတော့

**အကုသိုလ်မှာ၊ လိုရာမပေး၊ စိတ်မအေးရ၊ ကိုယ်ကတစ်ဖန်၊ သူ့ကိုပြန်၊ တာဝန်ယူရမှာ** တဲ့။

ဖြတ်စားတယ်ဆိုတာ ဓမ္မနိယာမကို ဆန့်ကျင်တဲ့ အကုသိုလ်အမှုမျိုးဖြစ်လို့ ကိုယ်က သူ့ကိုတစ်ဖန် ပြန်ပြီး တာဝန်ယူပေးဆပ်ရမယ့် အတိုးကြီးတဲ့ အကြွေးမျိုးဖြစ်တယ်။

စွန့်စားခြင်းဟာ ဓမ္မနိယာမနဲ့လည်းညီ ကမ္မာသကတ သမ္မာဒိဋ္ဌိ ဦးစီးတဲ့ လမ်းစဉ်လည်းဖြစ်လို့ ကုသိုလ်ကံလို့ခေါ်တယ်။ ပြုပြီးရင် သူက ကိုယ့်ကို တာဝန်ယူပေးမှာဖြစ်လို့ ကိုယ်က အသာလေး စံစားနေတာမျိုး ဖြစ်တယ်လို့ ခွဲခြားသိမြင်ပြီး အတိုးကြီး အကြွေးတင်တဲ့ ဖြတ်စား အလုပ်မျိုးကို ရှောင်နိုင်ကြပါစေ။

ကိုယ်က အတိုးကြီးကြီးနဲ့ပြန်ရမြဲဖြစ်တဲ့ စွန့်စားသူများဖြစ်အောင် ကြိုးစားနိုင်ကြပါစေ။

❑

## အတွေးဟောင်းနဲ့ အတွေးသစ်

**ဒီဘုံကိုရောက်လာတဲ့ သတ္တဝါတို့ရဲ့ သန္တာန်မှာ ပထမဆုံး ဖြစ်ပေါ်လာတဲ့ အဟောင်းဆုံး အတွေးကတော့ 'အိပ်၊ စား၊ ကာမ' ဒီ သုံးဝကိုသာ တွေးတတ်တဲ့ 'ကာမသုခလ္လိက' အတွေးပါပဲ။**

၁-၈-၂၀၀၄ နေ့က ပြုလုပ်တဲ့ အတွေးသစ်ဂျာနယ် (၄)နှစ်မြောက် ဝိဇ္ဇာတမင်္ဂလာနေ့ဟာ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့လည်း တိုက်ဆိုင်နေတဲ့အတွက် ဓမ္မစကြာနေ့များထဲမှာ အကျုံးဝင်တာမို့ ဒီအကြောင်းကို ဆွေးနွေးပြောဆိုဖို့ စိတ်ကူးပါတယ်။ အချိန်၊ နေရာနဲ့ ဆရာကြီးများရဲ့ ဣရိယာပထ မျှတမှုကိုငဲ့ပြီး အနည်းအပါးသာ ပြောခဲ့ဖြစ်လို့ အခုမှ ဖြည့်စွက်ပြောလိုက်ရပါတယ်။

'အတွေးသစ်'ဆိုတာကိုကြည့်ပြီး **'အတွေးဟောင်းက ဘယ်ဟာလဲ၊ ဘာကို အတွေးသစ်ခေါ်တာလဲ၊ အတွေးသစ်တိုင်း ကောင်းမွန်မှန်ကန် အကျိုးရှိနိုင်**

**ပါသလား'** ဆိုတဲ့ ပြဿနာများဟာ မေးသင့်တဲ့ မေးချင်စရာများပါ။ ဒါနဲ့ပတ်သက်လို့ မြတ်ဗုဒ္ဓရဲ့တရားဦးဓမ္မစကြာကို ချဉ်းကပ်ပြီး အဖြေရှာကြည့်ချင်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ဟောညွှန်ချက်များအရ သတ္တဝါတိုင်းဟာ ဘဝတစ်ခုကို စတင်ရရှိလိုက်တာနဲ့ တစ်ပြိုင်နက်ဆိုသလို ဘဝကို တပ်မက်တဲ့ 'ဘဝနိကန္တိက လောဘဇော'ဆိုတာ ဖြစ်လာပါတယ်။ ဘဝကို တွယ်တာတပ်မက်တဲ့တဏှာဆိုတာပါပဲ။ ဒီတရားဟာ ဘဝခန္ဓာအိမ်မှာ အစောဆုံးနေရာယူထားတဲ့အတွက် အရာရာကို အိမ်ရှင်သဖွယ် စိုးမိုးခြယ်လှယ်တတ်ပါတယ်။ ဒါကြောင့်လည်း ဘာသာဋီကာ ကျမ်းပြုဆရာတော်ကြီးက 'ငါတို့နေရာ၊ ဤကမ္ဘာ၊ တဏှာအုပ်စိုးသည်။ တဏှာစေရာ၊ မနေသာ၊ ဖွေကာဆက်ရသည်'လို့ရေးခဲ့တာပါ။

တဏှာ၊ လောဘစတဲ့ အမည်အမျိုးမျိုး ခံယူထားတဲ့ ဒီတရားကို အာရုံကို ဆာလောင်တောင့်တတတ်တဲ့ စိတ်ရဲ့ အညစ်အကြေးဖြစ်လို့ 'ကိလေသာကာမ'လို့လည်း ခေါ်ကြတယ်။ ဒုက္ခအားလုံးတို့ရဲ့အကြောင်းရင်း လက်သည်ဖြစ်လို့ 'သမုဒယ'လို့လည်း ခေါ်ပါသေးတယ်။ သူလိုချင်တောင့်တတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဆိုတဲ့ အာရုံတွေကိုတော့ လိုချင်စရာဝတ္ထုတွေဖြစ်လို့ 'ဝတ္ထုကာမ'လို့ ခေါ်ပါ

တယ်။ 'အာရုံငါးဖြာ ကာမဂုဏ်တရားမှာ'ဆိုတာ ဒီတရားတွေကို ပြောတာပါ။

ဒါကြောင့် သတ္တဝါရယ်လို့ ဖြစ်လာပြီး တွေးတောနိုင်စွမ်းရှိလာတဲ့အခါ ပထမဦးဆုံးတွေးဖြစ်တာဟာ 'အာရုံကို ရှာဖွေရရှိ ခံစားနိုင်ရေး'ပဲ ဖြစ်တယ်လို့ ဆိုနိုင် ပါလိမ့်မယ်။ ဒီလို ရှာဖွေရရှိခံစားနေတာကိုပဲ ဘဝရဲ့အနှစ် ချမ်းသာစစ်ဖြစ်တယ်လို့ ခံယူပြီး ကြိုးစားရှာဖွေ အားထုတ်ကြပါတယ်။ ဒီအတွေး၊ ဒီခံယူလုပ်ဆောင်ချက်မျိုးကို ဓမ္မစကြာမှာ 'ကာမသုခလ္လိကာနုယောဂ'အစွန်းရောက်တဲ့ အတွေးအမြင်မှားကြီးလို့ သုံးသပ်ဆုံးဖြတ်တော်မူပါတယ်။

ဒီအတွေး ဦးဆောင်တဲ့ သတ္တဝါတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ 'အိပ်၊ စား၊ ကာမ'ဆိုတဲ့ ဒီသုံးဝသာရှိတဲ့အတွက် ဒီအတွေးဟောင်း ဦးစီးတဲ့ သတ္တဝါများကို 'တိက္ကစ္ဆာ=အလိုဆန္ဒ သုံးမျိုးသာရှိတဲ့ သတ္တဝါ'လို့ သတ်မှတ်ရမှာပါ။ ပြောဆိုသုံးစွဲသူတို့ရဲ့ အသံရွေ့လျောမှုအရ တိက္ကစ္ဆာ ကနေ တိရိစ္ဆာ= တိရိစ္ဆာန =တိရိစ္ဆာန်လို့ ဖြစ်လာတယ်လို့လည်း ယူဆနိုင်ပါတယ်။ ဒါဟာလည်း တိရစ္ဆာန်ဆိုတဲ့ ပါဠိသက်ဝေါဟာရရဲ့ အဓိပ္ပာယ်တစ်မျိုးဖြစ်ပါတယ်။ (တခြားတစ်မျိုးကတော့ 'မဂ်ဖိုလမှ ဖီလာဖြစ်တဲ့ သတ္တဝါ၊ မဂ်ဖိုလ်နိဗ္ဗာန်နဲ့ မထိုက်တန်တဲ့ သတ္တဝါလို့ အဓိပ္ပာယ်ရပါတယ်)

ဒီအတွေးနဲ့ ရုန်းကန်လှုပ်ရှားနေကြတဲ့ သတ္တဝါ

များဟာ အိပ်၊ စား၊ ကာမ ဒီသုံးဝကလွဲလို့ ဘာမှ ထူးခြားမလာဘဲ မွေး၊ အို၊ နာ သေ စက်ရဟတ်ထဲမှာပဲ တဝဲလည်လည် ဖြစ်နေကြရတာဖြစ်လို့ ထူးခြားပြောင်းလဲရှင်သန်ခြင်းမရှိတဲ့ အတွေးသေကြီးလို့ပဲ ဆိုရပါလိမ့်မယ်။ ဒါပေမဲ့ တိုးတက်ရှင်သန်အောင် တွေးခေါ်ခြင်း မရှိဘဲနေခဲ့ကြရတဲ့ အချိန်ကာလကြီးကတော့ အစမထင်လောက်အောင် ရှည်ကြာခဲ့ကြပါတယ်။

အချိန်ကြာလာတာနဲ့အမျှ ဒီအတွေးဟောင်း၊ အတွေးသေကြီးကို ငြီးငွေ့ရွံမုန်းစရာအဖြစ် သတိထားအသိပွားလာတဲ့ ပုဂ္ဂိုလ်များလည်း ပေါ်လာကြပါတယ်။ သူတို့က အတွေးသစ်တစ်ခုကို စတင်တွေးကြည့်ကြဖို့အတွက် အတွေးဟောင်းအပေါ် သုံးသပ်မိတာကတော့ 'အာရုံတွေကို ရှာဖွေဆက်သနေရတာဟာ ဒီခန္ဓာထဲမှာ အာရုံတွေကို လိုချင်တောင့်တနေတဲ့ "အတ္တ"ဆိုတာ ရှိနေလို့ ဖြစ်တယ်။ သူ့အလိုအရ ရှာဖွေပေးဆက်နိုင်ရင် ချမ်းသာမယ်လို့ ထင်နေကြပေမယ့် အို၊ နာ၊ သေ ဆိုတဲ့ တရားများနဲ့ ကြုံလာတဲ့အခါ ရှာဖွေထားတဲ့ အာရုံတွေများသလောက် အစွဲနာ အခွာခက်ပြီး ပိုမိုဆိုးဝါးတဲ့ ဒုက္ခကြီးနဲ့ ကြုံရတယ်။ ဒါကြောင့် အတ္တရဲ့ အလိုကျ အာရုံကို ရှာဖွေခံစားရင် ချမ်းသာတယ်ဆိုတဲ့ အတွေးဟာ မမှန်ဘူး၊ ဒီနည်းဟာ ချမ်းသာကို တကယ် မပေးနိုင်ဘူး။ ဒါကြောင့် ချမ်းသာရဖို့အတွက် ဒီနည်းကို ပြောင်းပြန်လှန်ပစ်ရမယ်' လို့ သုံးသပ်ကြပါတယ်။

ဒီသုံးသပ်ချက်အရ အတ္တကို ပင်ပန်းအောင် ညှဉ်းဆဲရေးနဲ့ အာရုံခံစားမှုများကို ဆန့်ကျင်ရေးဆိုတဲ့ 'အတ္တကိလမထာ နုယောဂ'အတွေးမျိုး ပေါ်ပေါက်လာတယ်။ ဒီအတွေးဟာ ကာမသုခလ္လိက အတွေးဟောင်းကြီးက ခွဲထွက်လာတဲ့ ပထမဆုံးအတွေးသစ်လို့ ဆိုနိုင်ပါလိမ့်မယ်။

ဒီအတွေးဟာ အသစ်လို့ ဆိုရပေမယ့် ဒင်္ဂါးပြားတစ်ခုကို 'ခေါင်း'ဘက်ကလှန်လို့ ကိုယ့်အလိုကျမဖြစ်ရင် 'ပန်း'ဘက်က လှန်လိုက်ရမယ်ဆိုတဲ့ အတွေးမျိုးဖြစ်နေတဲ့အတွက် ဘဝကို ဒင်္ဂါးပြားလို အပြားကြီးအဖြစ်သဘောထားသုံးသပ်ပုံမျိုး ဖြစ်နေပါတယ်။ ပြားချပ်တဲ့အရာဝတ္ထုတို့ရဲ့ နိယာမအတိုင်း ထောင်လိုက်လိမ့်တဲ့အခွင့်အလမ်းဆိုတာ အလွန်ကြုံခဲတဲ့အတွက် ပြားပြီးသေနေတဲ့ သဘောမျိုး သက်ရောက်နေတယ်။ အမှန်လည်းဘာမှ လူးလွန့်ပြောင်းလဲ ရှင်သန်လှုပ်ရှားမှုမရှိလာပါဘူး။ အလုပ်ပိုပြီး ဒုက္ခတွေ ထပ်လာတာပဲရှိပါတယ်။

ပြားပြီးသေနေတဲ့ အရာဝတ္ထုတို့ရဲ့ နိယာမအတိုင်းပဲ ကြာတော့လည်း ဟောင်းသွားတာပါပဲ။ ဘာအကျိုးမှ မရကြပါဘူး။ ဒါကြောင့်လည်း မြတ်ဗုဒ္ဓပွင့်တော်မူပြီး တရားဦး ဟောကြားတော်မူတဲ့အခါ ဒီအတွေးနှစ်မျိုးစလုံးကို 'အနတ္တ သံဟိတော = ခရောနောင်ပါ ချမ်းသာ တိုးပွား အကျိုးများမှုမရှိတဲ့ အစွန်

ရောက် အတွေးဟောင်းများ’အဖြစ် သုံးသပ် ဆုံးဖြတ်ပြီး ပယ်ရှားဖို့ တိုက်တွန်းတော်မူခဲ့ပါတယ်။

အတွေးအမြင်ဟာ သာလွန်ထူးခြားတဲ့ အကျိုးကို ဖြစ်စေနိုင်စွမ်းရှိရင် အဲဒီအတွေးအမြင်ကို ‘အဘိဓမ္မာ’ လို့ ခေါ်ပါတယ်။ (ကေနတ္တေန အဘိဓမ္မော ဓမ္မာ တိရေက ဓမ္မဝိသေသဋ္ဌေနာတိ။ အဘိ ဋ္ဌ–၁) အဲဒီ အတွေး အမြင်ကို ဖော်ထုတ်တဲ့ ပညာရှင်ကိုလည်း အဘိဓမ္မာ ပညာရှင်လို့ပဲ ဆိုရပါတယ်။ ဒါကြောင့် ဗြတ်ဗုဒ္ဓဟာ အတုမဲ့ အဘိဓမ္မာ ပညာရှင် ဖြစ်ပါတယ်။

စစ်မှန်တဲ့ အဘိဓမ္မာပညာရှင်မှာ မိမိတင်ပြတဲ့ အဘိဓမ္မာရှင်သန်နိုင်ဖို့အတွက် အဓိက တာဝန်နှစ်ခု ရှိပါတယ်။ ပထမတစ်ခုက အတွေးဟောင်းများရဲ့ ချွတ်ယွင်းချက်ကို ထောက်ပြပြီး ဖယ်ရှားဖို့နဲ့ နောက်တစ်ခုက ပိုမိုကောင်းမွန်တဲ့ အတွေးအမြင်သစ်နဲ့ အစားထိုးပေးဖို့ ဖြစ်တယ်လို့ ဓမ္မစကြာရဲ့ နိဒါန်းက ညွှန်ပြနေပါတယ်။

မှန်ပါတယ်။ အဟောင်းရဲ့ ချွတ်ယွင်းချက်များကိုသာ ထောက်ပြဖယ်ရှားပြီး အသစ်နဲ့ အစားထိုးမပေးနိုင်ဘူးဆိုရင် ဒီပုဂ္ဂိုလ်မျိုးဟာ အဘိဓမ္မာပညာရှင် (လောက အခေါ်အရတော့ အတွေးအခေါ် ပညာရှင်ပေါ့) မဖြစ်နိုင်ပါဘူး။ ဝေဖန်ပုတ်ခတ်သူလို့သာ ဆိုနိုင်ပါလိမ့်မယ်။ တကယ်လို့ အသစ်နဲ့ အစားထိုးတယ်ဆိုရင်လည်း အဲဒီအသစ်ဟာ အဟောင်းထက် မွန်မြတ်

ထူးကဲတဲ့ အကျိုးကို လက်တွေ့ကျင့်သုံး ဖော်ဆောင်နိုင်စွမ်းလည်း ရှိရပါလိမ့်မယ်။ အတွေးအရ အသစ်ဖြစ်ပေမယ့် အကျိုးက ဘာမှ ထူးခြားသစ်လွင်မှု ဖြစ်မလာဘူးဆိုရင်တော့ ဒီအတွေးဟာ အတ္တကိလမထ အတွေးသစ်လိုပဲ အတွေးဟောင်း အတွေးသေ စာရင်းထဲ ပါသွားမှာဖြစ်သလို ဒီအတွေးမျိုးကို ဖော်ထုတ်သူဟာလည်း တကယ့် အဘိဓမ္မာပညာရှင်(တွေးခေါ်ရှင်) စာရင်း မဝင်နိုင်ပါဘူး။

မြတ်ဗုဒ္ဓရဲ့ တရားဦး ဒေသနာတော်မှာ အစွန်းရောက်အတွေးဟောင်းနှစ်ခုတို့ရဲ့ ချွတ်ယွင်းချက်ကို ထောက်ပြဖယ်ရှားပြီးတဲ့အခါ ထူးခြားလွန်ကဲပြီး အကျိုးရှိမှန်ကန်တဲ့ မဇ္ဈိမ ပဋိပဒါလမ်းစဉ် (အတွေးအမြင်သစ်) နဲ့ အစားထိုးပေးတော်မူပါတယ်။ ဒီလမ်းစဉ်ရဲ့ ထူးခြားချက်ကတော့ ကာမသုခလ္လိက လမ်းစဉ်(အတွေး)လို အာရုံငါးပါးကို သဘောရှိ ခံစားနိုင်ရင် ချမ်းသာအစစ်ဖြစ်တယ်ဆိုတဲ့ အစွန်းနဲ့လည်း မငြိဘူး။ အတ္တကိလမထ လမ်းစဉ်လို အာရုံငါးပါးကို မခံစားဘဲ ခန္ဓာကိုယ်ကို များများကြီး ညှဉ်းဆဲနိုင်လေ ကောင်းလေဆိုတဲ့ အစွန်းနဲ့လည်း မငြိဘူး။ စစ်မှန်တဲ့ ရည်ရွယ်ချက်နဲ့ ဒီနှစ်မျိုးလုံးကို နည်းမှန်လမ်းမှန် အသုံးချတဲ့နည်း ဖြစ်နေတာပါပဲ။

ဒါကြောင့် မဇ္ဈိမ ပဋိပဒါလမ်းစဉ်ဟာ အစွန်းရောက်အတွေးဟောင်းနှစ်ခုလို ဒင်္ဂါးပြားရဲ့ ခေါင်းနဲ့ပန်း

ဆိုတဲ့ ဘက်နှစ်ဖက်သဘောမျိုးနဲ့ ပြားချပ်ပြီး သေမနေဘဲ ဘက်ပေါင်းစုံ သဘောမျိုးဖြစ်လို့ လုံးဝန်းလှုပ်ရှားပြီး သက်ဝင်တဲ့ သဘောမျိုး ဆောင်ပါတယ်။ အသက်ဝင်တဲ့ အဘိဓမ္မာဖြစ်တယ်လို့ တင်စားပြောဆိုရင် ရကောင်းပါတယ်။

မဇ္ဈိမပဋိပဒါ လမ်းစဉ်ဟာ အစွန်းရောက်လမ်းစဉ်များဖြစ်တဲ့ အာရုံငါးပါး ရှာဖွေခံစားမှုနဲ့ ခန္ဓာကိုယ်ကို ပင်ပန်းခံမှု နှစ်ခုတို့ကို နည်းမှန်လမ်းမှန် အသုံးချတဲ့နည်း ဖြစ်တယ်လို့ အထက်မှာ ဆိုခဲ့တဲ့ စကားနဲ့ ပတ်သက်ပြီး သဘောပေါက်နိုင်အောင် နည်းနည်းထပ်ရှင်းကြည့်ချင်ပါတယ်။

ဘုရားအစရှိတဲ့ အရိယာသူတော်စင်များကစပြီး သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်းများဟာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးပါးတို့ကို ဝိနည်းစည်းကမ်းနဲ့အညီ ရှာဖွေကြ (အလှူခံကြ) ရပါတယ်။ ဒီပစ္စည်းလေးပါးဆိုတာလည်း အာရုံငါးပါးပါပဲ။ ဒါပေမဲ့ ဒီပစ္စည်းများကို အသုံးပြုရာမှာတော့ အာရုံခံစားမှုအပေါ်မှာ သာယာဖို့ဆိုတဲ့ အတွေးမျိုး ခံယူချက်မျိုးနဲ့ အသုံးပြုရတာ မဟုတ်ပါဘူး။ ဒီလို သဘောပေါက်အောင် ရှင်ရဟန်းတို့ဆွမ်းကို အသုံးပြုတဲ့အခါ ဆင်ခြင်ရပုံကို အကဲခတ်ကြည့်ရင် ထင်ရှား သိသာပါလိမ့်မယ်။

ဤသည့်စားဖွယ် အမည်မည်ကို၊ မြူးရယ်
မာန်ကြွ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊

မသုံးပါဘူး၊ လေးဖြာစာတ်ဆောင်၊ ဤကိုယ်
ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်
မျှတန်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်
နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာ ဟောင်းသစ်၊
မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်း ပြစ်ကို၊
မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်
မှီဝဲပါသတည်း။

လို့ နှလုံးသွင်း ဆင်ခြင်ပြီး စားသုံးရပါတယ်။

ဒီလင်္ကာမှာ အများအားဖြင့် အဓိပ္ပာယ် သိပ်မငုပ်လှပါဘူး။ 'ဘုရားသာသနာ၊ ကျင့်နှစ်ဖြာ' ဆိုတာပဲ နည်းနည်းပြောဖို့ လိုမယ်ထင်ပါတယ်။ သာသနာတော်ရဲ့ အကျင့်နှစ်ဖြာဆိုတာ–

၁။ သာသနဗြဟ္မစရိယ = သာသနာ တည်ကြောင်းဖြစ်တဲ့ မြင့်မြတ်တဲ့အကျင့်(ဝါ) မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမတော်များ မတိမ်ကော မပျောက်ပျက်အောင် သင်အံကျက်မှတ် ဆောင်ထားရတဲ့ ပရိယတ္တိလုပ်ငန်းနဲ့

၂။ မဂ္ဂဗြဟ္မစရိယ– မဂ်ဖိုလ်ရောက်ကြောင်းဖြစ်တဲ့ မြတ်မြတ်တဲ့အကျင့် (ဝါ) မြတ်စွာဘုရားဟောညွှန်တဲ့ မဇ္ဈိမပဋိပဒါကျင့်စဉ်နဲ့အညီ လက်တွေ့ကျင့်သုံးရတဲ့ ပဋိပတ္တိလုပ်ငန်းတို့ ဖြစ်ပါတယ်။

ဒြီနေရာမှာ အထူးသတိပြုစေချင်တာကတော့ မြတ်စွာဘုရား သာသနာတော်မှာ လုပ်ဆောင်စရာ

လုပ်ငန်းဆိုလို့ ပရိယတ်၊ ပဋိပတ်ဆိုတဲ့ ဒီလုပ်ငန်းနှစ်မျိုးသာ ရှိတယ်။ ဒီလုပ်ငန်း နှစ်မျိုးကို ကိုယ်တိုင် လုပ်ဆောင်ခြင်းနဲ့ လုပ်ဆောင်နေကြတဲ့ ပုဂ္ဂိုလ်များအတွက် စွမ်းစွမ်းတမံ လုပ်ဆောင်နိုင်ရန် လိုအပ်တဲ့ ပစ္စည်းဝတ္ထုများကို စွမ်းနိုင်ရာရာ ဝိုင်းဝန်း ကူညီခြင်းသာလျှင် သာသနာပြုလုပ်ငန်းဖြစ်တယ်။ ဒီလုပ်ငန်းနှစ်မျိုးကလွဲလို့ သာသနာပြု လုပ်ငန်းဆိုတာ လုံးဝမရှိဘူး။ ဒီလုပ်ငန်းနှစ်မျိုး မဟုတ်ပါဘဲနဲ့ သာသနာပြုလို့ အမည်ခံလုပ်ဆောင်နေကြခြင်းဟာလည်း မြတ်ဗုဒ္ဓရဲ့ အလိုကျ မဟုတ်ဘူးဆိုတာ ရှင်းရှင်းလင်းလင်း သိရှိခံယူဆုံးဖြတ်နိုင်ကြဖို့ ဖြစ်ပါတယ်။ (စကားချပ်)]

ဒီလုပ်ငန်းနှစ်ခုကို အောင်အောင်မြင်မြင် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်အမှန်ကို နှလုံးသွင်း ဆင်ခြင်ပြီး ပစ္စည်းလေးပါးဆိုတဲ့ အာရုံတို့ကို ခံစားခြင်းဟာ မဇ္ဈိမပဋိပဒါနည်းကျတဲ့ ခံစားမှုမျိုး ဖြစ်ပါတယ်။

အလားတူပဲ၊ မဂ္ဂဗြဟ္မစရိယကို ကျင့်သုံးရာမှာ တောတောင်သစ်ပင်ရင်းစတဲ့ နေရာများမှာ ခန္ဓာကိုယ်ကို မလှုပ်မယှက် ထိုင်နေပြီး နှလုံးသွင်းအားထုတ်ခြင်းဟာလည်း အသွင်သဏ္ဍာန်အားဖြင့် အတ္တကိလမထနဲ့ တူသလို ထင်ရပေမယ့် ဦးတည်ရည်ရွယ်ရင်း နှလုံးသွင်းမှန်ကန်ရင် မဇ္ဈိမပဋိပဒါနည်းကျတဲ့ ခန္ဓာကိုယ်အပင်ပန်းခံမှုပဲ ဖြစ်ပါတယ်။

မဇ္ဈိမပဋိပဒါလမ်းစဉ်မှာ ဒီနှစ်မျိုးစလုံးနဲ့ မကင်းပေမယ့် အစွန်းရောက်အတွေးဟောင်း နှစ်မျိုးလိုအဓိက နေရာက ပါဝင်တာ မဟုတ်ဘဲ အထောက်အကူပြု အဖြစ်နဲ့သာ ဝိုင်းဝန်းကူညီတဲ့ သဘောနဲ့ ပါဝင်တာ ဖြစ်လို့ တစ်ဖက်ဖက်မှာ အပြားလိုက်သေတာမဟုတ်ဘဲ လုံးဝန်တဲ့ ပုံသဏ္ဍာန်လို ရှင်သန်နေတယ်လို့ တင်စား ပြောဆိုခဲ့တာပါ။

❑

# အိုးစိုက်ပန်းနဲ့သစ်ပင်

**အိုးထဲမှာ ထိုးစိုက်ထားတဲ့ ပန်းကတော့ ခုစိုက် ခုလှတာပေါ့။ ကိုယ်ပိုင်စွမ်းအားနဲ့ မြေပေါ်မှာ အမြစ်တွယ်ပေါက်တဲ့ သစ်ပင်လို ကြီးထွားပွံ့ဖြိုးနိုင်စွမ်း မရှိတဲ့အတွက် ပင်ရည် ခန်းသွားပြီဆိုရင်တော့ ညှိုးခြောက်ပြီး အမှိုက် ပုံထဲ ရောက်သွားတာမျိုးပဲ။**

**[တူမောင်းတိုက် နာယကဆရာတော်ကြီး]**

မိမိတို့ အမရပူရမြို့ တူမောင်းတိုက်ကို ပညာသင်ဖို့ စပြီးရောက်တဲ့ ၁၃၂၃ ခုနှစ်က တူမောင်းတိုက်ကြီးက စာသင်တိုက်အဖြစ် ပြန်လည်တည်ထောင်တာ တစ်နှစ်ပဲ ရှိသေးတယ်။ စာသင်သားကလည်း ဦးပဥ္ဇင်း၊ ကိုရင် အားလုံးပေါင်းမှ ၇၀ခန့်လောက်ပဲ ရှိပါတယ်။

စာသင်သား ဦးပဥ္ဇင်းတွေထဲက အမရပူရ ဇာတိသားဖြစ်တဲ့ ဦးပဥ္ဇင်းတစ်ပါးက တရားဟော ဝါသနာပါတယ်။ အဲဒီအချိန်တုန်းကတော့ မင်္ဂလာတိုက် မှာ မိုးကုတ်ဆရာတော်လို့ ခေါ်တဲ့ ဆရာတော်ဦးဝိမလ တစ်ပါးပဲ သူ့တိုက်မှာ ဖွင့်ထားတဲ့ ရိပ်သာမှာ ဥပုသ်

နေ့တရားပွဲဆိုတာ အမြဲဟောလေ့ရှိပြီး ရပ်ကွက် အလှူတွေ၊ ဘုရားပွဲတွေမှာ တရားလိုက်ဟောတဲ့ ဓမ္မကထိကရယ်လို့ အမရပူရမှာ မရှိသေးဘူး။ တော်တော်ကြီးကျယ်တဲ့ အလှူကြီးတွေ၊ ဘုရားပွဲတွေမှာတရားပွဲထည့်ချင်တယ်ဆိုရင် အဝေးက ဓမ္မကထိက ဆရာတော်တွေပင့်ပြီး တရားပွဲလုပ်ကြရတယ်။

တူမောင်းတိုက် စာသင်သားများထဲက တရားဟောဝါသနာပါတယ်ဆိုတဲ့ ဦးပဍ္ဍင်းက ပထမတော့ သူ့ဇာတိရပ်ကွက် ဘုရားပွဲမှာ နံဘေးက ဓမ္မကထိက ပင့်လို့ မရတာနဲ့ သူ့ကို တရားဟောဖို့ပင့်ပြီး ပွဲထုတ်ကြတယ်ဆိုပါစို့။ ဦးပဍ္ဍင်းက အသံနဲ့ ဥပဓိရုပ်ကလည်း အထိုက်အလျောက် ကြည်ညိုဖွယ်ရှိ၊ အရွယ်ကလည်း ငယ်ငယ်၊ ဇာတိသားလည်း ဖြစ်တယ်ဆိုတော့ နောက်နှစ်တွေမှာ ဟိုရပ်ကွက်၊ ဒီရပ်ကွက် ဘုရားပွဲတွေကပါ တရားပွဲတွေ ပင့်ကြတယ်။ ဓမ္မကထိက ရှားပါးချိန်ဆိုတော့ တဖြည်းဖြည်းနဲ့ ဘုရားပွဲသာမကတော့ဘူး။ အလှူပွဲများမှာ ညတရားပွဲဟောဖို့ ပင့်လာ ကြတဲ့အထိ ဖြစ်လာတော့တယ်။

ဓမ္မကထိကဆိုတော့လည်း တခြား စာသင်သားတွေထက် အစစပြည့်စုံတာပေါ့။ သာမန်ပစ္စည်းလေးပါးနဲ့ နဝကမ္မသာ မကတော့ဘူး။ ခေတ်ပေါ်အသုံးအဆောင်ပစ္စည်းပစ္စယတွေလည်း အတော်လေး ပြည့်စုံတယ်။ ခင်မင်ကြည်ညိုကြတဲ့ ဒကာ ဒကာမ ဆွေ့သည်

လည်း သူ့နားမှာ ပြတ်တယ်မရှိလှဘူး။ သူကလည်း ဒါကိုပဲ မွေ့လျော်လာပုံရပါတယ်။ အချိန်ရတဲ့အခါမှာ သူများလို စာကျက်တယ်ရယ်လို့ မရှိတော့ဘဲ တရားဟောဖို့ ဂါထာတို့ဘာတို့ ကျက်တာ၊ အသံနေ အသံထားနဲ့ ရွတ်တာကိုပဲ လေ့ကျင့်နေတော့တယ်။

အဲဒီ ဦးပဥ္စင်းက တူမောင်းတိုက် နာယကဆရာတော် (တောင်မြို့ ညဝါ ဆရာတော်ကြီး)ထံမှာ ကလေးကတည်းက နေခဲ့တဲ့ ငယ်တပည့်ဖြစ်ပြီး တူမောင်းတိုက်ကို စာသင်တိုက်အဖြစ် ပြန်လည်မတည်ထောင်ခင်က မန္တလေး ဘုရားကြီးတိုက်က တူမောင်း ဆရာတော်ကြီးနဲ့ ဆရာတူတပည့်ဖြစ်တဲ့ ကျောင်းမှာ ပညာသင်ဖို့ ပို့ထားတာ။ တူမောင်းတိုက်ကို စာသင်တိုက်အဖြစ် ပြန်လည်တည်ထောင်တာလည်း အဲဒီကျောင်း ဆရာတော်ကပဲ စာချဘုန်းကြီးသုံးပါးနဲ့ စာသင်သား သုံးယောက်လောက် ခွဲပို့ပြီး စတည်တာဆိုတော့ သူတို့က နောက်တော်ပါ တည်ထောင်ဖက်တပည့်ရင်းကြီးတွေထဲမှာ ပါတာပေါ့။

တူမောင်းဆရာတော်ကြီးက သူ့ငယ်တပည့်လည်းဖြစ် ဓာတိသားလည်းဖြစ်တဲ့ အဲဒီဦးပဥ္စင်းကို ပညာရေးထွန်းထွန်းပေါက်ပေါက် ဖြစ်စေချင်တယ်။ တပည့်ကျော်က တရားဟောရတာ မွေ့လျော်ပြီး ပညာရေးမကြိုးစားချင်တော့ဘူး။ ဒါကြောင့်လည်း စာသင်တိုက်တည်ထောင်ပြီး ခုနစ်ဝါလောက်ရှိလို့ မိမိတို့

ဓမ္မာစရိယ အောင်ပြီးတဲ့အထိ အကြီးတန်း ဘိုးသက်ရှည် အဖြစ်က မကျော်နိုင်သေးဘူး။

စာမေးပွဲနှစ်တိုင်း ကျနေပေမယ့် ဒကာ၊ ဒကာမ နဲ့ပစ္စည်းလေးပါးကတော့ အမြဲပဲပြည့်စုံနေတယ်။ နောက်တော့ အကြီးတန်း သက်ရှည်များထဲက တခြားဦးပဉ္စင်း နှစ်ပါးလောက်ကလည်း ဓမ္မကထိက ဦးပဉ္စင်းကို အားကျပြီး စာဆက်မသင်ဘဲ တရားဟောဖို့ လေ့ကျင့် လာကြတော့တယ်။ သူများတွေ စာကျက်စာအံပြီးလို့ အေးအေးဆေးဆေး စာကြည့်နေချိန်မှာ သူတို့က သံနေသံထားနဲ့ အရွတ်အဆို လေ့ကျင့်နေကြတော့ စာကြည့်သူတွေကို အနှောင့်အယှက် ဖြစ်လာတဲ့အတွက် မကျေမနပ်နဲ့ ပူညံပူညံ ပြဿနာလေးတွေ ကြုံလာတော့ တယ်။

စာသင်တိုက်မှာ လိုအပ်သလို ရေးဆွဲသတ်မှတ် ထားတဲ့ စည်းကမ်းချက်တွေ ရှိပေမယ့် အဲဒီထဲမှာ 'တရားဟော မလေ့ကျင့်ရ၊ တရားမဟောရ' ဆိုတာ မပါဘူး။ ဒီတော့ သူတို့ကို စည်းကမ်းဖောက်ဖျက်မှုနဲ့ အရေးယူလို့မရ၊ ပတ်ဝန်းကျင်နဲ့ကလည်း သဟဇာတ မဖြစ်နဲ့၊ ကြာတော့ ဆရာတော်ကြီးနား ပေါက်ကြား သွားတော့တယ်။

ဆရာတော်ကြီးက ဝါဆိုတဲ့နေ့မှာ ဩဝါဒပေးတဲ့ အခါကျတော့

'စာသင်သားများအားလုံး အခုပြောမယ့် စကား

ကို သေသေချာချာ စဉ်းစဉ်းစားစား နားထောင်ကြပါ။ အခုဆို စာသင်သားတွေထဲမှာ တချို့က ဓမ္မကထိက လုပ်နေကြပြီး တချို့ကလည်း ဒါကိုအားကျပြီး တရားကျက်ကြ တရားဟောလေ့ကျင့်ကြနဲ့ တခြားစာသင် သားတွေအတွက် အနှောင့်အယှက်ဖြစ်ရတယ်။ တို့ စာသင်သားဘဝနဲ့ စာချခဲ့တဲ့ တစ်လျှောက်လုံး အရင်က ဒီပြဿနာမျိုးမကြုံဖူးဘူး။ ဒါကြောင့် ကျောင်းတိုက် စည်းကမ်းထဲမှာ ဒီအတွက် ဘာမှ ရေးမထားခဲ့ဘူး။

အမှန်က ဒီကိစ္စဟာ စာသင်တိုက်မှာ စည်းကမ်း ချက်တစ်ခုအဖြစ်နဲ့ ရေးထားစရာလည်း မလိုပါဘူး။ စာသင်ရမယ့် အချိန်မှာ အဓိကနဲ့ သာမည ခွဲခြားသိပြီး ကိုယ်အဓိက လုပ်ရမယ့်အလုပ်ကို လုပ်ကြရမှာပေါ့။ ဒါကို စည်းကမ်းချက်ကြီးတစ်ခုအဖြစ် ရေးထားပြန်ရင် ဘာမှ ခြေခြေမြစ်မြစ် နားမလည်ကြတဲ့ဒကာ၊ ဒကာမ တွေက 'သာသနာ့ဝန်ထမ်းဖြစ်ပြီး တရားမဟောရ ဘူးလား' လို့ အပြစ်တင်ကြဦးမယ်။

ငယ်ငယ်ရွယ်ရွယ် ပညာသင်ကြားရမယ့် အချိန် မှာ တရားဟောတဲ့ ဓမ္မကထိကနဲ့ ပညာသင်ကြားနေတဲ့ စာသင်သားများဟာ ဘာနဲ့တူသလဲဆိုတော့ ဓမ္မကထိက က အိုးထဲမှာ ချိုးစိုက်ထားတဲ့ **'အိုးစိုက်ပန်း'** နဲ့တူတယ်။ စာသင်သားက မြေပေါ်မှာ စိုက်ထားတဲ့ **'သစ်ပင်ငယ်'** နဲ့ တူတယ်။

အိုးစိုက်ပန်းဆိုတာကတော့ အခုစိုက်ဆို စိုက်

စိုက်ချင်းတော့ အပွင့်တွေ ဝေဝေဆာဆာနဲ့ လှပတင့်တယ်နေတယ်လို့ ထင်ရတာပေါ့။ မြေပေါ်မှာ စိုက်ထားတဲ့ သစ်ပင်ငယ်တွေကတော့ အကိုင်းအခက်မှ မစုံလင်သေးတော့ အပွင့်ပွင့်ဖို့ မဆိုထားနဲ့၊ အခက်အလက်တောင် ဝေဝေဆာဆာ ဘယ်ဖြစ်ဦးမလဲ။

ဒါပေမဲ့ အချိန်ကြာလာတာနဲ့အမျှ ပင်ကိုအရည်အချင်းက ကွာချင်းတိုင်း ကွာခြားလာတယ်။ အိုးစိုက်ပန်းက သူ့မူလ ပင်ရည်မခန်းခင်သာ လန်းဆန်းနိုင်မှာပေါ့။ ပင်ရည်ကုန်လို့ ခန်းခြောက်ကြွေကျသွားပြီဆိုရင်တော့ အမှိုက်ပုံထဲရောက်သွားမှာပဲ။ မြေပေါ်စိုက်ထားတဲ့ သစ်ပင်တွေကတော့ ကြာလေကြာလေ ပင်စည်ကော အခက်အလက်တွေပါ စုံလင်လာပြီး ကိုယ်ပိုင်အရည်အချင်းအစစ်နဲ့ ကိုယ်ပိုင်အပွင့်အသီးနဲ့ ဝေဝေဆာဆာကြီးဖြစ်လာပြီး မျိုးဆက်အသစ်တွေပါ ပြန့်ပွားလာနိုင်တယ်။

ဒကာ၊ ဒကာမတွေဆိုတာကလည်း အိုးစိုက်ပန်းကို စိတ်ဝင်စားတယ်ဆိုတာဟာ အပွင့်မနွမ်းခင် အမှိုက်မဖြစ်ခင်ဘဲ ဖြစ်မှာပေါ့။ ရေရှည်ကိုကြည့်ပြီး အရိပ်ခိုလိုသူ၊ အပွင့်အသီးရလိုသူများကတော့ မြေမှာပေါက်ပြီး သီးပွင့်ဝေဆာနေတဲ့ အပင်ကိုသာ အားကိုးကြမှာပေါ့။ အိုးစိုက်ပန်းကို ဘယ်သူက ရေရှည်အားထား မှီခိုဆည်းကပ်တယ်လို့ ရှိမှာလဲ။

တို့ဆရာသမားများ ဆုံးမတာကတော့ ဥပမာ

ပေးတာ ဒီထက်ပိုပြီး ကြမ်းလည်းကြမ်း၊ ထိလည်း ထိရောက်တယ်။ တို့ဘုရားကြီးတိုက် ပခန်းဆရာတော်ကြီးထံမှာ စာသင်သားအဖြစ်နဲ့ ရောက်ကြတော့ ဆရာတော်ကြီး ဆုံးမဖူးတယ်။ **'ဓမ္မကထိကက ခွေးပေါက်စလေးနဲ့တူတယ်၊ စာသင်သားက ဒေါင်းပေါက်စလေးနဲ့တူတယ်'**တဲ့။ 'ခွေးပေါက်စလေးတွေက ငယ်တုန်းမှာတော့ ချစ်စရာလေးတွေ၊ ဟိုလူလာပွေ့၊ ဒီလူလာချီ၊ စားစရာလေးတွေ တယုတယ ကျွေးလိုကျွေးနဲ့ ဟန်ကိုကျလို့။ အေး အရွယ်ကြီးလို့ ဝဲစား အမွေးကျွတ်ကြီးတွေ ဖြစ်လာပြီဆိုရင်တော့ သူတို့နားလည်း ဘယ်သူမှ မကပ်ချင်ကြတော့ဘူး။ သူတို့က လာကပ်ရင်လည်း ဘယ်သူမှ အကပ်မခံချင်ကြတော့ဘူး။

ဒေါင်းပေါက်စလေးတွေကျတော့ ငယ်တုန်းမှာ အမွေးအမှင်ကလည်း စုတ်ထောင်းထောင်း၊ သွားတာလာတာကလည်း ကိုးရိုးကားရားနဲ့၊ သူတို့ကို ဘယ်သူကမှ မကိုင်ချင် မကြည့်ချင်ကြဘူး။ အေး အသက်အရွယ်ရလာလို့ အမွေးအတောင်စုံလာပြီ ဆိုရင်တော့ ဒေါင်းတွေဟာ ကိုယ်တိုင်လည်း တင့်တယ်လှပပြီး အများကလည်း အမြတ်တနိုးနဲ့ ကြည့်ရှုလာကြမယ်'တဲ့။ ဆရာတော်ကြီးပြောတဲ့ ခွေးဝဲစားနဲ့ ဥဒေါင်းငှက်ဆိုတာ အသက်ကြီးလေ ကွာခြားလေပဲ။ သေချာ စဉ်းစားကြည့်ရင် အလွန်သဘောပေါက်စရာ ကောင်းတယ်။

အဲဒါကြောင့် စာသင်သားတိုင်းဟာ အများက

ဝိုင်းပြီး ဂရုစိုက်ခံရတဲ့ 'ခွေးပေါက်စ'ဘဝမျိုး၊ အိုးထဲမှာ ချိုးပြီးစိုက်ထားတဲ့ 'အိုးစိုက်ပန်း' ဘဝမျိုးကို အားမကျကြစမ်းပါနဲ့။ မြေပေါ်မှာ ကိုယ့်အမြစ်နဲ့ကိုယ် ရပ်တည်ပြီးဆရာသမားများက စနစ်တကျ စိုက်ပျိုးပြုစု ပေးနေတာကို လေးလေးစားစားခံယူ မွေ့လျော်ကြစမ်းပါ။ တို့ကို ဘယ်ဒကာ၊ ဒကာမကမှ ဂရုမစိုက်ချင်ကြဘူးလို့ မထင်ကြနဲ့။ တို့ဟာ ဒေါင်းပေါက်စလေးတွေ၊ မြေပေါ်မှာ ပေါက်ခါစ အပင်ငယ်လေးတွေလို ဖြစ်နေတုန်းမှာ အချိန်ကို သည်းခံစောင့်ဆိုင်းပြီး ကြိုးစားရမယ်။ အမွေးအတောင်စုံ၊ အကိုင်းအခက် အပွင့်အသီး စုံလာတဲ့အခါ တို့ဟာ အများရဲ့ မှီခိုအားထား လေးစားစရာ သာသနာ့ကျက်သရေဆောင်တွေ ဖြစ်လိမ့်မယ်ဆိုတာ သဘောပေါက်ကြပါ။

အဲ...ဒီက ရှေ့တော့ မှတ်ထားကြ၊ စာသင်တိုက်မှာ ဓမ္မာစရိယ မအောင်သေးသမျှ ဥပုသ်ဇရပ် သီလပေးရတာကလွဲရင် ဓမ္မကထိကအဖြစ် မကျင့်ကြ မလုပ်ကြနဲ့။ ဓမ္မာစရိယအောင်ပြီးရင်တော့ စွမ်းနိုင်ရင် လုပ်ကြ။ အေး...စာကိုတော့ ဘယ်လိုမှ သင်ချင်စိတ်ကို မရှိတော့ဘူး၊ ဓမ္မကထိကပဲ လုပ်တော့မယ်ဆိုရင်တော့ တခြားသင့်လျော်တဲ့ နေရာကို ရွှေ့ကြပေရော့"

လို့ ဆုံးမပြီး အမိန့်ပါ တစ်ခါတည်း ထုတ်လိုက်ပါတယ်။

ဆရာတော်ကြီး စကားထဲမှာပါတဲ့ 'ဓမ္မကထိက'

ဆိုတာ ကိုယ်တိုင်ပြည့်စုံအောင် သင်ကြားလေ့လာမှု မပြုရသေးခင် မပြည့်မစုံနဲ့ ဖြတ်လမ်းက ဘုန်းကြီး အောင်လုပ်နေတဲ့ ဓမ္မကထိကများကို ရည်ညွှန်းဆုံးမ တော်မူတာပါ။ သူတစ်ပါးကို ဟောကြားညွှန်ပြဆုံးမ မယ့် ပုဂ္ဂိုလ်များဟာ ကိုယ်က အရင်ဆုံးပြည့်စုံအောင် ဆည်းပူးလေ့လာထားရမယ်လို့ လမ်းညွှန်ပေးတဲ့ သဘောပါပဲ။

ဒီနေရာမှာ မြတ်စွာဘုရား အလောင်းတော် 'သဗ္ဗညုတ ဘုရားအဖြစ်သို့ ရောက်အောင် ပါရမီဖြည့် မယ်'လို့ ဆုံးဖြတ်ပြီး စိတ်ထဲက ကျူးရင့်တဲ့ ဥဒါန်း စကားများဟာ အလွန်အလေးထား အတုယူစရာ ကောင်းလှပါတယ်။

'**ဗုဒ္ဓေါ ဗောဓေယျံ**-ကိုယ်တိုင်သိပြီး သူတစ်ပါး တို့ကိုလည်း သိစေမယ်။ (သိအောင် ဟောညွှန်ပြမယ်)

**ဒန္တော ဒမေယျံ**-ကိုယ်တိုင်ယဉ်ကျေးပြီး သူ တစ်ပါးတို့ကိုလည်း ယဉ်ကျေးစေမယ်။

**သန္တော သမေယျံ**-ကိုယ်တိုင်ငြိမ်းအေးပြီး သူတစ်ပါးတို့ကိုလည်း ငြိမ်းအေးစေမယ်။

**မုတ္တော မောစေယျံ**-ကိုယ်တိုင် လွတ်မြောက်ပြီး သူတစ်ပါးတို့ကိုလည်း လွတ်မြောက်စေမယ်'တဲ့။

သူတစ်ပါးကို ဆွဲထူပေးမယ့်ပုဂ္ဂိုလ်ဆိုတာ ကိုယ် က အရင် ခွန်အားပြည့်နေဖို့ လိုတယ်။ သူတစ်ပါးကို ဟောညွှန်ဆုံးမမယ့် ပုဂ္ဂိုလ်ဟာလည်း ကိုယ်ကအရင်

အပြည့်အစုံ သဘောပေါက် နားလည်အောင် သင်ယူလေ့လာပြီး ဖြစ်နေမှသာ 'ချွတ်ယွင်းမှု မရှိတဲ့ လမ်းညွှန်သူကောင်းဖြစ်နိုင်မယ်'ဆိုတဲ့ သဘောကို ညွှန်ပြနေတယ်လို့ ခံယူမိပါတယ်။

ဆရာတော်ကြီးက သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ကို အဓိကထားပြီး ဆုံးမ တားမြစ်တာ ဖြစ်ပေမယ့် လောကဝန်ထမ်း လူဝတ်ကြောင်များနဲ့လည်း အကျုံးဝင်မယ် ထင်ပါတယ်။

ဟုတ်ပါတယ်။ သာသနာ့ဝန်ထမ်းများ အနေနဲ့ ပရိယတ်၊ ပဋိပတ်ကို ကိုယ့်ဘက်က အရင်ပြည့်စုံအောင် မသင်ကြား မလေ့လာဘဲ နာမည်ဂုဏ်သတင်းကြီးဖို့ ကြိုးစားခြင်းဟာ လမ်းရိုးလမ်းမှန် မဟုတ်ဘဲ ဖြတ်လမ်းကသွားလိုတဲ့ သဘောပါ။ ဒီလို ဖြတ်လမ်းသွား အောင်မြင်ကျော်ကြားချင်ကြသူ၊ အောင်မြင်ကျော်ကြားနေသူတွေကို 'အိုးစိုက်ပန်း'များလို့ ဆရာတော်ကြီးက ရည်ညွှန်းလိုက်တာပါ။ ဒီလို ဖြတ်လမ်းသွားများဟာ လောကဝန်ထမ်း လူဝတ်ကြောင်များထဲမှာလည်း ရှိနေကြမှာပါပဲ။

ပြတ်လမ်းဆိုတာ လမ်းရိုးလမ်းမှန် မဟုတ်တဲ့အတွက် ကံကောင်းထောက်မပြီး လိုရာကို ရောက်သွားတယ်ဆိုရင်တောင် နောက်လူက အတုလိုက်စရာလမ်းကြောင်း ထင်ကျန်ရစ်တာမျိုး မဖြစ်တတ်ပါဘူး။ အဲသူကိုယ်တိုင် မျက်စိလည်ပြီး ထင်တိုင်းမပေါက်ဘူး

ဆိုရင်တော့ ဘယ်ကနေပြန်စပြီး ဘယ်လို ခရီးဆက်ရမယ်ဆိုတာတောင် မသိနိုင် မသိတတ်ကြတော့ဘဲ ဇွတ်မှိတ်ပြီး ရှေ့တိုးလေ လမ်းပျောက်ပြီး ချောက်ကမ်းပါးနဲ့တိုးလေ တောနက်လေ ပြန်လှည့်ခက်လေဆိုတဲ့ ဘဝမျိုးနဲ့ ဆင်းရဲတွင်းက နက်သည်ထက်နက်ပြီး ကျဉ်းသည်ထက် ကျဉ်းတဲ့အဖြစ်မျိုး ရောက်ကြရသူတွေကို သိရဖူးပါတယ်။

အိုးစိုက်ပန်းဘဝကို အားမကျဘဲ မြေစိုက်သစ်ပင်များအဖြစ် စနစ်တကျ ရှင်သန်ကြီးထွား နိုင်ကြပါစေ။

❑

# ဂုဏ်နဲ့သိက္ခာ

**ပါဠိလို 'ဂုဏ' ဆိုတာ ဒြပ်မှာ တည်ရှိတဲ့ သဘော သတ္တိ အရည်အချင်းကို ပြောတာ။**

**'သိက္ခာ' ဆိုတာ လေ့လာသင်ကြား ကျင့်ကြံ အားထုတ်ခြင်းကို ပြောတာ။**

**'ဂုဏ်သိက္ခာ' ဆိုတာ ဒီနှစ်မျိုးကို ထပ်တူပြုပြီး ခေါ်တာပါပဲ။**

**'ဂုဏ်' ဆိုတာ ရအောင်လုပ်ရမည့် အရာမဟုတ်ဘူး။ ရှိအောင်ကျင့်ရမည့် အရာသာ ဖြစ်တယ်။**

'ဂုဏ်... ဂုဏ်... ဂုဏ်... ဂုဏ်ဆိုတာ ငွေကို ခေါ်တယ်' ဆိုတဲ့ သီချင်းကို ငယ်ငယ်ကတည်းက ကြားခဲ့ရဖူးတယ်။ တချို့က ဒါကို သဘောကျပြီး လိုက်ဆိုနေကြသူတွေကိုလည်း တွေ့ရဖူးတယ်။ ဒီသီချင်းနဲ့ ပတ်သက်လို့ ဆရာကြီးဦးသုခက 'ဒီသီချင်းဟာ ရုပ်ရှင်ထဲက ဇာတ်ကောင်နဲ့ လိုက်ဖက်အောင် ရေးထားခြင်းသာ ဖြစ်တယ်။ လူငယ်များ အတုယူ အားကျစရာ မဟုတ်

ဘူး။ ဒါဟာ သုခရဲ့ ငယ်စဉ်က လက်ရာသာဖြစ်တယ်' လို့ ဟောပြောသွားတာကိုလည်း မှတ်လိုက်ရဖူးပါတယ်။ ဒီသီချင်းဆိုတဲ့ ဇာတ်ကားထဲက ဇာတ်လိုက်ဟာလည်း ဒီသီချင်းအတိုင်း ခံယူပြီး အစွန်းရောက် ပျက်စီးသွားပုံကို ရိုက်ပြတဲ့ ဇာတ်လမ်းလို့ မှတ်သားလိုက်မိပါတယ်၊

'ဂုဏ်'ဆိုတာနဲ့ ပတ်သက်လို့ တချို့ကလည်း 'ဘွဲ့ထူးဂုဏ်ထူး'တို့ 'ဂုဏ်ထူးဆောင်'တို့ ဆိုတာတွေကို ကြားဖူးနားဝ ရှိနေကြတဲ့အတွက် ဘွဲ့တွေ အဆောင်အယောင်တွေကိုပဲ 'ဂုဏ်'လို့ မှတ်ယူနေကြတာလည်း ရှိတယ်။

မနှစ်ဆီကတောင် နယ်က ဒကာမကြီး တစ်ယောက်က ဘွဲ့ထူးရချင်လို့ဆိုပြီး ရန်ကုန်ကို လာရောက် ကြိုးစားနေတာ တွေ့လိုက်ရသေးတယ်။ သူကြိုးစားတယ် ဆိုတာကလည်း ဘွဲ့နဲ့တန်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့ ကြိုးစားနည်းမျိုးတော့ဖြင့် မဟုတ်ပေဘူး။ ဘာပဲဖြစ်ဖြစ်၊ သူတို့ရဲ့ အသိထဲမှာ ဂုဏ်နဲ့ ဘွဲ့ထူး အဆောင်အယောင်တို့ကို မကွဲပြားဘဲ ဖြစ်နေတာတော့ သေချာတယ်။

'ဂုဏ်'ရဲ့ အဓိပ္ပာယ်ကို အနီးကပ်ဆုံး အဓိပ္ပာယ်ပေါ်လွင်စေတဲ့ စကားလုံးကတော့ မြန်မာတို့ပြောဆိုသုံးစွဲလေ့ရှိတဲ့ 'ဂုဏ်သိက္ခာ'ဆိုတဲ့ စကားပါပဲ။ ဒီစကားလုံးဟာ 'ဂုဏ်'ဆိုတဲ့ ပါဠိပျက် ဝေါဟာရနဲ့ 'သိက္ခာ' ဆိုတဲ့ ပါဠိဝေါဟာရနှစ်ခုကို ထပ်တူပြုရူပက သဘောနဲ့

တွဲသုံးထားတာပါ။

ပါဠိလို 'ဂုဏ'ဆိုတာက ဒြပ်မှာတည်ရှိတဲ့ 'သဘောသဘာဝ၊ သတ္တိ၊ အရည်အချင်း'ကိုခေါ်တာပါ။ 'သိက္ခာ'ဆိုတာကတော့ လေ့လာ၊ သင်ကြား၊ ကျင့်ကြံ အားထုတ်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဒီစကားလုံး နှစ်ခုကိုရှုပက အလင်္ကာသဘောအရ ထပ်တူပြု သုံးစွဲ လိုက်တဲ့အတွက် 'ဂုဏ်'ဆိုတာဟာ လေ့လာ၊ သင်ကြား၊ ကျင့်ကြံ အားထုတ်ခြင်းကြောင့် ဒြပ်သန္တာန်မှာ ဖြစ်ပေါ် တည်ရှိလာတဲ့ 'သဘောသဘာဝ၊ သတ္တိ၊ အရည်အချင်း' လို့ အနီးစပ်ဆုံး အဓိပ္ပာယ်ရရှိပါတယ်။ ဘွဲ့ အဆောင် အယောင်ဆိုတာကတော့ ဒီအရည်အချင်းကို အသိ အမှတ်ပြုတဲ့အနေနဲ့ တစ်စုံတစ်ယောက်ကဖြစ်စေ၊ အဖွဲ့ အစည်း (သို့မဟုတ်) နိုင်ငံတစ်ခုကဖြစ်စေ သတ်မှတ် ပေးထားတဲ့ သင်္ကေတဖြစ်ပါတယ်။

တကယ့်အစစ်အမှန် 'ဂုဏ်'ဆိုတာ မိမိတို့ ကျင့်ကြံကြိုးကုတ် အားထုတ်မှုကို အကြောင်းပြုပြီး မိမိတို့သန္တာန်မှာ ဖြစ်ပေါ်တည်ရှိလာတဲ့ အရည်အချင်း သာဖြစ်တဲ့အတွက် ဘယ်ပုဂ္ဂိုလ်၊ ဘယ်အဖွဲ့အစည်း၊ ဘယ်နိုင်ငံကမှ အသိအမှတ်ပြုသည်ဖြစ်စေ၊ မပြုသည် ဖြစ်စေ၊ ဘွဲ့အမည် သတ်မှတ်ပေးသည်ဖြစ်စေ၊ မပေး သည်ဖြစ်စေ အစစ်အမှန် တည်ရှိနေတဲ့ သဘောသာ ဖြစ်ပါတယ်။ ကိုယ်တိုင်ကြိုးစားအားထုတ်ပြီး ဖြစ်ပေါ် တည်ရှိလာတဲ့ အရည်အချင်းအစစ် ဖြစ်လို့လည်း

ဘယ်သူ့ထောက်ခံ သိမှတ်ခြင်းကြောင့်မှ ဂုဏ်တိုးတက် မလာသလို ဘယ်သူ့ ကန့်ကွက်ခြင်းကြောင့်မှလည်း ဂုဏ်ပျက်တယ်လို့ မရှိနိုင်ပါဘူး။

မြတ်စွာဘုရားရှင် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့ ညဥ့်ရဲ့ နောက်ဆုံးယာမ် (လောကဝေါဟာရအလိုအရ ဆိုရင်တော့) ကဆုန်လပြည့်ကျော် (၁)ရက်နေ့အရုဏ်မတက်မီအချိန်မှာ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို ရရှိတော်မူပါတယ်။ ဒီဉာဏ်တော်ဟာ လေးသင်္ချေကမ္ဘာတစ်သိန်း ပါရမီတော်တွေကို ဖြည့်ဆည်းခဲ့ပြီး နောက်ဆုံးဘဝမှာ ပညာပါရမီရဲ့ အထွတ်အထိပ်ရောက်အောင် ကျင့်ကြံအားထုတ်ပြီးတဲ့ အတွက် ဘုရားရှင်ရဲ့သန္တာန်မှာ ဖြစ်ပေါ်လာတဲ့ အရည်အချင်းစစ်စစ် ဖြစ်တဲ့အတွက် ဘုရားရှင်က ဘယ်သူ့ရဲ့ ထောက်ခံခြင်းကိုမှ မတောင်းခံသလို ဘယ်သူတွေ ကန့်ကွက်တယ် ဆိုတာကိုလည်း ငဲ့ကွက်ခြင်း မရှိဘဲ **'ဗုဒ္ဓေါဟ မသ္မိ လောကသ္မိံ'**= လောကမှာ ငါဟာ သစ္စာလေးပါးကို ကိုယ်တိုင်လည်းသိပြီးသူ၊ သူတစ်ပါးတွေကိုလည်း သိအောင်ဟောညွှန်ပြနိုင်သူဖြစ်ပြီ'လို့ ကြွေးကြော်လိုက်တာပါပဲ။

မြတ်စွာဘုရားရှင်ရဲ့ ဒီကြွေးကြော်သံကို သက်ရှိလူနတ်ဗြဟ္မာတွေ အသိအမှတ်မပြုနိုင်ခင် ပထမဆုံး အသိအမှတ်ပြုတာကတော့ မဟာပထဝီမြေကြီး ပါပဲ။ မြေက စကားမပြောတတ်ပေမယ့် ပြောဆိုတဲ့အလား

ဝမ်းမြောက်နှမော် သာခုခေါ်တဲ့ သဘောမျိုးနဲ့ သွက်သွက်ခါလှုပ်ရမ်းပြီး အသိအမှတ် ပြုလိုက်ပါတယ်။ (မြေစောင့်နတ်တို့ရဲ့ အသိအမှတ်ပြုမှုလို့လည်း အဋ္ဌကထာမှာဆိုတယ်) နောက်တော့ မြေကိုမှီပြီး တည်နေကြတဲ့ အပင်တွေက ကုန်းပန်းရေပန်းတွေ တစ်ပြိုင်နက်ပွင့်ကြပြီး အသိအမှတ်ပြုကြတယ်။ ဒီလို ထူးခြားတဲ့ မဖြစ်စဖူး အံ့ဖွယ်ထူးတွေကို တွေ့မြင်ပြီးတော့မှ ရှေးရှေး ဘုရားတို့ရဲ့ အစဉ်အလာ ဓမ္မတာကို ကြားဖူးနားဝ ရှိကြတဲ့ နတ်ဗြဟ္မာတွေက အသိအမှတ်ပြုကြပါတယ်။

ဘုရားရှင်တို့ ဂုဏ်တော်ဆိုတာကလည်း လောကသားတို့ သိနိုင်တဲ့ ဂုဏ်အားလုံးထက် လွန်ကဲထူးမြတ်တာမို့ ဘယ်သူကမှတော့ ထပ်ဆင့် ဂုဏ်ပြုတာတို့ ဘွဲ့ထူးသတ်မှတ်တာတို့ မရှိပါဘူး။ ဂုဏ်ကိုသိမှတ်ပြီးပူဇော်ကြတာ နည်းနာခံယူပြီး လိုက်နာကျင့်ကြံကြတာပဲ ရှိပါတယ်။ တချို့က ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ဘက်ပြိုင်အန်တုချင်တာတို့ ကန့်ကွက်ချင်တာတို့တော့ ရှိပါတယ်။ ဗကဗြဟ္မာလို၊ မာရ်နတ်လို ပုဂ္ဂိုလ်အချို့ပါ။ ဒါပေမဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်ဟာ သန္တာန်ဒြပ်တော်မှာ အစစ်အမှန် တည်ရှိနေတဲ့ အရည်အချင်းအစစ်ဖြစ်လို့ ဘယ်သူကမှတော့ အန်တုဘက်ပြိုင်လို့လည်း မရ၊ ကန့်ကွက်လို့လည်း မပျက်နိုင်ပါဘူး။

ဒီလို အရည်အချင်းအစစ်၊ ဂုဏ်အစစ် မဟုတ်ခဲ့ရင်တော့ အသိအမှတ်ပြုချင်သူက ဘွဲ့၊ ဂုဏ်အဖြစ်

သတ်မှတ်ပေးခဲ့ပေမယ့် အသိအမှတ်မပြုတဲ့အခါ ပျက်သွားတာမျိုးပါပဲ။ သဗ္ဗညု ဘုရားအစစ် မပွင့်ပေါ်မီက ဂိုဏ်းဆရာကြီး ခြောက်ဦးလောက် ထင်ရှားရှိခဲ့တယ်။ သူတို့ကိုယ်သူတို့နဲ့ သူတို့ အသိုက်အဝန်းကတော့ 'ဘုရား'လို့ သတ်မှတ်ကြတာပါပဲ။ ပတ်ဝန်းကျင်ကလည်း ဒီလိုပဲ မှတ်ထင်ကြသူ အချို့ ရှိကြပါတယ်။ တကယ့် သဗ္ဗညု ဘုရားအစစ် ပွင့်ပေါ်လာတဲ့အခါမှာတော့ ဒီသတ်မှတ်ချက်များဟာ အလိုလို ပျောက်ကွယ်သွားပါတယ်။ ဒါဟာ သဘာဝတရားရဲ့ ဓမ္မတာသဘောပဲလို့ ထင်ပါတယ်။

အဲ... ပြောစရာတစ်ခုရှိတာက ဂုဏ်ရှိနေတဲ့ ပုဂ္ဂိုလ်ကိုပဲ ပိုပြီး ဂုဏ်ကြီးမားတဲ့ ပုဂ္ဂိုလ်က ဂုဏ်ပြုမယ်ဆိုရင်တော့ ဒါဟာ ဂုဏ်ကို ပိုပြီးမြင့်အောင် ကြိုးစားအားထုတ်ဖို့ တိုက်တွန်းတဲ့သဘော၊ ဒါမှမဟုတ် ကြီးမားတဲ့ တာဝန်တစ်ခုခုကို ပေးအပ်တဲ့သဘောမျိုးဆောင်ပါတယ်။

အရှင်မဟာကဿပ မထေရ် သာသနာဘောင်ဝင်ရောက်ဖို့လာတဲ့အခါ မြတ်စွာဘုရားရှင်က လမ်းခရီးအထိ ကြွရောက်ကြိုဆိုတယ်။ ရဟန်းဖြစ်ပြီးတဲ့အခါရောက်တော့ ကိုယ်တော်တိုင် 'ပုဏ္ဏာ'မည်တဲ့ ကျွန်မရဲ့အလောင်းကောင်မှာ ပတ်ထားတဲ့ အဝတ်တွေကိုပုံ့သကူကောက်ယူပြီး ချုပ်ဆိုးထားတဲ့ ဒုကုဋ်ခေါ်တဲ့ နှစ်ထပ်သင်္ကန်းကြီးကို 'ဝတ်ရုံနိုင်ပါမည်လား'လို့ မေးပြီး

ဒုကုဋ်ချင်း လဲလှယ်ဝတ်ရုံကာ အရှင်မဟာကဿပကို ဂုဏ်ပြုခဲ့ပါတယ်။

ဒီလို ဘုရားရှင်ကိုယ်တိုင်က အလေးထား ဂုဏ်ပြုခြင်းနဲ့ ပတ်သက်ပြီး အရှင်မဟာကဿပ မထေရ်မြတ် ခံယူတာကတော့ ဘုရားရှင်ကိုယ်တော် တိုင် ပံ့သကူကောက်ယူခဲ့တဲ့ သင်္ကန်းကြီးကို ဝတ်ရုံအသုံး ပြုနိုင်ဖို့ဆိုတာ ပံ့သကူဓုတင်ဆောင်ဖြစ်ဖို့ လိုအပ် တယ်လို့ ခံယူပြီး ဓုတင်များစွာကို ဆောက်တည်ကျင့်သုံး ခဲ့ပါတယ်။ ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူတဲ့အခါ အခါမှာလည်း 'ငါ့ကို ဘုရားရှင်ကိုယ်တော်တိုင် ကောက် ယူခဲ့တဲ့ သင်္ကန်းကြီးနဲ့ ဂုဏ်ပြုခဲ့တာဟာ 'ငါဘုရားမရှိ တော့တဲ့အခါမှာ ငါဘုရားရဲ့ ကိုယ်စားတော် တရားဓမ္မ တွေကို တစုတဝေးတည်းဖြစ်အောင် သင်္ဂါယနာတင် ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ကြီးတစ်ခု ပေးအပ် ခြင်းဖြစ်တယ်'လို့ ခံယူပြီး ဒီတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်တော်မူခဲ့ပါပေတယ်။ ဒါဟာ စစ်မှန်တဲ့ ဂုဏ်ပြုမှုနဲ့ ဂုဏ်ယူမှန်ကန်မှုတို့ရဲ့ ထင်ရှားတဲ့ သာဓက ဖြစ်ပါတယ်။

ဂုဏ်အစစ်အမှန်ပင် ရှိစေဦးတော့ ဂုဏ်ကလည်း မခိုင်မြဲ၊ ဂုဏ်ပြုပုံမှာလည်း မမှန်ကန်၊ ဂုဏ်ယူပုံလည်း ဖောက်ပြန်တဲ့အခါမှာတော့ ဂုဏ်မတက်ဘဲ ဂုဏ်ပျက် သွားတတ်တဲ့ သာဓကတွေလည်း ရှိပါတယ်။

မြတ်စွာဘုရားရှင် 'စေတိတိုင်း'ကို နောက်ပါ

ရဟန်းများနဲ့အတူ ဒေသစာရီ ကြွတော်မူတဲ့အခါ ကောသမ္ဗီပြည်ရောက်ခါနီး ဘဒ္ဒဝတိကဆိုတဲ့ ရွာနား မှာ နဂါးဆိုးတစ်ကောင် သောင်းကျန်းနေလို့ ပတ်ဝန်း ကျင်မှာရှိတဲ့လူတွေ ထိတ်လန့်နေကြရတယ်။ ဒီနဂါး ကြီးကို လောကီအဘိညာဉ် ရရှိထားတဲ့ သာဂတ ရဟန်းတော်က နှိမ်နင်းလိုက်တယ်။ ကောသမ္ဗီပြည် ရောက်တဲ့အခါမှာတော့ အရှင်သာဂတရဲ့ ဂုဏ်သတင်း က နဂါးနိုင်မထေရ်အဖြစ် ပျံ့နှံ့နေပါပြီ။

လူအများစုရဲ့ သဘာဝက ခိုင်ခံ့တည်တံ့တဲ့ ဂုဏ်အစစ်ထက် လတ်တလောကျော်ကြားတဲ့ ဂုဏ် သတင်းကို ပိုပြီး စိတ်ဝင်စားကြတဲ့အတိုင်း နဂါးနိုင် မထေရ်ကို သီးခြားဂုဏ်ပြုချင်ကြတယ်။ ဒါကို အရှင် သာဂတထံသွားပြီး လျှောက်ထားကြတော့ အနီးအပါး မှာ ဆဗ္ဗဂ္ဂီလို့ အမည်ရတဲ့ နေရာတကာမှာ ကဖျက် ယဖျက် လုပ်လေ့ရှိတဲ့ ရဟန်း (၆)ပါး အစုတို့ကလည်း ရှိနေတယ်။ သူတို့က 'ရဟန်းကို ဂုဏ်ပြုရင် ရဟန်းတို့ ရခဲတဲ့ အစားအသောက်နဲ့ ဂုဏ်ပြုသင့်တယ်။ အဲဒါ ကတော့ ခိုခြေလို နီရဲနေတဲ့ သေရည်မျိုးပဲ'လို့ အကြံ ပေးကြတယ်။ ဂုဏ်ရှင်ဖြစ်တဲ့ အရှင်သာဂတကလည်း သူ့မှာရှိတဲ့ ဂုဏ်က သူပိုင်အစစ်ဖြစ်ပေမယ့် ခိုင်မြဲတဲ့ လောကုတ္တရာဂုဏ် မဟုတ်သေးလေတော့ ဂုဏ်ရဲ့ဒဏ် ကို မခံနိုင်ရှာဘူး။ ဆဗ္ဗဂ္ဂီတို့နဲ့ ဒကာတို့ရဲ့ အစီအစဉ် ကို လက်ခံလိုက်တယ်။

နောက်နေ့ မြို့ထဲ ဆွမ်းခံကြွတဲ့အခါ သူက 'ဂုဏ်ပြုခံ ပုဂ္ဂိုလ်ဖြစ်တယ်'လို့ ခံယူထားလေတော့ တခြား သံဃာအများနဲ့အတူ ဘုရားရှင်ရဲ့နောက်က ဆွမ်းခံလိုက်မကြွဘူး။ သီးခြားတစ်ကိုယ်တော် ဂုဏ်ယူဖို့ ကြွတယ်။ ရောက်တဲ့အိမ်တိုင်းက ခိုခြေနီရောင်သေရည်နဲ့ ဂုဏ်ပြုတာကိုလည်း အဟုတ်ကြီးထင်ပြီး ခံယူလိုက်တယ်။ ဂုဏ်ပြုပုံကလည်း မမှန်ကန်၊ ဂုဏ်ယူပုံကလည်း ဖောက်ပြန်ဆိုတော့ ဂုဏ်က ဘာခံတော့မှာလဲ။ မြတ်စွာဘုရားရှင်နဲ့ နောက်ပါ သံဃာတော်များ မြို့ထဲက ဆွမ်းခံပြီး ပြန်အကြွမှာတော့ သေရည်ဝနေတဲ့ ရှင်သာဂတ ရဟန်းဟာ ဘုရားရှင်လာရာဘက်ကို ခြေတွေပစ်ပြီး ပက်လက်လဲနေတာ တွေ့ရတော့တယ်။ အရင်က နဂါးကို နှိမ်နင်းခဲ့တဲ့ ဒီအရှင်ဟာ ဒီအချိန်မှာတော့ သူ့ရဲ့ ကိုယ်ပေါ်တက်နေတဲ့ တီကောင်နဲ့ ပုရွက်ဆိတ်တို့ကိုတောင် မဖယ်ရှားနိုင်တော့ဘူးတဲ့။ သူ့ရဲ့ ဂုဏ်တန်ခိုးများဟာလည်း သူသောက်ခဲ့တဲ့ သုရာအခိုးများနဲ့အတူ ပျံ့လွင့်ပျောက်ကွယ် သွားခဲ့ပါတော့တယ်။

မြတ်စွာဘုရားရှင်က သာဂတရဟန်းကို တွဲခေါ်ဆောင်ယူခဲ့ပြီး သီတင်းသုံးနေတဲ့နေရာဆီ ရောက်တဲ့အခါ ဒီအပြုအမူကို ပြစ်တင်ရှုတ်ချပြီး 'သုရာပါန' သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ပါတယ်။

ပါဠိဘာသာမှာ 'ဂုဏ'ပုဒ်နဲ့'သိက္ခာ' ပုဒ်ကိုတွဲပြီး 'ဂုဏသိက္ခာ'လို့ မတွေ့ရှိပေမယ့် မြန်မာစကားမှာ

ဒီနှစ်ပုဒ်ကို ထပ်တူပြု တွဲစပ်ပြီး 'ဂုဏ်သိက္ခာ'လို့ သုံးစွဲခဲ့ကြတာဟာ ရှေးပညာရှင်တို့ရဲ့ အမြော်အမြင်ကြီးမားမှု တစ်ရပ်ပဲလို့ တွေးမြင်ကြည်ညိုမိပါတယ်။ ဒီစကားလုံးတွဲက 'ဂုဏ်ဆိုတာ'ရအောင် တောင်းရမည့် အရာမဟုတ်ဘူး။ ရှိအောင်ကျင့်ရမည့် အရာသာ ဖြစ်တယ်လို့လည်း ညွှန်ပြနေတယ်။ ဂုဏ်ဆိုတာ သိက္ခာနဲ့ တွဲရှိနေမှသာ တည်ရှိနိုင်တယ်ဆိုတာကို ညွှန်ပြနေတဲ့ စကားလို့လည်း ခံယူမိပါတယ်။ ဟုတ်ပါတယ်။ 'သိက္ခာ' ဆိုတာကလည်း **'ယထိန္နီသော ပထဝိသီတော'**လို့ ရတနသုတ်မှာ ညွှန်ပြတဲ့အတိုင်း အနည်းဆုံး သောတာပတ္တိမဂ်ဉာဏ်လောက် ရှိပြီးမှ ခိုင်မြဲတာပါ။ သိက္ခာခိုင်မှလည်း ဂုဏ်က ခိုင်မြဲပါတယ်။

ခိုင်မြဲတဲ့ သိက္ခာအဆင့် မရောက်သေးသူများအတွက် ဂုဏ်ဆိုတာရှိဖို့သာ ကြိုးစားသင့်ပြီး အပြုခံရဖို့ မကြိုးစားသင့်တဲ့အရာ ဖြစ်မယ် ထင်ပါတယ်။ ကိုယ်က အပြုခံရဖို့ မကြိုးစားဘဲ ပတ်ဝန်းကျင်က မရှိတာကို အရှိထင်ပြီး ပြုလာရင်လည်း ရိုးသားစွာ ဖယ်ရှားသင့်တဲ့ အရာသာ ဖြစ်တယ်လို့လည်း အလောင်းတော်ကြီးများက စံပြအဖြစ် ပြုမူသာဓက ပြသွားတာ ရှိပါတယ်။

မြတ်စွာဘုရားအလောင်းတော် မဟာဂေါဝိန္ဒပုဏ္ဏား ဖြစ်စဉ်က ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာရှိတဲ့ ခုနစ်ပြည်ထောင်မင်းတို့ရဲ့ဆရာအဖြစ်နဲ့ ဆုံးမညွှန်ကြားခြင်းနဲ့ တရားစီရင်ခြင်းတို့ကို ဆောင်ရွက်ပေးရတယ်။

ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို ထောင့်စေ့အောင် ဆုံးမနိုင်စွမ်းနဲ့ အမှန်အမှားကို အတိအကျ ဆုံးဖြတ်ပေးနိုင်စွမ်းရှိတဲ့ အတွက် လူတွေက 'မဟာဂေါဝိန္ဒဟာ ဗြဟ္မာမင်းနဲ့ တွေ့ဆုံဆွေးနွေးနိုင်စွမ်း ရှိတယ်။ ဗြဟ္မာနဲ့တွေ့ဆုံဆွေးနွေးခွင့်ရလို့သာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို (ထောင့်စေ့အောင်) ဆုံးမနိုင်တာပေါ့'ဆိုပြီး ချီးကျူးကြတယ်။ ဂုဏ်ပြုကြတဲ့သဘောပါပဲ။ လူတွေက အဲဒီလို ချီးမွမ်းကြတာနဲ့ပတ်သက်ပြီး မဟာဂေါဝိန္ဒက 'ချီးမွမ်းသတင်းဖြစ်ပေါ်ဖို့က ဘာမှဝန်မလေးဘူး။ ချီးမွမ်းတဲ့ဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ (ဂုဏ်နဲ့တန်ဖို့)က ဝန်လေးတယ်'လို့ တွေးမြင်တယ်။ ဒါကြောင့် တကယ်မရှိသေးတဲ့ ချီးမွမ်းဂုဏ်ပြုမှုကို သာယာမနေဘဲ တကယ့်ဂုဏ်အစစ်ကို ရရှိအောင် စည်းစိမ်အားလုံးကို စွန့်ခွာပြီး တစ်ယောက်ထီးတည်း တရားဓမ္မပွားများ နေပါတော့တယ်။

ချီးမွမ်းဂုဏ်ပြု (တကယ်တော့ ဂုဏ်ကို သိမှတ်ပူဇော်ရမှာပါ) ထိုက်တဲ့တကယ့်ဂုဏ်ရှင်များဟာ ဂုဏ်ထက် သိက္ခာကို ပိုပြီး အလေးထားကြတဲ့သဘောပါ။ သိက္ခာကို အလေးထားတဲ့အတွက် ဂုဏ်ကလည်း တက်သည်ထက်တက်ပြီး ခိုင်သည်ထက် ခိုင်လာရပါတယ်။ သိက္ခာကို အလေးမထားဘဲ ဂုဏ်နောက်လိုက်ပြီး ချီးမွမ်းဂုဏ်ပြုမှုကို သာယာကြသူများအတွက်တော့ အရှင် သာဂတရဟန်းလိုပဲ ဖြစ်သွားမှာပါ။ ဒါတောင်

အရှင်သာဂတက လောကီအဘိညာဉ်ကို တကယ်ကိုယ်ပိုင်ရခဲ့တဲ့ ပုဂ္ဂိုလ်အစစ်ပါ။

ဂုဏ်အစစ်ကို မြတ်နိုးသူတို့အတွက် အခုတင်ပြခဲ့တဲ့ သာကေသုံးခုဟာ ဆင်ခြင်တွေးနိုင်စွမ်းလောက်ပါတယ်။

❑

# ဆီးဖြူသီးနဲ့ပဲ ငါးမျှားပါရစေ

ငါဟောတဲ့တရားကို ရိုရိုသေသေ နာယူကြမှု
ကောင်းလေစွ၊ ဟောကြားတဲ့အတိုင်း မှန်မှန်
ကန်ကန် သိမြင်ကြမှု ကောင်းလေစွ၊ သိမြင်
တဲ့အတိုင်း မဆန့်မကျင် ကျင့်ကြံကြမှု
ကောင်းလေစွ။

[အရှင်မဟာကဿပ မထေရ်မြတ်ရဲ့ နှလုံးသွင်း]

မိမိရေးနေတဲ့ စာများနဲ့ပတ်သက်လို့ ရင်းနှီးတဲ့ စာပေဝါသနာရှင်တွေထဲက နှစ်ဦးသုံးဦးလောက်ရှိပြီ၊ အရှင်ဘုရား စာတွေက နည်းနည်းလေးလွန်းတယ်ဆိုတာရယ်၊ ပြီးတော့အမြဲရေးနေတဲ့ ဂျာနယ်ကလည်း ခေတ်လူငယ်ကြိုက်မဟုတ်ဘူး။ လူငယ်တွေ စိတ်ဝင်စားမယ့်ပုံစံမျိုးလည်း လုပ်သင့်တယ် ဘာညာဆိုပြီး ပြောကြတယ်။ သူတို့ပြောချင်တာကတော့ မော်ဒယ်တို့ ရုပ်ရှင်သရုပ်ဆောင်တို့နဲ့ပတ်သက်တဲ့ သတင်းတွေ ဓာတ်ပုံတွေပါတဲ့ ဂျာနယ်မျိုးကို ရည်ညွှန်းပြောလိုကြပုံ ရပါတယ်။

သူတို့ပြောတဲ့စကားက ဘာမှ လေးနက်မှုမရှိလို့

အထူးအထွေ ပြန်ပြောနေစရာတောင် မလိုလှပေမယ့် မိမိရဲ့ ရင်းနှီးနေသူများလည်း ဖြစ်၊ သူတို့အမြင် သူတို့ ခံယူပုံကိုလည်း ပြောင်းလဲစေချင်တာနဲ့ အကျိုး အကြောင်း အထိုက်အလျောက် ရှင်းပြလိုက်ရပါတယ်။

မိမိက ရန်ကုန်မှာနေတာလည်း မဟုတ်၊ စာရေး တာလည်း ဝါသနာပါပေမယ့်အချိန်က မရဆိုတော့ ဂျာနယ်လောကနဲ့ ရင်းနှီးကျွမ်းဝင်တာရယ်လို့ လုံးဝ မရှိဘူးလို့ပဲ ဆိုရမှာပါ။ ရဝေနွယ်(အင်းမ)ရဲ့ ရွှေစကား တို့ရဲ့ မြစ်ဖျားများကို ရှာဖွေတုန်းကတော့ ရန်ကုန်ကို ရောက် ခိုက်ဖြစ်လို့ သူ့ကို ကူညီပေးရင်း မိမိကို စာရေးဖို့ တိုက်တွန်းလာပါတယ်။ မိမိက ငါစာရေး ဖြစ်ရင် ဘွဲ့အမည်ရင်းနဲ့ပဲရေးချင်တယ်။ ဂျာနယ်တွေမှာ က မော်ဒယ်ပုံတွေ၊ မင်းသမီးပုံတွေနဲ့ ရောနေရင် တို့ ဆရာတော်က ရှေးရိုးဆန်တယ်၊ သဘောကျမှာ မဟုတ် ဘူးလို့ ပြောပြီး ငြင်းပယ်ခဲ့မိတယ်။

နောက်တစ်ခေါက် ရန်ကုန်မှာဆုံဖြစ်ကြတဲ့အခါ မှာတော့ အတွေးသစ်ဂျာနယ်သုံးလေးစောင် ယူလာပြီး ဒီဂျာနယ်ကတော့ ဦးပဥ္ဇင်း သဘောကျမယ့်ပုံစံပဲ။ အကြောင်းအရာတွေကလည်း ဦးပဥ္ဇင်းနဲ့ အံဝင်တယ်။ အဲဒီမှာ ရေးပေရော့။ ဒီတစ်ခါတော့ မငြင်းပါတော့နဲ့ ဆိုပြီး တိုက်တွန်းရာက စာရေးဖြစ်တဲ့ဆီ ရောက်လာတာ ပါ။

စာရေးတဲ့အခါ ဘွဲ့အမည်ရင်းနဲ့ပဲ ရေးချင်တယ်

ဆိုတာက အကြောင်း ရှိပါတယ်။ မိမိမှာ ဆရာတူ တပည့်ကော၊ တပည့်တူ ဆရာများကော ကျင်လည်ခဲ့ ရတဲ့ စာမေးပွဲလောကမှာ ကြုံတွေ့ခင်မင်ခဲ့တဲ့ ဆရာ သမားမိတ်ဆွေများကော ဆိုသလို ရင်းနှီးတဲ့ ရဟန်း သံဃာအတော်များများရှိတယ်။ တကယ်လို့ မိမိရေး သားတဲ့အကြောင်းအရာထဲမှာ ထေရဝါဒအယူအဆနဲ့ မကိုက်ညီတာတွေ့ခဲ့ရင် မိမိရေးတယ်ဆိုတာသိပြီး ထောက်ပြပြုပြင်ပေးနိုင်အောင်လို့ ဘွဲ့အမည်ရင်းသာ မကဘူး၊ လိပ်စာပါ တစ်ခါတည်း ကလောင်အမည် အဖြစ်နဲ့ ထည့်ရေးလိုက်တာပါ။

ပြီးခဲ့တဲ့ တိပိဋကရွေးချယ်ရေး စာမေးပွဲမှာ တောင် မိမိနဲ့ ရင်းနှီးတဲ့ စာထောက်စာမ ဆရာတော်များ စကားစပ်မိကြရင်း မထေရ်မြတ်တို့ စကားဝိုင်း စာအုပ် မှာ မိမိရေးခဲ့တဲ့ 'နိဗ္ဗာန်လမ်းဆိုတာ တစ်ယောက်ထီး တည်း သွားရတဲ့လမ်းဖြစ်တယ်' ဆိုတာနဲ့ပတ်သက်လို့ အဖွင့်အထောက်အထား ရှိမရှိ သိလိုတယ်ဆိုပြီး ဆရာ တော်တစ်ပါးက စာပြန်နေတဲ့ မိမိတပည့်နဲ့ မှာလိုက် လို့ အဋ္ဌကထာမှာ ကောယနောပုဒ်ကို အဋ္ဌကထာဖွင့် ပြတဲ့ အဓိကငါးနည်းထဲက ဒုတိယ ဖွင့်ပြချက်မှာ 'မိတ်သင်္ဂဟဆိုတဲ့ ပြင်ပအပေါင်းအဖော်၊ ကိလေသာ ဆိုတဲ့ အတွင်းအပေါင်းအဖော်မပါဘဲ တစ်ယောက်ထီး တည်းသာ သွားရတဲ့လမ်း'လို့ ဖွင့်ပြထားကြောင်း တပည့်ကတစ်ဆင့် ပြန်လည်လျှောက်ထားခဲ့ရသေး

တယ်။

အခုနောက်ပိုင်းမှာတော့ ဂျာနယ်လောကနဲ့ အထိုက်အလျောက် သိကျွမ်းလာပါတယ်။ ဒါပေမဲ့ စာပေပို့ချရတဲ့အလုပ်က ခုထိ အငြိမ်းစားမရသေးလေတော့ တောင်မြို့၊ တောင်ကြီး၊ တောင်စွန်းဆိုတဲ့တောင်သုံးလုံးမှာ ကူးချည်သန်းချည်နဲ့ အချိန်မရလို့ ရေးလက်စဂျာနယ်မှာ အပတ်စဉ်မိဖို့ကို မနည်းကြိုးစားနေရတဲ့အတွက် တခြားဂျာနယ်တွေမှာ မရေးဖြစ်ခဲ့တာပါ။

ဝေဖန်တိုက်တွန်းတဲ့ မိတ်ဆွေဒကာများကတော့ မိမိကလောင်မည်ကို ပိုပြီး လူသိများအောင် လုပ်သင့်တယ်ဆိုပြီး သူတို့အယူအဆကိုပဲ ထပ်ပြောနေပါတယ်။ ဒါကြောင့် အရှင်မဟာကဿပ မထေရ်ကြီးရဲ့ နှလုံးသွင်းခံယူချက်ကို ပြောပြလိုက်ရပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာမှာ ရှေးမထေရ်အဆက်ဆက်တို့ရဲ့ အစဉ်အလာကောင်းနဲ့ စံနမူနာကောင်းတို့ကိုလည်း စွမ်းနိုင်သမျှ လေးစားလိုက်နာရပါတယ်။ မလိုက်နာနိုင်သေးဘူးဆိုရင်တောင်၊ ဆန့်ကျင်ဘက်အနေနဲ့ 'ငါ့တရားလူကြိုက်များအောင် ငါ့ကို လူတွေအထင်ကြီးအောင်' ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ တရားဟော(တရားစာရေး) လုပ်တာမျိုးတော့ လုံးဝလုပ်ခွင့် မရှိပါဘူး။

မြတ်စွာဘုရားရှင် ကိုယ်တိုင်ကလည်း

"ဓမ္မေန နဝဏိ့စရေ= တရား ကုန်သွယ်ရေး အလုပ်ကို မလုပ်ရာ'လို့ ဣတိဝုတ် ပါဠိတော် သတ္တ

ဇင်္ဂိလ သုတ်မှာ တားမြစ်ထားတာက ရှိနေပါတယ်။

ကိုယ့်ကို လူတွေအထင်ကြီးလာဖို့ဆိုတဲ့ ရည်ရွယ်ချက်မျိုး မထားဘဲ လူအများနားလည်ဖို့ စိတ်ဝင်တစားလေးစားရှိသေလာစေဖို့အတွက်တော့ စွမ်းနိုင်သမျှ ကြိုးစားနိုင်လေ ကောင်းလေပါပဲ။

ဟုတ်ပါတယ်။ လောကနဲ့ ဓမ္မဆိုတာ ပဓာနထားပုံချင်း မတူညီတတ်ကြပါဘူး။ လောကထဲမှာက 'ကောင်းတာ'ကို ပဓာနထားတတ်ကြပါတယ်။ ဓမ္မနယ်ပယ်မှာတော့ 'မှန်တာ'ကို ပဓာနထားပါတယ်။ ဒါနဲ့ ပတ်သက်လို့ မထေရ်မြတ်တို့ဆွေးနွေးတဲ့ စကားဝိုင်းတစ်ခုကိုလည်း နာယူ မှတ်သားခဲ့ရဖူးပါတယ်။ ဒေးဒရဲ ကွင်းကျောင်းဆရာတော်ထမှာ နိကာယ်သင်တန်း တက်ခဲ့စဉ်တုန်းကပါ။

မင်္ဂလာရှစ်ပါးမှာပါတဲ့ 'သမ္မာ'ဆိုတဲ့ ဝိသေသနပုဒ်နဲ့ပတ်သက်လို့ ဘယ်လို အဓိပ္ပာယ်ဖွင့်ကြမလဲ။ 'မှန်သော'လား၊ 'ကောင်းသော'လားဆိုတာ ဆွေးနွေးပြောဆိုကြတာပါ။ ဆရာတော်တစ်ပါးက "သာသနာတော်မှာ 'မှန်သော'သာ အဓိက"လို့ မိန့်ကြားပါတယ်။ ဒါကတော့ ငြင်းစရာမလိုတဲ့ စကားအဖြစ် အားလုံးကလက်ခံကြပါတယ်။ ဒီနေရာမှာ တောင်တွင်းကြီး နတ်မိတောရဆရာတော်ကြီးနဲ့ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဆရာတော်အရှင်သေဋ္ဌိလတို့က တစ်ချက်ထောက်ပြတယ်။

တစ်ခါမှာတော့ မြတ်စွာဘုရားရှင်နောက်ပါ

သံဃာတော်များနဲ့အတူ သာဝတ္ထိပြည်ကို ဒေသစာရီ ကြွတော်မူတဲ့အခါ ဝိသာခါကျောင်းအမကြီးက နောက်နေ့အတွက် ဆွမ်းဒကာ ခံယူဖို့ လျှောက်ထားတော့ မြတ်စွာဘုရားရှင်က လက်ခံတော်မူတယ်။

နောက်နေ့ နံနက်ပိုင်းမှာ 'စာတုဒ္ဒီပိက မဟာမေဃ'လို့ခေါ်တဲ့ လေးကျွန်းလုံး တစ်ပြိုင်နက်ရွာတဲ့ မိုးကြီးရွာသွန်းတယ်။ ဒီမိုးမျိုးက ကြံ့တောင့်ကြံ့ခဲမိုးမျိုးလည်းဖြစ်၊ ဒါဟာ နောက်ဆုံးအကြိမ် ရွာတာလည်း ဖြစ်လို့ မြတ်စွာဘုရားက ရဟန်းတော်တွေကို မိုးရေချိုးခွင့်ပေးလိုက်တယ်။ မဇ္ဈိမဒေသမှာ ဂိလာနရဟန်းကလွဲရင် (၁၅)ရက်တစ်ကြိမ်ထက်စောပြီး ရဟန်းတော်များ ရေမချိုးရလို့ ပညတ်ထားတဲ့ ကန့်သတ်ကာလ ရှိနေတဲ့အတွက် ဒီအခွင့်အရေးဟာ အထူးခွင့်ပြုချက် ဖြစ်ပါလိမ့်မယ်။

အဲဒီအချိန်မှာ ရဟန်းတော်များအတွက် သင်္ကန်းကလည်း သုံးထည်သာခွင့်ပြုထားတာဖြစ်လို့ ရေသနုပ်သင်္ကန်း၊ မိုးရေခံသင်္ကန်းဆိုတာက မရှိသေးဘူး။ ဒါနဲ့ ရဟန်းတော်များက သင်္ကန်းမပါဘဲ ရေချိုးကြတော့တယ်။ ဘာမှ အစွဲဥပါဒါန်မရှိကြတဲ့ ရဟန္တာအရှင်မြတ်များအနေနဲ့တော့ ဒါဟာ ဘာမှ မမှားပါဘူး။ အမှန်ပါပဲ။ သဘာဝဟာ သဘာဝပါပဲ ဆိုသလိုပေါ့။

ဆွမ်းချိန်တန်လို့ ဝိသာခါကျောင်းအမကြီးက အိမ်စေမိန်းကလေးတစ်ဦးကို ကျောင်းသွားပြီး ဆွမ်းချိန်

တန်ပြီဆိုတာ လျှောက်ထားခိုင်းလိုက်တယ်။ မိန်းကလေးက ကျောင်းဝိုင်းထဲရောက်တော့ အရှင်မြတ်ကြီးများက အကာအကွယ်မဲ့ ရေသပ္ပာယ်နေကြတာ တွေ့လိုက်တော့ ဒီပုံစံမျိုးကတော့ အာဇီဝက တက္ကတွန်းတွေပဲဖြစ်မယ်ဆိုပြီး ဘာမှ မလျှောက်ထားခဲ့ဘဲ ဝိသာခါကျောင်းအမကြီးကို မြင်တွေ့ခဲ့ရပုံ ပြန်ပြောပြတယ်။ ဝိသာခါကတော့ သောတာပန်အရိယာဖြစ်လို့ သဘောပေါက်တယ်။ ဒါကြောင့် မထေရ်မြတ်တွေ သင်္ကန်းဝတ်ဆင်ပြီးလောက်ချိန်မှာ နောက်တစ်ခေါက် လျှောက်ထားခိုင်းတယ်။

ဆွမ်းကပ်ပြီးတဲ့အခါမှာတော့ ဝိသာခါက မြတ်စွာဘုရားရှင်ကို ရဟန်းတို့အတွက် ရေသနုပ် မိုးရေခံသင်္ကန်းကို ရာသက်ပန်လှူလိုတဲ့အတွက် ခွင့်ပြုပေးဖို့ လျှောက်ထားပါတယ်။ မြတ်စွာဘုရားရှင်ကလည်း ခွင့်ပြုပေးလိုက်ပါတယ်။ ဒီကိစ္စမှာ ဥပါဒါန်အစွဲကင်းပြီးတဲ့ ပုဂ္ဂိုလ်တွေရဲ့အမြင်မှာ ဘာမှ မထူးဘူး။ အမှန်ပဲလို့ ခံယူပေမယ့် လောကအမြင်အရ မကောင်းဘူး၊ အမြင်မတော်ဘူးလို့ပဲ ဆိုရမှာပေါ့။ ဒါကြောင့် ဝိသာခါကျောင်းအမကြီးက 'မှန်သော'အပေါ်မှာ 'ကောင်းသော' လေးပါထပ်ဖြည့်တဲ့အနေနဲ့ ဘုရားရှင်ကို ခွင့်ပန်ခဲ့တာပဲလို့ ထောက်ပြကြပါတယ်။

ဒေးဒရဲကွင်းကျောင်း ဆရာတော်ကလည်း လောကနဲ့ မကင်းသေးသမျှ လောကစည်းကိုလည်း

မဆန့်ကျင်အောင် 'ကောင်းမွန်မှန်ကန်သော'လို့ ဖြစ်သင့်ပါတယ်။ အဖေကို 'အဖေ'လို့ ခေါ်တာဟာလူ့ယဉ်ကျေးမှုအရ ကောင်းမွန်တဲ့စကားပဲ။ ဒါကို မှန်ကန်တာလိုရင်းပဲဆိုပြီး 'အမေ့လင်'လို့ ပြောဆိုသုံးစွဲခွင့် မရှိဘူး။ အမေဆိုတာလည်း ဒီအတိုင်းပဲလို့ မိန့်ကြားပါတယ်။

ဒါကြောင့် အမှန်ကို အကောင်းဆုံးဖြစ်အောင် လူတိုင်း လက်ခံချင်လာအောင်တော့ လုပ်ကြရမှာပါ။ လူကြိုက်ဖို့ သက်သက်အတွက် အမှန်ကိုတော့ မဖယ်ရှားသင့်ဘူးဆိုတဲ့အကြောင်း မိမိရဲ့မိတ်ဆွေ ဒကာများကို ရှင်းပြလိုက်ရပါတယ်။

မိတ်ဆွေများကတော့ 'ကျော်ချင်ရင် ပေါ်ပင်လိုက်ရတယ်'ဆိုတဲ့ သဘောမျိုးကိုပဲ ထပ်ပြောနေပါသေးတယ်။ လောကသားဆိုတော့လည်း လောကလိုပဲမြင်မှာပေါ့လေ။ သူတို့လည်း သူတို့မြင်သလောက်နဲ့ ကိုယ့်အပေါ် ကောင်းစေချင်တဲ့ စေတနာနဲ့ ပြောတာပဲဖြစ်မှာပါလို့ပဲ သဘောထားလိုက်ပါတယ်။ သူတို့စကားကို နားထောင်နေရင်းက ကြားဖူးတဲ့ ပုံပြင်တစ်ပုဒ်ကိုလည်း သွားပြီး သတိရလိုက်မိတယ်။

ဒေးဒရဲမှာနေတုန်းက တောင်တွင်းကြီး ဆရာတော် မိန့်ကြားတာပါပဲ။ အိန္ဒိယမှာ ပညာသင်သွားနေကြတဲ့ တပည့်များက စရိတ်ပြတ်လို့မှာတော့ ဆရာတော်မှာ ဘာမှပေးစရာမရှိဘူး။ ဒကာတွေကို ပြောရမှာကလည်း ပြောမထွက်ဘူး ဖြစ်နေတယ်။ နောက်ဆုံး

တော့ မပြောမဖြစ် ပြောရတော့မယ့် အခြေအနေရောက်လာတယ်။ ဒါနဲ့ ညပိုင်း တရားဟောတဲ့အခါမှာ ဆရာတော်ကြီးက 'အင်း ဒကာ၊ ဒကာမတွေက ပစ္စည်းလေးပါးနဲ့ ဖိတ်ထားတာပါပဲ။ ဒါပေမဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပြီး တစ်ခါမှတော့ မပြောဖူးခဲ့ဘူး။ အခု မဖြစ်မနေ ပြောရတော့မယ်ဆိုတော့' လို့ အစချီပြီးတော့မှ

အရင်က ရွာကြီးတစ်ရွာနားမှာ ရေကန်အကြီးကြီးတစ်ကန်ရှိတယ်။ နွေရာသီမှာ ရေတွေ တဖြည်းဖြည်းခန်းလာတော့ ငါးတွေက ရေရှိတဲ့အပိုင်းမှာ စုမိကြပြီး ပွက်နေကြသတဲ့။ ငါးတွေ ပွက်နေပြီဆိုတော့ လူတွေကလည်း သူ့ထက်ငါ မျှားကြတာပေါ့။ ငါးမျှားတယ်ဆိုတာကလည်း တီကောင်တို့၊ ဖားပေါင်တို့၊ ငါးကောင်သေးသေးလေးတို့ဆိုတဲ့ ငါးကြိုက်တတ်တဲ့ အစာလေးတွေ ချိတ်မှာတပ်ပြီး မျှားကြရတာကိုး။ အဲဒီမှာ လူတစ်ယောက်ကလည်း သူများတွေ ငါးမျှားတာ အားကျပြီး ငါးမျှားဖို့ ရောက်လာသတဲ့။

သူကတော့ ဆီးဖြူသီးလေးတွေကို ကြိုးနဲ့ချည်ပြီး ရေထဲကို ပစ်ချနေသတဲ့၊ ဘေးကမြင်တဲ့လူက 'ဟေ့လူ ဒါက ဘာလုပ်တာလဲ'ဆိုတော့ 'ငါးမျှားတာပါဗျာ'လို့ ပြန်ပြောသတဲ့။ 'ကိုယ့်လူရဲ့၊ ငါးမျှားတယ်ဆိုတာ ငါးကြိုက်တတ်တဲ့ အညှီလေးတစ်ခုခုပါရတယ်ဗျ။ ပြီးတော့ ငါးဟပ်တဲ့အခါ ချိတ်မိအောင် ချိတ်လည်း

အထဲက ထည့်ရသေးတယ်’လို့ အကြံပေးတဲ့အခါ အဲဒီလူက ‘သူများတွေ အဲသလို လုပ်နေတာတော့ မြင်ပါသဗျာ။ ဒါပေမဲ့ ကျုပ်က တီကောင်လည်း မကိုင်ရဲဘူးဗျ။ ဖားတို့ ငါးပေါက်စတို့လည်း ချိတ်နဲ့ မချိတ်ရဲဘူး။ တတ်နိုင်ဘူးဗျာ၊ ချိတ်ကို လန့်လို့ပဲဖြစ်ဖြစ်၊ အညှီတွေ မကြိုက်လို့ပဲဖြစ်ဖြစ် ခံတွင်းပျက်တဲ့ ငါးကလေး တစ်ကောင်တလေရှိရင် ဟပ်လိုဟပ်ငြားပေါ့’ လို့ ပြန်ပြောသတဲ့ ဆိုပြီးတော့မှ ဆရာတော်ကြီးက ပညာသင်သွားနေတဲ့ ကိုယ်တော်လေးတွေရဲ့ အခက်အခဲကို ပြောပြပါတယ်။

မိမိကလည်း မိတ်ဆွေများကို အဲဒီအကြောင်း ပြောပြပြီးတော့ ‘ကျုပ်လည်း ဆီးဖြူသီးနဲ့ပဲ ငါးမျှားပါရစေဗျာ’ လို့ ပြန်ပြောလိုက်ပါတယ်။

❑

# လိုက်ရှာတဲ့တာဝန်နဲ့
# ရောက်လာတဲ့တာဝန်

**"တာဝန်တွေကို ကိုယ်က လိုက်မရှာနဲ့၊ အရွယ်အားလျော်စွာ တာဝန်တွေက ကိုယ့်အပေါ် အလိုလိုရောက်လာလိမ့်မယ်။ အဲဒီအခါမှာ တာဝန်ကျေနိုင်ဖို့ အခုရောက်ဆဲ တာဝန်ကို အလေးထား ကြိုးစားကြပါ'**

**[အဘိဓဇမဟာရဋ္ဌဂုရု ပခုက္ကူမဟာဝိသုတာရာမ ဆရာတော် ဘဒ္ဒန္တသုန္ဒရ]**

ဒီနှစ် သီတင်းကျွတ်လဆန်း (၁၁)ရက် (၂၄-၁၀-၂၀၀၄)နေ့က တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဆန္ဒာဓိကရဲ့ သက်တော် (၉၀)ပြည့် နဝရတ်ရတု ဝိဇာတမင်္ဂလာဂုဏပူဇာပွဲပြုလုပ်တဲ့အခါ အနယ်နယ်အရပ်ရပ်မှာရှိကြတဲ့ ဆရာတော်ကြီးရဲ့ တပည့်ကြီးငယ်များ အတော်စုံစုံညီညီ ဆုံမိကြပါတယ်။

အကြိုနေ့ညနေမှာ အခုလို တပည့်ကြီးငယ်တို့ ဆုံမိကြတုန်း တပည့်ကြီးများထံမှ တပည့်ငယ်တို့က ဩဝါဒခံယူပွဲဆိုတဲ့ အစီအစဉ်တစ်ခုလုပ်ကြလို့ မထေရ်ကြီးအရွယ်ရောက်နေကြပြီဖြစ်တဲ့ တပည့်ကြီးများက ဩဝါဒ အသီးသီးပေးကြပါတယ်။ အဲဒီပွဲမှာ ဆရာတော်ကြီးရဲ့ တပည့်ကြီးလည်းဖြစ် ပခုက္ကူ မဟာဝိသုတာရာမတိုက်မှာလည်း ပညာဆည်းပူးခဲ့ပြီး အခုအခါဆရာတော်ကြီးရဲ့ ဇာတိဖြစ်တဲ့ သာစည် (ညောင်ရမ်း)က ချမ်းသာကြီးကျောင်းမှာ သီတင်းသုံးနေတဲ့ ဆရာတော်ဘဒ္ဒန္တ သဇ္ဈန အရှင်မြတ်က၊

တပည့်တော် ပခုက္ကူမဟာဝိသုတာရာမတိုက်မှာနေခဲ့စဉ်က ဆရာတော်သုန် (ဆရာတော် ဘဒ္ဒန္တ သုန္ဒရ) ပြောလေ့ရှိတဲ့ ဩဝါဒစကားကိုပဲ တစ်ဆင့်ပြန်ပြောပြချင်ပါတယ်။

'စာသင်သားတွေ စာသင်ရမယ့်အရွယ်မှာ ကိုယ်က တာဝန်တွေကို လိုက်မရှာကြနဲ့၊ ကြီးလာတဲ့အခါမှာ အရွယ်အားလျော်စွာ တာဝန်တွေက ကိုယ့်အပေါ်ရောက်လာလိမ့်မယ်။ အဲဒီအခါမှာ ကိုယ်က တာဝန်ကို ကျေကျေပွန်ပွန် ယူနိုင်အောင် အခုအချိန်မှာ ကိုယ့်အပေါ်ကျရောက်နေတဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြပါ။

စာသင်သားအရွယ်မှာ ပွဲလမ်းသဘင်သွားတာတို့၊ ဟိုဟိုဒီဒီ ခရီးများတာတို့၊ ဟိုစပ်စပ် ဒီစပ်စပ်

ဝါသနာပါတာတို့ဟာ ကိုယ်က တာဝန်တွေကို လိုက်ရှာနေတာပဲ။ ဘာပဲဖြစ်ဖြစ် ကိုယ်က ဆောင်ရွက်ရတာ မှန်သမျှဟာ တာဝန်တွေ ဖြစ်နေတာပဲ။ ပွဲလမ်းသဘင်ဆိုတာကလည်း ကိုယ်က သူရှိရာ သွားရတယ်ဆိုတဲ့ တာဝန်တစ်ခု ဖြစ်နေတာပဲ။ ဒီလို ကိုယ်က ကိုယ့်အပေါ် ကျရောက်လာတာ မဟုတ်တဲ့ တာဝန်တွေကို လိုက်ရှာနေတဲ့အတွက် ကိုယ့်အပေါ် တကယ်ကျရောက်နေတဲ့ ပရိယတ္တိတာဝန်ချို့တဲ့တယ်။ ဒီလိုချို့တဲ့တဲ့အတွက် ကြီးလာလို့ ကိုယ်က တစ်ရပ်တစ်ရွာမှာ ကျောင်းထိုင်ဘုန်းကြီးအဖြစ်နဲ့ ဒကာဒကာမတွေကို ဟောပြောဆုံးမဖို့၊ ကျောင်းသားကိုရင်တွေကို သင်ကြားဆုံးမဖို့ တာဝန်ကျရောက်လာတဲ့အခါမှာ သူများလို တာဝန်ကို ကျေကျေပွန်ပွန် အောင်အောင်မြင်မြင် မထမ်းဆောင်နိုင်တော့ဘူး။

အဲဒီထက်ပိုပြီး စာသင်တိုက်ကြီးတွေ ဘာတွေမှာ သင်ကြားပို့ချဖို့၊ ဆုံးမအုပ်ချုပ်ဖို့ ဆိုတဲ့ တာဝန်မျိုးကျတော့ ပိုပြီး အလှမ်းဝေးသွားတော့မှာပေါ့။ အခု ဘုန်းကြီးတို့ ကိုယ့်အပေါ်ကျရောက်လာတဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်တယ်ဆိုတာ သင်ကြားရမယ့် အရွယ်တုန်းက တခြားတာဝန် အပိုတွေ မရှာဘဲ ကိုယ်ကျတဲ့တာဝန်ကို ကိုယ်ကျေပွန်အောင် သင်ကြားထမ်းဆောင်ခဲ့လို့ပဲ။

တာဝန်ဆိုတာ ကိုယ်က အထူးလိုက်ရှာစရာ

မလိုဘူး။ အသက်အရွယ်ရလာတာနဲ့အမျှ တာဝန်တွေကလည်း ကိုယ့်အပေါ် ရောက်လာမှာ မလွဲဘူး။ သာသနာတော်မှာ အခြေခံဖြစ်တဲ့ ပရိယတ္တိသာသနာ မပြည့်စုံရင် ကြီးလာလို့ ကိုယ်တိုင် ပဋိပတ္တိတာဝန် ထမ်းဆောင်ရတဲ့အခါမှာ သံသယဝိစိကိစ္ဆာတွေ များနေတတ်တယ်။ အဲဒီကျတော့ ငယ်စဉ်က မသင်ကြားခဲ့မိတာ မှားလေခြင်းဆိုပြီး နောင်တရနေလို့ အပိုပဲ။ နောင်တမရအောင် ကြိုပြီးတထားရတယ်'လို့ မိန့်ကြားခဲ့ပါတယ်။

'အခုခေတ်မှာတော့ ပွဲလမ်းသဘင်တွင် မကတော့ဘူး။ ကာလပေါ်ကြည့်စရာ၊ ရှုစရာတွေက ပိုများလာကြပြီ၊ အဲဒါတွေဟာ အပိုတာဝန်တွေပဲ။ အဲဒီတာဝန်ပိုတွေကို ကိုယ်က လိုက်ရှာနေကြရင်တော့ တစ်ချိန်မှာ မလွဲမသွေ ကိုယ့်အပေါ် ကျရောက်လာမယ့် တာဝန်တွေ ကျေပွန်နိုင်ဖို့အတွက် ချို့တဲ့သွားလိမ့်မယ်' ဆိုတဲ့ အကြောင်းများကို မိန့်ကြားသွားပါတယ်။

ဆရာတော်ကြီးများရဲ့ ဩဝါဒကို ကြားနာရတဲ့ အခါ မေတ္တသုတ်မှာ ဘုရားရှင်မိန့်ကြားထားတဲ့ 'အပ္ပကိစ္စောစ'ဆိုတဲ့ စကားကို ပြေးပြီး သတိရလိုက်မိတယ်။

ဘယ်သူမဆို မိမိရည်မှန်းတဲ့အတိုင်း ပြီးမြောက်အောင်မြင်ဖို့အတွက် ကြိုတင်ပြည့်စုံရမယ့်အချက် (၁၅)ချက်ထဲမှာ 'အပကိစ္စ= အလုပ်ကိစ္စ မများရ'ဆိုတဲ့

အချက် ပါပါတယ်။ အလုပ်ကိစ္စ မများရဆိုတာ အလုပ်ကို များများမလုပ်ရလို့ ပြောတာ မဟုတ်ဘူး၊ ဟိုအလုပ် ဒီအလုပ်ဆိုတဲ့ အလုပ်အမျိုးအမည်တွေ အများကြီး လျှောက်မလုပ်ရဘူးလို့ ဆိုတာပါ။

စာသင်သားတစ်ယောက်အနေနဲ့ စာမေးပွဲတွေ အဆင့်မြင့်မြင့်နဲ့လည်း အောင်ချင်တယ်၊ နာမည်ကျော် စာချဆရာတော်ကြီးလည်း ဖြစ်ချင်တယ်၊ နိုင်ငံကျော် ဓမ္မကထိကကြီးလည်း ဖြစ်ချင်တယ်၊ ဒကာ ဒကာမတွေ ကြည်ညိုလေးစားတဲ့ ကမ္မဋ္ဌာန်းပြ ဆရာတော်ကြီးလည်း ဖြစ်ချင်တယ်၊ ဘာသာစကားတွေ အမျိုးမျိုးတတ်ပြီး ကမ္ဘာလှည့် သာသနာပြုပုဂ္ဂိုလ်ကြီးလည်း ဖြစ်လိုက်ချင် သေးတယ်ဆိုပြီး တစ်ပြိုင်နက် လျှောက်လုပ်နေရင် ဘာမှ ဖြစ်လာမှာ မဟုတ်တာ သေချာပါတယ်။ ဒီလို လုပ်နေတာမျိုးကို ကိစ္စများတယ်လို့ ဆိုလိုတာပါ။

ဘယ်သူမဆို 'ငယ်ကပညာ မသင်ပါ၊ ကြီးခါ ခက်မည်မှတ်'ဆိုတဲ့ ဆုံးမသံပေါက်ကလေးကို ကြားဖူး ရဖူးရှိကြပါလိမ့်မယ်။ ဒါနဲ့ ပတ်သက်လို့ မိမိတို့ ငယ်ဆရာ ပြောဖူးတဲ့ပုံပြင်တစ်ခုကိုလည်း စပ်မိတုန်း ပြောပြချင်ပါတယ်။

ဆရာက 'ငယ်ရွယ်တုန်း ပညာရှာချိန်မှာ ပညာ ကို ကြိုးစားကြကွ၊ ပညာမတတ်လို့ ဘာမှမသိဘူးဆိုရင် မသိသူကို မတတ်သူက လိမ်တာ ခံရတတ်တယ်။ ကြီးလာတော့မှာ "ငရွှေမွန် လေ့ခွန်မင်းဖြစ်သလို"

ဆိုတဲ့အတိုင်း ဖြစ်နေဦးမယ်’လို့ အစချီပြီး၊

အရင်က ရွာတစ်ရွာမှာ ငရွှေမွန်ဆိုတဲ့ လူတစ်ယောက်ရှိသတဲ့။ သူက ငယ်ငယ်ရွယ်ရွယ် ပညာသင်ချိန်မှာ ဘာမှဟုတ်တိပတ်တိ မသင်ခဲ့ဘူး။ မိဘတွေက ကျောင်းထားပေမယ့်လည်း ကျောင်းက အမြဲပြေးပြီး မှဆိုးနဲ့လိုက်၊ တံငါနဲ့ လိုက်ဆိုသလို တေပေနေခဲ့တယ်။

အသက်ကြီးလာတဲ့အချိန် ရောက်တဲ့အခါမှာတော့ သူ့နမကို ဘုရင်က တော်ကောက်တဲ့အတွက် ဘုရင့်ယောက်ဖ ဖြစ်လာသတဲ့။ ‘သူ့ကိုလည်း ရာထူးရာခံတစ်ခုခု ပေးသနာတော်မူပါ’လို့ တောင်းဆိုတဲ့အခါ သူ့အရည်အချင်းက နန်းတွင်းမှာ နေရာပေးလောက်အောင် ဘာမှမရှိတဲ့အတွက် သူ့ရွာဘေးက မြစ်ဆိပ်မှာ လှေခွန်ကောက်စားစေလို့ ပေးသနားလိုက်လို့ ‘လှေခွန်မင်း’ဆိုပြီး ဖြစ်လာတဲ့။

လှေခွန်မင်း ငရွှေမွန်နဲ့ တစ်ရွာတည်းသားတွေဖြစ်တဲ့ သောပွေနဲ့ သောငွေဆိုတဲ့ လူရှုပ်လူပွေနှစ်ယောက်တို့က ငရွှေမွန်အကြောင်း ကောင်းကောင်းသိထားကြတယ်။ ဒါနဲ့ တစ်နေ့မှာ သောပွေနဲ့ သောငွေတို့က အညာက ကုန်စည်တွေကို လှေကြီးတစ်စင်းနဲ့ သယ်လာကြတယ်။ ပြီးတော့ ပေရွက်တစ်ရွက်ပေါ်မှာလည်း စာလုံးလိုလို ဘာလိုလို ဟိုကြောင်ဒီခြစ်ရေးပြီး ပိတ်စကလေးနဲ့ သေသေချာချာ ပတ်လာကြသတဲ့။

ငရွှေမွန် အခွန်ကောက်စားတဲ့ လှေဆိပ်ရောက်

လို့ 'မောင်မင်းတို့ လှေခွန်ဆက်သစေ'လို့ ပြောတဲ့အခါ သောပွေက အသင့်ပါလာတဲ့ ပေရွက်ကို တရိုတသေ ကိုင်ပြီး 'ကျွန်တော်မျိုးတို့မှာလည်း ရွှေမြို့တော်က ချီးမြှင့်လိုက်တဲ့ စာချွန်တော်ပါပါတယ် ခင်ဗျာ'လို့ ပြောတဲ့အခါ ငရွှေမွန်က ခပ်တည်တည်နဲ့ 'ဆက်သစမ်း' လို့ အမိန့်ပေးတော့ ဆက်သလိုက်တာပေါ့။

ငရွှေမွန်ကလည်း ခပ်တည်တည်နဲ့ ပေရွက်ကို ဟိုကြည့်ဒီကြည့် ကြည့်ပြီး 'မောင်မင်းတို့စာက လက်ရေးသေးတော့ ငါ့မျက်စိမှုန်တဲ့အတွက် တယ်မရှင်းလှဘူး။ မောင်မင်းတို့ကိုယ်တိုင် ဖတ်ပြစမ်း'လို့ ပြန်ပြောသတဲ့။ အဲဒီတော့ သောပွေကလည်း သူကြားဖူးနားဝ ရှိနေတဲ့ ပါဠိစာတွေနဲ့ 'ဘောဒေဝပုတ္တ အသေဝနာစ ဗလာနံ ဝေရမဏီ'လို့ ဆိုလိုက်ပြီး ခဏရပ်နေလိုက်တယ်။ ငရွှေမွန်က 'မင်းတို့စာတွေက ပါဠိပါဠ်သားတွေ ခိုင်ခိုင်မာမာနဲ့ဆိုတော့ ရွှေမြို့တော်က စာဆိုတာတော့ သေချာပါပြီ။ အဓိပ္ပာယ်ကို ဆက်ပြီး လင်းစမ်းပါဦး'လို့ ပြောလိုက်တယ်။

သောပွေကလည်း'မှန်လှပါ အဓိပ္ပာယ်ရှင်း လောက်အောင် အတ္တယောဇနာကို လင်းရသည်ရှိသော်

ဘောဒေဝပုတ္တ= အို လှေခွန်တော်မင်း၊ ဗလာနံ=ယခုလှေ၌ ပါလာကြသော လှေသား လုလင်ပျိုနှစ်ဦးတို့အား၊ ယာအသေဝနာစ=အကြင် အခွန်ကောက် ကောက်ခြင်းမှ၊ ဝေရမဏီ=ရှောင်ကြဉ်

ပါလော့’လို့ ဖတ်ပြလိုက်တော့ ငွေမွန်က မေးစေ့ကို လက်နဲ့ပွတ်ရင်းက ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး ‘အိမ်း ကောင်းကပြီ ကောင်းကပြီ၊ မောင်မင်းတို့ အခွန်တော်လွတ်စေ’လို့ ပြန်ပြောလိုက်သတဲ့။

ဆရာတော်က ပုံပြင်ကို ပြောပြပြီး ‘အေးအဲဒါ ပဲကွ၊ ဘာမှမတတ် မသိရင် သူများလိမ်သမျှ ခံရ တတ်တယ်။ ဘယ်လောက် ဟန်ဆောင်ကောင်းကောင်း အလိမ်ကောင်းတဲ့လူနဲ့တွေ့ရင် ခံရတာပဲ’လို့ မိန့်ကြား ဆုံးမခဲ့ပါတယ်။

ရောက်လာတဲ့ တာဝန် ကောင်းကောင်း ကျေပွန် နိုင်ဖို့ တာဝန်ပိုတွေ လိုက်မရှာကြဘဲ ရောက်ဆဲတာဝန် ကို ကျေပွန်ကြပါစို့။

(ကျေးရှူးရှင်သိမ်တောင်ဆရာတော် ဘုရားကြီး ၏ နဝရတ်ရတု ဝိဇာတမင်္ဂလာ ပူဇော်ပွဲ အမှတ်တရ အာစရိယပရမ္မရတို့ကို ရိုသေစွာ ဦးခိုက်လျက်။)

❑

# ဘုရားရှင်အာဏာစက် တည်စေသော်

**'ကျောင်း'ဆိုတာ လောဘ၊ ဒေါသ စတဲ့ ကိလေသာတွေမဖြစ်အောင် ထိန်းကျောင်းတဲ့ နေရာဖြစ်လို့ 'ကျောင်း'လို့ ခေါ်တာကွဲ့၊ ခု လူတွေကတော့ ကျောင်း ရောက်ရင် လောဘ၊ ဒေါသတွေကို ထင်သလို လွှတ်ထားလို့ရတဲ့ 'ကိလေသာ ဘေးမဲ့တော'ကြီး များ အောက်မေ့နေကြသလား မသိဘူး။**

**[ကျည်းတောင်ကန် တိုက်သစ်ဆရာတော်ကြီး]**

ပျဉ်းမနားမြို့ မြောက်ဘက် ၁၀ မိုင်သာသာလောက်မှာရှိတဲ့ ကျည်တောင်ကန် တိုက်သစ်ကျောင်း ဆရာတော်ဘုရားကြီးဆိုတာ သက်တော် (၉၂)နှစ်၊ သိက္ခာတော် (၇၂)ဝါရှိပါပြီ။

ဘွဲ့တော်က ဘဒ္ဒန္တကုက္ကန္ဒာစာရလို့ မှည့်ထားပေမယ့် ရှေးခေတ်ဆရာတော်ကြီးများနဲ့ ရှေးလူကြီးများရဲ့ ထုံးစံအတိုင်း ငယ်နာမည်ကိုပဲ နှုတ်ကျိုးနေကြလို့ ဘုန်းကြီးသိန်း (ငယ်နာမည် ဦးအောင်သိန်း)လို့ပဲ

ခေါ်ကြပါတယ်။

သက်တော်ဝါတော်ကြီးရုံမျှမကဘူး၊ ဆရာတော်ရဲ့ သီလ၊ သမာဓိ၊ ပညာ၊ ဂုဏ်တို့ကြောင့်လည်း ပတ်ဝန်းကျင် ရဟန်းရှင်လူတို့ရဲ့ ကြည်ညိုလေးစားခြင်းကို ခံရပါတယ်။ ဝိနည်းကလည်း ဘာခိုရ်သလဲမမေးနဲ့၊ အခု သက်တော်ကြီးလာပြီဖြစ်လို့ ဆောင်းတွင်းသိပ်ပြီးအေးတဲ့အခါ အနွေးထည်ဆွယ်တာကို ညအိပ်ချိန်လောက်တော့ ဝတ်ပြီးကျိန်းတော်မူဖို့ ဆရာဝန်က အကြံပေးလျှောက်ထားတာတောင် 'တစ်သက်လုံး ဘုရားရှင်ခွင့်ပြုတဲ့ သင်္ကန်းသုံးထည်နဲ့ နေလာခဲ့တာ အခုအချိန်ကျမှတော့ မဖောက်ဖျက်ချင်တော့ပါဘူးကွာ။ မင်းတို့အင်္ကျီကြီး ဝတ်ထားတော့ကော အချိန်တန်ရင် ရောက်လာမယ့် သေခြင်းတရားကိုတော့ အန်မတုနိုင်ပါဘူးကွဲ့။ ဒီအတိုင်းပဲ ရှိပါစေ'ဆိုပြီး ငြင်းပယ်ခဲ့တယ်။ ဘာမှ အပိုဝယ်ပေးလို့ မရဘူး။

ဆရာတော်က ကရင်သွေးပါသူပီပီ စကားပြောရင်လည်း ရိုးရိုးနဲ့ရှင်းရှင်း ဘွင်းဘွင်းပြောလေ့ရှိတယ်။ ပရိယတ္တိလည်း အတော်ပြည့်စုံတဲ့အတွက် စကားပြောရာမှာ အာဂမယုတ္တိ၊ သဘာဝယုတ္တိနဲ့ ပြည့်ပြည့်စုံစုံ အတော်ရှိတယ်။ သက်တော်ကြီးပေမယ့် သတိလက်မလွတ်ဘူး။ မိမိတို့နဲ့တော့ ဆရာစဉ်ဆက်လည်း တော်စပ်တဲ့အတွက် ရောက်တဲ့အခါတိုင်း ဝင်ရောက်ဖူးမြော်ကန်တော့မြဲဖြစ်လို့ တရင်းတနှီးပြောဆို ဆုံးမ

လေ့ရှိပါတယ်။

အခုတစ်ခေါက် ရောက်တုန်း သွားရောက်ကန်တော့ရင်း စကားစပ်မိကြတော့ ခုခေတ်လူတွေက ဘုရားရှင် အာဏာစက်တွေကို အရင်ကလူတွေလို တယ်မယုံချင်ကြတော့ဘူးကွ။ ပရိတ်တွေ ဘာတွေ ဆိုတာလည်း အစဉ်အလာအတိုင်းသာ ရွတ်နေ၊ နာနေကြတာ တယ်ပြီး ယုံချင်ပုံ မရကြတော့ဘူး။ မကြာခင်ကတောင် ဟိုဘက်နားက ရွာတစ်ရွာမှာ မိုးခေါင်လို့ ငါးရံ့မင်း ပရိတ်ရွတ်ပွဲဆိုပြီး လုပ်ကြတယ်။ ပြီးတော့ အဲဒီရွာက ဒကာကြီးတစ်ယောက် ကျောင်းကိုရောက်လာပြီး 'ငါးရံ့မင်းပရိတ်လည်း ဘာမှ မစွမ်းနိုင်ပါဘူး ဘုရား၊ မိုးခေါင်လို့ ရွတ်ပေမယ့် မိုးက မရွာပါဘူး' ဆိုပြီး လျှောက်ထားတယ်။

'နေပါဦးကွဲ့၊ မင်းတို့လုပ်ပုံကိုင်ပုံလည်း ပြောပါဦး' ဆိုပြီး မေးကြည့်တော့ လား…လား ဘယ်အစွမ်းထက်နိုင်ပါ့မလဲကွဲ့။ အဲဒီ ငါးရံ့မင်း ပရိတ်ရွတ်ပွဲကို ရပ်ဝေးရပ်နီးက ရဟန်းသံဃာတွေလည်းပင့်၊ လူတွေလည်းဖိတ်ကြားပြီး စည်စည်ကားကား လုပ်ကြဆိုကိုး။ အဲဒီပွဲမှာ ဘာတွေကျွေးမွေးကြသလဲဆိုတော့ မိုးခေါင်ပြီး ရေတွေခန်းနေတဲ့ ကန်တွေထဲက ရေခန်းငါးတွေကို ဖမ်းယူပြီး ချက်ပြုတ်ကျွေးမွေး ဧည့်ခံကြသတဲ့လေကွာ။ ငါးရံ့မင်း ပရိတ်ဆိုတာ ငါးတွေကို မေတ္တာထားပြီး ရွတ်ရမှာ မဟုတ်လား။ သူတို့က ဘယ် ဒီလို မေတ္တာ

စိတ်ထားကြလို့လဲ မိုးတွေရွာရင် ကိုယ့်လယ် ကိုယ့်ယာတွေ စိုက်ပျိုးနိုင်ဖို့ဆိုတဲ့ လောဘစိတ်တွေ ရှေ့ထားပြီး ရေခန်းငါးတွေကိုကျတော့ တပျော်တပါး ဖမ်းစားကြသတဲ့။ ကိုယ်လုပ်တဲ့အလုပ်ဟာ မေတ္တာလွှမ်းနေသလား၊ လောဘ၊ ဒေါသတွေ လွှမ်းနေသလားဆိုတာတောင် မခွဲခြားနိုင်တော့ဘူး။ ပြီးတော့ ဘုရားအာဏာစက်တွေကို လာစွပ်စွဲကြတာ။

တို့ ဘုရားဟောထားတာ ရှိတယ်မဟုတ်လား။ ဓာတ်ချင်းတူမှ ဆုံစည်းတယ်ဆိုသလိုပေါ့။ မေတ္တာရဲ့အစွမ်းသက်ရောက်စေချင်ရင် ကိုယ့်မှာ မေတ္တာဓာတ်ခံလေးတော့ ရှိရမှာပေါ့ကွဲ့။ ဒါတွေက ကမ္မဇိဒ္ဓိလို့ခေါ်တာကွဲ့။ ကံတွေက သန့်စင်ကြီးမားမှ ကမ္မဇိဒ္ဓိကပြီးမြောက်နိုင်တာ။ တို့ငယ်ငယ်တုန်းကဆိုရင် ရှေးလူကြီးတွေဟာ 'မိုးရွာစေချင်လိုက်တာ'လို့ တောင့်တရင်ကိုရွာတော့တာပဲတဲ့။ ရိတ်ချိန်သိမ်းချိန်မှာ မိုးရွာလာပြန်ရင်လည်း မိုးမပြတ်ရင်တော့ ဒုက္ခပဲ။ 'မိုးကြီးရပ်သွားရင်ကောင်းမယ်'လို့ တောင့်တရင် ရပ်သွားတာပဲတဲ့။ သူတို့ သဒ္ဓါတရား သူတို့ကံတွေက စင်ကြယ်တော့ကမ္မဇိဒ္ဓိမြောက်တာပေါ့ကွဲ့။ မင်းတို့လည်း ကြားဖူးတယ်မဟုတ်လား။ 'ရှေးတုန်းက ပဒေသာပင် မြေကပေါက်ပြီး စားမကုန် သုံးမကုန်ဆိုတာလေ၊ နောက်တော့လူတွေရဲ့ လောဘတွေကြောင့် ပဒေသာပင်တွေ တုံးကုန်တယ်'ဆိုတာ။

ပဒေသာပင်ဆိုတာ ဘာပြောတယ်မှတ်လို့တုံး။ ပဒေသဆိုတာ အရပ်ဒေသကို ပြောတာပဲကွ။ သူ့ဒေသကိုယ့်ဒေသတွေမှာ မြေကနေ သဘာဝအရ ပေါက်လာတဲ့အပင်တွေပေါ့။ တခြားမပြောနဲ့၊ တို့ငယ်ငယ်ကဟောဟို ဖိုးဆောင်တောင်ပေါ် တက်သွားရင် တညင်းတို့၊ ဆီးဖြူဖန်ခါးတို့ဆိုတာလူတိုင်း ခူးယူလို့ မကုန်ဘူးကွ။ ခု ဘယ်ရှိတော့လို့တုံး။ ပဒေသာပင်တွေ တုံးကုန်ပြီလေ။ မတုံးခံနိုင်ရိုးလားကွဲ့၊ ခုလူတွေကလောဘကြီးရုံမကဘူး၊ အပျင်းကလည်းကြီးတယ်။ အလွယ်ကလည်းကြိုက်တယ်။ နောက်လူနောက်သားအတွက်ဆိုတာ ဘာမှ ငဲ့ကွက်မှုမရှိတော့ ဗြဟ္မစိုရ်တရားကလည်း ခန်းကုန်ကြပြီကွဲ့။ တောထဲသွားလို့ တညင်းပင်ပေါ်မှာ အသီးလေးငါးလုံးရှိရင် တက်မခူးကြတော့ဘူးဗျ။ အပင်ကို ခုတ်လှဲပြီး ယူကြတာ။ နောင်လာနောက်သား ဘယ်စားရတော့မလဲ။ တုံးပြီပေါ့ကွ၊ 'ကာလဝိပ္ပတ္တိ ဆိုတာဒါပဲ။ ကာလကြီးပျက်တာ မဟုတ်ဘူး၊ လူတွေက ပျက်တာ'။

ဆရာတော်ကြီးက သူ့စကားကို ခဏရပ်ပြီး တဟဲဟဲလည်း ရယ်လိုက်သေးတယ်။ ကစ်အောင့်လောက်ကြာတော့ မိမိက 'ဆရာတော် အခုလူတွေလည်း ကုသိုလ်ကောင်းမှုတွေတော့ အတော်လေးလုပ်နေတာတွေ့ရပါတယ်ဘုရား' လို့ စကားထောက်ပေးလိုက်တော့–

'အေး "ကုသိုလ်"ဆိုတာ "ကောင်းမှု"လို့ ရှေးလူကြီးတွေက ကင်ပွန်းတပ်ခဲ့တာ။ စိတ်ကောင်း စေတနာကောင်းနဲ့ အများကောင်းကျိုးကို ရှေးရှုပြီး လုပ်ရတဲ့ အမှုမျိုးဖြစ်လို့ ခေါ်ထားတာကွဲ့။ အခု လုပ်နေကြတာတွေက ဒီလိုမှ မဟုတ်ဘဲ။ မနှစ်က တို့ဆီမှာ အလှူကြီးတစ်ခုလုပ်တယ်။ စပြီး စီစဉ်ကြ ကတည်းက ဘယ်ကဆိုင်းငှားမယ်။ ဘယ်က အငြိမ့် ငှားမယ်။ ကျွေးရန်မွေးရန် ဝက်က ဘယ်လောက်၊ ကြက်က ဘယ်လောက်နဲ့ ဒါတွေ အဓိကထားတာ။ သာသနာ့အမွေခံဆိုတာက ရေစက်ချတဲ့ ဘုန်းကြီးက ချပေးလို့သာ လိုက်ဆိုနေကြတာ၊ ဘာမှမသိဘူး။ စိတ်လည်း မဝင်စားဘူး။ ဘယ်အလှူမှာ ဘာတွေ ကျွေးသတဲ့။ ဆိုင်းအငြိမ့်တွေက ဘယ်လောက် ကောင်း တယ်။ လူတွေ ဘယ်လောက်စည်တယ်ဆိုတဲ့ နံဘေးလူ မြင်ကောင်းကြားကောင်းအောင်ပဲ စိတ်ဝင်စားတာ။ လှူရန် တန်းရန်ဆိုတာတောင် သိပ်စိတ်ကူးထည့်တာ မဟုတ်ဘူး။ အလှူလုပ်တဲ့ လူပေါ်ပေမယ့် ဒါနပြုတဲ့ လူက ဘယ်နှဦး ရှိမယ်များ ထင်သလဲ၊ မရှိသလောက် ရှားတယ်ဗျ။

'ဒါန'ဆိုတာ အလှူခံပုဂ္ဂိုလ်တို့ရဲ့ ဂုဏ်ကို ပူဇော်လိုမှု၊ အကျိုးကို ဆောင်ရွက်ပေးလိုမှုဆိုတဲ့ စေတနာထားပြီး မိမိပိုင်တဲ့ပစ္စည်းကို လွတ်လွတ်စွန့် ကြဲခြင်းဖြစ်တယ်'လို့ စာထဲမှာ ဆိုသမို့လား။ ပူဇော်ဖို့၊

အကျိုးဆောင်ဖို့ဆိုတဲ့ စေတနာက ဘာမှမရှိဘူး။ ကြွားချင်ကြတာပဲရှိတယ်။ 'လွတ်လွတ်စွန့်ကြဲရမယ်' ဆိုတာကိုလည်း ဘာမှ သိကြမယ် မထင်ပါဘူးကွာ။ 'လွတ်တယ်'ဆိုတာ လောဘလွတ်၊ ဒေါသလွတ် စွန့်ကြဲရမှာ မဟုတ်လား။

ခုဟာက လှူတဲ့စေတနာကသာ ဘယ်လိုထားရမယ်လို့မသိတာ တောင်းပစ်လိုက်တာကတော့ စကြဝဠာမင်းကတောင် မော့ကြည့်ရလောက်အောင်ပဲကွ။ လောကမှာ သုံးလို့ရသမျှတွေ သူကချည်းအကုန်လုံး ရချင်နေတဲ့ သဘောမျိုးကြီး။ ဘယ်ဘက်က တစ်ဆုပ်ကြဲ ညာဘက်ကတစ်လှည်းဝင်ချင်သတဲ့။ ညောင်စေ့လောက်လှူပြီး ညောင်ပင်ကြီးလောက် ရချင်သတဲ့။ ကဲ မင်းပဲစဉ်းစားကြည့်လေကွာ။ မျိုးစေ့လေး ညောင်စေ့လောက်ကို ညောင်ပင်လောက် ကျောက်တုံးကြီးနဲ့ ဖိထားရင် ဘယ်လိုလုပ် အပင်ပေါက်နိုင်တော့မလဲ။ ဒီကြားထဲ သူတို့က ပြောလိုက်သေးတယ်။ 'အလှူလုပ်လိုက်တာလည်း ကုန်တာပဲအဖတ် တင်တယ်။ ဘာမှထူးမလာပါဘူး'တဲ့။ ဘာထူးမလဲ။ သူတို့ကိုယ်တိုင်က ထူးအောင် စေတနာမှ မထားဘဲ၊ မော်ချင်ကြွားချင်လို့ အကုန်ခံနေကြတာကိုး။

မနေ့ကတောင် ဥပုသ်နေ့မဟုတ်လား။ ဟိုရွာဒီရွာတွေက ကျောင်းလာပြီး ဥပုသ်စောင့်ကြတာတဲ့ မနည်းပါဘူး။ နေ့ခင်းရောက်တော့ အောက်ဇရပ်မှာ

အိပ်နေလိုက်ကြတာ တုံးလုံးပက်လက်၊ ညနေစောင်းကျ တော့ ကျွက်ကျွက်ကိုညံလို့ 'ဟ- အောက်ဇရပ်မှာ ဘာဖြစ်နေကြတာတုံး'လို့ မေးကြည့်တော့ ဥပုသ်သည် တွေ စကားပြောနေကြတာတဲ့လေကွာ။ သူတို့က ကျောင်းကိုလာကတည်းက 'ဒီနေ့ ငါဥပုသ်စောင့်မလို့ နော်၊ ညနေကျ ငါ့အတွက် ထည့်မချက်နဲ့'လို့ မှာပြီး လာကြတာ။ ဥပုသ်စောင့်တယ်ဆိုတာ ညနေစာ မစား ရတဲ့ အလုပ်ဆိုတာလောက်ပဲ သိတယ်။ ဒီထက် ပိုပြီး ဘာမှ မသိဘူး။

ကျောင်းဆိုတာ လောဘ၊ ဒေါသ စတဲ့ ကိလေ သာတွေ မဖြစ်အောင် ထိန်းကျောင်းတဲ့နေရာဖြစ်လို့ 'ကျောင်း'လို့ခေါ်တာကွဲ့။ ခုလူတွေကတော့ ကျောင်း ရောက်ရင် လောဘ၊ ဒေါသတွေကို ထင်သလိုလွှတ်ထား လို့ရတဲ့ 'ကိလေသာ ဘေးမဲ့တော'ကြီးများ အောက်မေ့ နေကြသလား မသိဘူး။ ရပ်ထဲရွာထဲမှာ မပြောရဲတဲ့ ကိစ္စတွေကိုတောင် ကျောင်းရောက်တော့ ဖောင်ဖောင် ဖောင်ဖောင်နဲ့ အာပေါင်အာရင်းကိုသန်လို့။ ဟိုက ဒီက လာကြတဲ့ လူပေါင်းကလည်း ဒီရောက်မှ ပိုဆုံမိ ကြတော့ ပြောစရာတွေကလည်း ပိုစုံကြတာကိုးကွ။

အဲဒီတော့ ခုန မင်းပြောတဲ့ 'ကုသိုလ်ကောင်း မှုတွေတော့ လုပ်ကြပါတယ်'ဆိုတဲ့ စကားကို ပြန်ပြီး စဉ်းစားကြည့်စမ်းပါ။ ဒါန ကုသိုလ်ဆိုတာ သူတစ်ပါး မှာမရှိသေးတဲ့ အကျိုးစီးပွားတွေ ရှိလာအောင် ဆောင်

ရှက်ပေးရတဲ့ အလုပ်ကို ခေါ်တယ်။ သီလကုသိုလ် ဆိုတာက သူတစ်ပါးရဲ့ ရှိပြီးသား အကျိုးစီးပွားကို မပျက်စီး မဆုံးရှုံးအောင် သူတစ်ပါးရဲ့ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု မဖြစ်အောင် စောင့်ရှောက်ထိန်းသိမ်းပေး တဲ့အလုပ်ကို ခေါ်တယ်။ ဒါမှ ကုသိုလ်ကောင်းမှုဖြစ် တာ။ ကုသိုလ်ဖြစ်မှ ကောင်းကျိုးရမှာ မဟုတ်လား။ ဒီကောင်းကျိုးကလည်း ပေးချိန်တန်မှပေးမယ် မဟုတ် လား။ ခုဟာက ကုသိုလ်ဖြစ်အောင်တော့ စေတနာ မထားချင်ကြဘူး။ ကောင်းကျိုးကိုကျတော့ ခုရေတွင်း တူး ခုရေကြည်သောက်၊ ချက်ချင်းကို ရပစ်လိုက်ချင်ကြ တာလေ။ ကံမျိုးစေ့ အောင်မြင်ချိန်လေးကိုတောင် မစောင့်ချင်ကြတော့ဘူးဗျ။ အဲဒီတော့ မရင့်ခင်က ထုတ်ယူထားတဲ့ မျိုးစေ့ ဘယ်လိုလုပ် အပင်ပေါက်နိုင် တော့မလဲ။ အဲဒါတွေပဲလေကွာ၊ မင်းတို့ ငယ်ရွယ်သူတွေ အထူး သတိထားကြရမှာ။ ကိုယ့်သာသနာ ပီပြင်ဖို့ ကိုယ့်တာဝန်ပဲ။ ဆရာတွေပေါ်တော့ ဒကာလည်းပေါ်၊ ဒကာတွေပေါ်တော့ ကံတွေလည်း မပီပြင်။ ကံမျိုးစေ့ မပီပြင်လို့ အကျိုးမထင်တော့ လူတွေ ကံနဲ့ကံရဲ့အကျိုး ပေါ်မှာ မထိမဲ့မြင် ပြုလာကြနဲ့၊ သာသနာဆုတ်ယုတ် တယ်ဆိုတာ ဒီလိုနည်းနဲ့ တဖြည်းဖြည်းအားလျော့ မှေးမှိန်ပြီး ကွယ်သွားတာမျိုးပဲ။

အလျှုတွေပေါပြီး ကုသိုလ်ပြုသူမရှိသလောက် ဖြစ်နေတာ၊

သီလယူသူတွေပေါပြီး သီလစောင့်ထိန်းသူ မရှိ သလောက် ဖြစ်နေတာဟာ တို့သာသနာအပေါ်မှာ အလေးအနက်ထားမှု လျော့နည်းလာတာပဲဆိုတာ သတိထားပြီး ပြုပြင်ကြရမှာ ဦးစီးဦးဆောင်ရမယ့် တာဝန်ရှိတဲ့ တို့သာသနာ့ဝန်ထမ်းတွေက အရာရာ စံနမူနာပြုနိုင်မှ တန်ကာကျမယ်ဗျာ…ဆိုပြီး ခဏ နားလိုက်ပါတယ်။

ဆရာတော်ကြီးကတော့ ပြောချင်နေတာတွေ ပြောလိုက်ရလို့ ကျေနပ်တဲ့ အမူအရာနဲ့ ပင်ပန်းဟန်မပြ ပေမယ့် နားဖို့အချိန်တော်ပြီထင်လို့ ခန်းနေဘုန်းကြီးဆီ ခဏဝင်လိုက်ဦးမယ် ဘုရားလို့ နှုတ်ဆက်ကန်တော့ပြီး ပြန်ခဲ့ကြပါတယ်။

အတူပါလာတဲ့ မန္တလေး မြတောင်က စာချ ဘုန်းကြီးလေးကတော့ 'ဝိသုဒ္ဓိမဂ်ကိုကြည့်ရင်၊ တောရင် ထွက် လူရင်ထွက်၊ ဒီနှစ်ခု တစ်ခုခုတော့ ထွက်ဖြစ် မယ်လို့ ပြောသံကြားဖူးတာ။ အခုလို ဆရာတော်ကြီး တွေ စကားကြားရတော့ ဝိသုဒ္ဓိမဂ် မကြည့်ပေမယ့် အဲသလို စိတ်မျိုးပေါ်လာတယ်။ မဖြစ်ဘူး။ ဒီက ရှေ့တော့ ကိုယ့်ဘာသာကိုယ် သတိထား ဆင်ခြင်ဦး မှ'လို့ မှတ်ချက်ချပါတယ်။

၁၃၆၆ ခု၊ နတ်တော်လဆန်း ၁ ရက်နေ့က သက်တော် (၉၂)နှစ်၊ သိက္ခာတော် (၇၂)ဝါ ရှိပြီဖြစ်တဲ့ ကျည်တောင်ကန်၊ တိုက်သစ်ကျောင်းဆရာတော်ကြီး

ဘဒ္ဒန္တကုဏ္ဍာစာရ (ဘုန်းကြီးသိန်း)ထံ ဖူးမြော်ကန်တော့ခဲ့စဉ် ဆရာတော်ကြီး မိန့်ကြားသမျှကို မှတ်တမ်းပြုတင်ပြလိုက်ပါတယ်။

သတိထား အသိပွားနိုင်ကြပါစေ။

ဒီမှတ်တမ်းစာနဲ့ ဆရာတော်ကြီးအား ပူဇော်ကန်တော့လိုက်ပါတယ်ဘုရား။

တပည့်ဝီရိယ

❑

## ကံဆိုးလို့ ဆင်းရဲသူ ရှိနိုင်ပါသလား

**ရဲသားများရယ်၊ နတ် ဗြဟ္မာ များရယ်၊ လူ့ပြည်မှာ လောသကတိဿလို ကံရဲ့ အထောက်အပံ့ကို ခံစားခွင့် မရသူများရယ် ကလွဲရင် ကျန်သတ္တဝါအားလုံးဟာ ကံနဲ့ လုံ့လ နှစ်မျိုးစုံကို မှီပြီး အသက်မွေးကြသူ တွေ ဖြစ်ပါတယ်။**

[အံ-၄-၂-၃၃၇-ဗိဏ္ဍာဋ္ဌ]

ဒီဆောင်းပါးရဲ့ ခေါင်းစီးကိုကြည့်လိုက်ရင် ‘ဒါများ မေးနေစရာလိုသေးလား၊ လောကမှာ ကံမကောင်း အကြောင်းမလှလို့ ဆင်းရဲနေကြသူတွေ ဒုနဲ့ဒေး’လို့ ပြောကြမယ့်သူတွေ နည်းလှမယ် မဟုတ်ပါဘူး။ ဒီအထဲမှာ ဗုဒ္ဓဘာသာ မန္တမနပ်တွေရဲ့ အရေအတွက်က အများဆုံးဖြစ်မယ်လို့တောင် ထင်ပါတယ်။

တချို့ကတော့လည်း ကိုယ့်ကိုယ်ကိုယ် မန္တမနပ်မှန်း မသိကြဘဲ အရင့်အမာကြီးတွေ အထင်နဲ့ သူတို့စကားကို အခိုင်အမာ ယုံကြည်နေကြသူတွေ

ရှိသလို တချို့ကတော့ မနူးမနပ်မှန်း သဘောပေါက်လာကြလို့ နူးနပ်အောင် သိလိုတဲ့အတွက် 'ချမ်းသာဆင်းရဲဆိုတာ ကံနဲ့သာ ပတ်သက်သလား၊ လုံ့လနဲ့ပဲပတ်သက်သလား။ ဒီနှစ်မျိုးမှာ ဘယ်အရာက အဓိကကျသလဲ' ဆိုတဲ့ မေးခွန်းကို မေးလာကြပါတယ်။

ဒါနဲ့ပတ်သက်လို့ အသိဉာဏ် နူးနူးနပ်နပ်နဲ့ ယုံမှားသံသယကင်းဖို့အတွက် အင်္ဂုတ္တိုရ် စတုက္ကနိပါတ် ဥဋ္ဌာနဖလသုတ်မှာ မြတ်စွာဘုရားခွဲခြားပြတော်မူတဲ့ အသက်မွေးမှု ပြုသူလေးမျိုးကို ပထမဆုံး သိထားသင့်ပါတယ်။ လေးမျိုးဆိုတာကတော့–

(၁) လုံ့လရဲ့ အကျိုးကိုသာ မှီပြီး ကံရဲ့အကျိုးကို မှီခွင့်မရဘဲ အသက်မွေးရသူ။

(၂) ကံရဲ့အကျိုးကိုသာ မှီပြီး လုံ့လကို မမှီဘဲ အသက်မွေးရသူ။

(၃) လုံ့လနဲ့ ကံနှစ်မျိုးလုံးကို မမှီဘဲ အသက်မွေးရသူ။

(၄) လုံ့လ၊ ကံနှစ်မျိုးလုံးကိုမှီပြီး အသက်မွေးရသူတို့ဖြစ်ပါတယ်။ (အံ–၁–၄၅၂)

(အဓိပ္ပာယ်ပြောတဲ့အခါ အကြွင်းကို ယူဖို့လွယ်ကူအောင် (၃)နဲ့ (၄)ကို ရှေ့နောက်နံပါတ်ပြောင်းထားပါတယ်။)

အဋ္ဌကထာဆရာတော်က နံပါတ် (၁) ပုဂ္ဂိုလ်မျိုးသာ ကံရဲ့အထောက်အပံ့ လုံးဝ ခံစားခွင့် မရနိုင်တဲ့

အတွက် တစ်နေကုန် ထကြွလုံ့လနဲ့သာ ပင်ပင်ပန်းပန်း ရှာဖွေပြီး မဖြစ်စလောက် မဝရေစာလေးနဲ့ မသေရုံ တစ်မည် အသက်မွေးရတဲ့ ပုဂ္ဂိုလ်မျိုးလို့ ဖွင့်ပြပါတယ်။ ဘယ်လိုပုဂ္ဂိုလ်ရယ်လို့တော့ သာဓကထုတ်မပြပါဘူး။

ပကိဏ္ဏကက ဝိသုဒ္ဓိနာကျမ်း ဒုတိယတွဲမှာ လုံးတော်ဆရာတော်ကြီးကတော့ အဲဒါ ရဟန္တာမထေရ်မြတ်ကြီးကို လှူမယ့်အာဟာရကို မဆွေရစိတ်နဲ့ ဖျက်ဆီးခဲ့မိတဲ့ အကုသိုလ်ကံကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရတဲ့ဘဝအထိ အာဟာရဝလင်အောင် မစားရရှာတဲ့ လောသကတိဿ (ကလျာဏမိတ္တတို့ရဲ့ ဂုဏ်ကျေးဇူးတို့ကို ချေဖျက်တတ်သူ တိဿ) ရဟန်းလို ပုဂ္ဂိုလ်မျိုးလို့ ထောက်ပြပါတယ်။

အရှင်လောသကတိဿအလောင်းဟာ ကဿပဘုရားရှင် လက်ထက်တုန်းက သာသနာ့ဘောင်မှာ ရဟန်းတရားကို သီလသိက္ခာ စင်စင်ကြယ်ကြယ်နဲ့ အားထုတ်ခဲ့တဲ့ အမျိုးကောင်းသား ရဟန်းကောင်းတစ်ပါးဖြစ်ခဲ့ပါတယ်။ တစ်နေ့သူ့ရဲ့ ဂေါစရဂါမ်ရွာကို ကြွလာတဲ့ ရဟန္တာမထေရ်မြတ်ကြီးကို သူရဲ့ ဒကာရင်းသူဌေးကြီးက ကြည်ညိုပြီး ကောင်းမွန်တဲ့ အာဟာရတွေ လှူဒါန်းတာကို တွေ့ရတော့ ရဟန္တာမထေရ်မြတ်မှန်း မသိဘဲ မနာလိုဝန်တိုဖြစ်ပြီး ဆွမ်းစားပင့်ရာကို မကြွနိုင်အောင် အချက်ပေးခေါင်းလောင်းကိုလည်း လက်သည်းဖျားလေးနဲ့သာ ခေါက်၊ အခန်းတံခါးကိုလည်း

အလားတူပဲပြုတယ်။ အာဂန္တု မထေရ်မြတ်ကြီးကတော့ ကျောင်းနေရဟန်းရဲ့ စိတ်ထားကို အဘိညာဉ်နဲ့သိတဲ့အတွက် အခန်းပြင် မထွက်ပါဘူး။

ဆွမ်းဒကာအိမ်ရောက်တော့ လောသကတိဿ အလောင်း ကျောင်းနေရဟန်းက 'အာဂန္တုဘုန်းကြီးက အစားကောင်းတွေစားရလို့ အိပ်လိုက်တာသိုးလို့၊ ခေါင်းလောင်းထိုးတာလည်း မကြား၊ အခန်းတံခါးခေါက်တာလည်း မနိုးနဲ့၊ မင်းတို့မို့ ဒီလိုဘုန်းကြီးမျိုး ကြည်ညိုတတ်ပလေ'လို့ လီဆယ်ပြောပြန်တယ်။ ဆွမ်းဒကာကတော့ 'ခရီးပန်းလို့ဖြစ်မှာပါဘုရား၊ နိုးရင် ဘုဉ်းပေးရအောင်' ဆိုပြီး မွန်မြတ်တဲ့ အာဟာရတွေကို လှူလိုက်ပါတယ်။ ဒကာက ဒီလိုအကြည်ညိုသန်လေ ကျောင်းဘုန်းကြီးရဲ့ မစ္ဆေရကလည်း ကြီးထွားလာလေဖြစ်ပြီး 'ဒီလောက်ကောင်းမွန်လှတဲ့ အာဟာရတွေ ဘုဉ်းပေးနေရရင် ဒီကိုယ်တော်ကြီး လည်ပင်းကြိုးနဲ့ ဆွဲထုတ်တောင် ဒီကျောင်းက ပြန်ကြွမှာ မဟုတ်ဘူး။ ဒီအစာတွေ ဖျက်ဆီးပစ်မယ်'ဆိုပြီး လမ်းမှာတွေ့တဲ့ မီးလောင်သစ်ပုံထဲ လောင်းထည့်ဖျက်ဆီးပစ်လိုက်တယ်။ ကျောင်းရောက်လို့ အာဂန္တုမထေရ်ကို မတွေ့ရတော့မှ 'ကေန္တုရဟန္တာမထေရ်မြတ်ကြီး ဖြစ်မယ်၊ ငါ့စိတ်ကို အဘိညာဉ်နဲ့ သိလို့ ပြန်ကြွသွားတာဖြစ်မယ်'လို့ တွေးမိပြီး နောင်တပူပန် ဖြစ်ရတော့တယ်။ တောင်းပန်ကန်တော့ဖို့လည်း ဘယ်လိုက်ရှာရမှန်း မသိတော့ဘူး။

ဒီ နောင်တ ပူပန်စိတ်နဲ့ပဲ မသေခင်မှာလည်း မစားနိုင်မသောက်နိုင်၊ လူပြိတ္တာလို ခံစားရင်း သေသွားပြီးတဲ့နောက်တော့ အပယ်ဒုဂ္ဂတိမှာ ကျင်လည်ခဲ့ရတယ်။ ဘီလူးဘဝပေါင်း ငါးရာဖြစ်ခဲ့ရတဲ့အထဲက တစ်ဘဝမှာ မီးဖွားတဲ့ ကိုယ်ဝန်သည်က စွန့်ပစ်တဲ့ သွေးအညစ်အကြေးတွေကို တစ်ကြိမ်ဝအောင် စားခဲ့ရဖူးတယ်။ ခွေးဖြစ်တဲ့ဘဝမှာ အစာမကြေတဲ့ ခရီးသွားတစ်ဦးရဲ့ အန်ဖတ်ကို တစ်ကြိမ်အဝစားခဲ့ရဖူးတယ်။ ကျန်တဲ့ ဘဝတွေ တစ်လျှောက်လုံး တစ်နေကုန် ရှာစားခဲ့ပေမယ့် ဝလင်အောင် မစားခဲ့ရပါဘူးတဲ့။

အစားအတွက် ကံကြီးထိုက်ခဲ့ပေမယ့် တရားအတွက် ပါရမီရင့်ခဲ့လို့ နောက်ဆုံးဘဝ အခု ဘုရားရှင်လက်ထက်မှာတော့ ပစ္ဆိမဘဝိကသား (မုချအာသဝေါကုန်ခန်းပြီး ပရိနိဗ္ဗာန် ပြုရမည့်ပုဂ္ဂိုလ်)အဖြစ်နဲ့ လူဖြစ်လာပါတယ်။ သူနဲ့ဆက်စပ်သမျှ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရလို့ မိဘများကပါ သည်းမခံနိုင်တော့ဘဲ အိမ်ကနှင်ထုတ်လိုက်၊ စွန့်ပစ်လိုက်တဲ့အတွက် ငယ်ငယ်ရွယ်ရွယ်နဲ့ လမ်းတကာ အိမ်တကာလှည့်ပြီး အိုးခွက်ဆေးရည်နဲ့အတူ စွန့်ပစ်တဲ့ ထမင်းတစ်လုံးစီကို ကြက်ကောက် ငှက်ကောက်လိုက်ကောက်စားနေရာက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးနဲ့ တွေ့တော့ ကရုဏာသက်ပြီး သာသနာ့ဘောင် သွတ်သွင်းပေးလိုက်တဲ့အခါ ပါရမီ ခါတ်ခံရှိသူပီပီ ရဟန္တာဖြစ်သွားပါတယ်။

ဒါပေမဲ့ ဝအောင် ဆွမ်းခံလို့တော့မရဘူး။ ဒကာဒကာမတွေက ဆွမ်းလောင်းမယ်လို့ ကြည့်လိုက်တိုင်း သူ့သပိတ်ထဲမှာ ဆွမ်းတွေပြည့်နေသယောင် ထင်မြင်လာကြလို့ စတိသဘောလောက်သာ လှူကြတဲ့အတွက် မဝရေစာနဲ့ အသက်ရှင်နေရာက ပရိနိဗ္ဗာန်ပြုရမယ့်နေ့ ရောက်တော့မှ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကိုယ်တိုင် လက်နဲ့ကိုင်ပြီး ပါးစပ်ထဲအရောက်တိုက်ကျွေးတဲ့ စတုမဓုကို ဝလင်အောင် တစ်နပ်စားခွင့် ရလိုက်တယ်။ ကဿပနဲ့ ဂေါတမဘုရားရှင် နှစ်ဆူတို့ရဲ့ ကြားကာလ တစ်လျှောက်လုံး အစာသုံးနပ်သာ ဝလင်အောင် စားခဲ့ရဖူးပါသတဲ့။

[ဒီနေရာမှာ အတွန့်တက်စရာ တစ်ခုရှိတာကတော့ 'သူ့ရဲ့ မစ္ဆေရကံကြောင့် သူနဲ့ဆက်စပ်သူတွေပါ ဒုဗ္ဘိက္ခန္တရ ကပ်ဆိုးဒဏ် ဘာကြောင့်ခံရသလဲ။ တစ်ယောက် ပြုတဲ့ကံကြောင့် တခြားသူတွေပါ ခံရတာလား'ဆိုတာပါပဲ။ တစ်ယောက်ပြုတဲ့ကံကြောင့် တခြားတစ်ယောက်ယောက် ခံရတာ မဟုတ်ပါဘူး။ အင်္ဂုတ္တိုရ်စတုက္က-ကမ္မပထဝဂ်မှာ ဟောတော်မူတဲ့ အတိုင်း ကောင်းကံ ဆိုးကံနှစ်မျိုးလုံးမှာ ဝေစုရထိုက်သူ လေးဦး ရှိပါတယ်။ 'ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ၊ လေးဦးစပ်၊ ရှုံးမြတ်ဝေခွဲယူ'ဆိုတာပါပဲ။ (အံ ၁-၅၇၆)

လောသကတိဿနဲ့ တစ်အိမ်တည်း တစ်ရွာ

တည်း စသည်ဖြင့် ဆက်စပ်မိကြသူများဟာ ခုလို ကံဝေစုဝင် ပုဂ္ဂိုလ်များအနေနဲ့ တူညီတဲ့ ပုဂ္ဂိုလ်များရင်လည်း ဖြစ်မယ်။ ဒါမှမဟုတ် 'သတ္တဝါတွေဟာ ဓာတ်တူရာပေါင်းဆုံမိကြမြဲ ဖြစ်တယ်။ ယုတ်ညံ့တဲ့ ဓာတ်ခံရှိသူချင်း၊ ကောင်းမြတ်တဲ့ ဓာတ်ခံရှိသူချင်း ပေါင်းဆုံမိကြရတယ်' ဆိုတဲ့အတိုင်း အလားတူ ကံမျိုး ကျူးလွန်ဖူးကြတဲ့ ကံတူ အကျိုးပေးများရင် ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အကျိုးတူ ခံစားကြရတာပါ။ ကောင်းကံကောင်းကျိုး အရာမှာလည်း အလားတူ မှတ်ယူရမှာ ဖြစ်ပါတယ်။ အမှာ]

နံပါတ် (၂)ကံရဲ့ အကျိုးသက်သက်နဲ့ အသက်မွေးရသူဆိုတာ စတုမဟာရာဇ်စတဲ့ နတ်ဗြဟ္မာများ ဖြစ်တယ်လို့ အဋ္ဌကထာမှာ ဖွင့်ပါတယ်။ ဗြဟ္မာများကတော့ အစားမလိုပါဘူး။ ဝတ်စရာ၊ နေစရာပါပဲ။ နတ်တွေကျတော့ လိုအပ်တဲ့ စားဝတ်နေရေးဆိုင်ရာ ပစ္စည်းဝတ္ထုမှန်သမျှ လုံ့လနဲ့ အားထုတ်စရာမလိုဘူး။ အတိတ်ကံရဲ့အကျိုး ကမ္မဇိဒ္ဓိအဖြစ် အရန်သင့် နေထိုင်သုံးစားကြရပါသတဲ့။

နတ်တွေဟာ ဒီလို ကံဟောင်းစား သက်သက်တွေဖြစ်ကြလို့လည်း လောကမှာ 'လူစွမ်းလူစ'လို့ ရှိပေမယ့် 'နတ်စွမ်းနတ်စ'ရယ်လို့ မရှိတာ ဖြစ်ပါလိမ့်မယ်။ သူတို့မှာလည်း အစွမ်းအစတွေရှိတာပဲ မဟုတ်လားလို့တော့ ပြောစရာပေါ့။ ဒါပေမဲ့ အဲဒီအစွမ်းအစ

တွေဟာ နတ်ပြည်ရောက်မှ အားထုတ်ပြီးဖြစ်ပေါ်လာတာတွေမဟုတ်ပါဘူး။ လူ့ပြည်မှာတုန်းက ပြုလုပ်ခဲ့တဲ့ ကံဟောင်းရဲ့ အကျိုးပေးများသာ ဖြစ်လို့ သူတို့မှာရှိသမျှ အစွမ်းအစတွေဟာလည်း 'လူစွမ်းလူစ'များလို့သာ ယူဆရပါလိမ့်မယ်။

နံပါတ် (၃)ကံနဲ့လုံ့လနှစ်မျိုးလုံးနဲ့ ကင်းလွတ်ပြီး အသက်မွေးနေရသူများကတော့ ငရဲသားသတ္တဝါများ ဖြစ်ပါသတဲ့။ ငရဲသားများဟာ ကျူးလွန်ခဲ့တဲ့ ကံအလျောက် ဘာမှ စားသောက်ရမှု မရှိဘဲ ဆင်းရဲသက်သက်ကိုသာ ခံစားရင်း အသက်ရှင်နေရသူတွေဖြစ်လို့ပါပဲ ။

နံပါတ် (၄) နတ်ဗြဟ္မာနဲ့ ငရဲသားများကလွဲရင် ရှင်ဘုရင် မှူးမတ်ကစလို့ ကျန်တဲ့သတ္တဝါမှန်သမျှ ကံအကျိုး လုံ့လအကျိုး နှစ်မျိုးလုံးကို မှီပြီးတော့ အသက်မွေးရတဲ့ သတ္တဝါတွေချည်း ဖြစ်ပါတယ်။ (အံ-ဋ္ဌ-၂-၃၃၇)

မြတ်စွာဘုရားရှင်ရဲ့ ဟောကြားတော်မူချက်နဲ့ အဋ္ဌကထာဆရာ ဖွင့်ပြချက်တို့ကို ခြုံငုံသုံးသပ်ကြည့်လိုက်ရင် လူ့ပြည်မှာ 'ကံဆိုးလို့ ဆင်းရဲသူ'ဆိုတာ လောသကတိဿတို့လို လောကချမ်းသာဆိုင်ရာ ကံကြီးထိုက်သူများသာရှိတယ်။ ကျန်လူများအနေနဲ့ ကံဆိုးမှု သက်သက်ကြောင့် ဆင်းရဲသူဆိုတာ မရှိနိုင်ဘူးလို့ အခိုင်အမာ ပြောနိုင်ပါတယ်။

လောသကတိဿလို ပုဂ္ဂိုလ်ဆိုတာလူဦးရေ အချိုးအစားနဲ့ တွက်ကြည့်ရင် ဘယ်လောက် ရှိမယ် ထင်သလဲ။ တစ်သောင်းတစ်ယောက်၊ တစ်သိန်းတစ်ယောက် အချိုးအစားလောက်တောင် ရှိချင်မှ ရှိလိမ့်မယ်။ ပိဋကတ်တော်မှာ ကုဋေနဲ့ချီတဲ့ လူဦးရေတွေ အကြောင်းပါ ပါတယ်။ တရားတစ်ပွဲအဆုံးမှာ ရှစ်သောင်းလေးထောင်လောက်ရှိတဲ့ သတ္တဝါတွေ အကျွတ်တရားရကြတယ်ဆိုတဲ့ အရေအတွက်နဲ့ ခန့်မှန်းကြည့်တာပါ။ အဲဒီအထဲမှာ ကံဆိုးလို့ ဆင်းရဲသူစစ်စစ် ဖြစ်နေရသူဆိုလို့ လောသကတိဿလောက်ပဲ ပါတာကို ကြည့်ရင် ကံဆိုးလို့ ဆင်းရဲသူဟာ တစ်သိန်းတစ်ယောက်နှုန်းလောက်တောင် ရှိလှမယ် မဟုတ်ဘူးလို့ ခန့်မှန်းမိပါတယ်။

ဟုတ်ပါတယ်။ လူ့ဘဝဆိုတာ ကာမာဝစရ ကုသိုလ်ကံအထောက်အပံ့ရှိသူများသာ ရောက်ခွင့်ရတဲ့ ကာမသုဂတိဘုံ ဘဝပါ။ ကာမာဝစရ ကုသိုလ်ကံတွေထဲမှာလည်း အပြုလွယ်ဆုံးနဲ့ အပြုအများဆုံးကံဟာ ဒါနကုသိုလ်ကံ ဖြစ်တယ်ဆိုတာ လက်ရှိ လူ့ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရင် သိသာပါတယ်။ ဒါကြောင့် လူတိုင်းမှာ ဒါနမျိုးစေ့အနည်းနဲ့ အများဆိုသလို ရှိကြတာချည်းပါပဲ။ မျိုးစေ့ဆိုတာ မစိုက်မပျိုးရင်၊ စိုက်ပျိုးပုံနည်းလမ်းမမှန်၊ ရာသီမမှန်၊ ဒေသမမှန်ရင် အပင်၊ အပွင့်၊ အသီး မဖြစ်ပေါ်နိုင်ပါဘူး။ ဒါကြောင့်လည်း

မဃဒေဝလင်္ကာ ဆရာတော်က–

**'ကံဟုမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာအရင်း (မျိုးစေ့သဘော)သာရှင့်၊**

**ဥစ္စာဘောဂ၊ ဖိဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဌာန်၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း'**လို့ စပ်ဆို သတိပေးခဲ့တာပါ။

'သက်ရှည်ကျန်းမာ ဥစ္စာပြည့်စုံ'ဆိုတဲ့ လောကီချမ်းသာများ ချို့တဲ့ရတာဟာ ကံဆိုးလို့မဟုတ်ဘူး၊ ဉာဏ်လုံ့လ ပယောဂတွေ ဆိုးနေညံ့နေကြလို့သာ ဖြစ်တယ်လို့ ဆိုလိုတဲ့ သဘောပါ။ ဉာဏ်လုံ့လ ပယောဂ ဆိုးတယ်ဆိုတာ 'အလုပ်မလုပ်ကြလို့' လို့ ပြောတာ မဟုတ်ပါဘူး။ 'အချက်အလက်၊ အချိန်အခါ၊ နေရာဒေသနဲ့ အရည်အချင်းတွေ ညံ့ဖျင်းနေကြလို့'လို့ ပြောလိုတာပါ။ 'ကံမရှိ ဉာဏ်ရှိတိုင်းမွဲ' ဆိုတဲ့ဉာဏ်မျိုး၊ အဲသလို ညံ့ဖျင်းတဲ့ ဉာဏ်မျိုးနဲ့ ဉာဏ်နီဉာဏ်နက် တစ်နပ်စား ဖြတ်လမ်း ဉာဏ်မျိုးသာ ဖြစ်ပါလိမ့်မယ်။

လူတိုင်းမှာ ကံမျိုးစေ့ပါပြီးရှိတယ်။ လုံ့လက အရည်အချင်း ပြည့်စုံခဲ့ရင် 'ကံမျိုးဉာဏ်ရှိတိုင်းတိုး' လို့ ဆိုနိုင်ပါလိမ့်မယ်။ လုံ့လရဲ့ အရည်အချင်းများနဲ့ ပတ်သက်လို့ 'အောင်ပွဲရောက်တဲ့ ခြေလှမ်းများ'အဖြစ် ဆက်လက်ရေးပါဦးမယ်။

မျိုးစေ့ကောင်းတိုင်း မြေကောင်း၊ မိုးကောင်း၊ လုပ်သားကောင်းများနဲ့ တွေ့စေသော်။

❑